


http://myanmarebooksfree.blogspot.com

# မာတိကာ


စကားလက်မှန် ............ ၄

ဖောက်သည်ကြီး ............ ၁၈

ကုံးပြန် ဂတုံးညာထက် ............ ၂၈

စာဥအော်ပရေရှင်း ............ ၄၀

ထောင်ဝင်စာ ............ ၅၂

ဆရာမင်းသိခ်နှင့် ထူးဆန်းသော လျှာအပိုနှစ်ချောင်း ............ ၆၂

အိမ်သာလို့ ညွှေလာတာလား ............ ၇၄

ကျွန်တော်နှင့် စာရွက်များ ............ ၈၄

ကျူရှင်ဆရာ ............ ၉၂

အိမ်ပြန်ချိန် ............ ၁၀၀

မိန်ရာသီ ............ ၁၀၈


ကျေးဇူးစကား ............ ၁၁၆

မြန်မာ စာအုပ်များ

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | နေမျိုးဆေး |
| အတွင်းဒီဇိုင်းနှင့်စာစီ | - | ကိုစိုးပိုင် |
| အုပ်ရေ | - | ၂၅၀၀ |
| တန်ဖိုး | - | |
| အကြိမ်ရေ | - | ပထမအကြိမ် |
| ပုံနှိပ်တိုက် | - | မာကျူရီပုံနှိပ်တိုက် |
| ထုတ်ဝေသူ | - | |
| ထုတ်ဝေသည့်ရက် | - | ၂၀၁၃၊ မတ်လ |


http://myanmarebooksfree.blogspot.com




http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

# စကားလက်မှန်

၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှာ ကျွန်တော် ထောင်က ပြန်လွတ်လာခဲ့သည်။ လူတော်တော်များများက ကျွန်တော်နှင့် မပတ်သက်လိုကြချေ။ သူတို့အိမ်တွေ သူတို့အလုပ်တွေကို ကျွန်တော် လာမှာစိုးသည်။ တစ်ဖက်မှာကျတော့ နိုင်ငံရေးအသိုင်းအဝိုင်းက လိုက်လိုက်လဲလဲကြိုဆိုကြသည်။ NLD ထဲဝင်ဖို့ လာခေါ်တော့ ကျွန်တော် တော်တော်စဉ်းစားရကျပ်သွားသည်။ ကျွန်တော်က အဖမ်းမခံရခင်ကတည်းက ပါတီထဲဝင်ဖို့ သဘောမတွေ့ခဲ့သူ ဖြစ်သည်။ အလံတစ်ခုခုအောက်မှာ ကျွန်တော် မနေလို။ လွတ်လပ်ချင်သည်။ ရယ်စရာကောင်းသည့် အဖြစ်အပျက်ကလေးတစ်ခု ပြောရဦးမည်။ ကျွန်တော် ထောင်ကလွတ်တော့ ယောက္ခမအိမ်မှာနေရသည်။ ကျွန်တော့် ယောက္ခမအိမ်နှင့် ဆရာဦးဝင်းခက်အိမ်က တစ်လမ်းတည်းခြားသည်။ ဆရာဦးဝင်းခက်က NLD ရုံးကအပြန် ကျွန်တော့်ဆီသို့ ရောက်ချလာ၏။ NLD အကြောင်း လုပ်ငန်းစဉ်တွေ ရှင်းပြသည်။ စကားတွေက ကောင်းနေတော့ပြောရင်း ညရှစ်နာရီကျော်သွား၏။ ထိုစဉ်မှာပင် ရုပ်မြင်သံကြားသတင်းက လာလေပြီ။ ညမထွက်ရအမိန့်ကြေညာထားချိန်ဆိုတော့ ရှစ်နာရီကျော်လျှင် အပြင်ထွက်ခွင့် မရှိတော့

မြန်မာ စာအုပ်များ



ချေ။ အဖမ်းခံရဖို့ သေချာသလောက်ပင်။ သို့ဖြင့် ဆရာဦးဝင်းခက်က ကျွန်တော့် ယောက္ခမကို မေးသည်။

ဆရာ ။ ။ ဒီရက်ပိုင်း စစ်ကားတွေ လာသေးလား။

ယောက္ခမ ။ ။ လာတာပေါ့ ဆက်တိုက်ပဲ။

ဆရာ ဦးဝင်းခက် ဇွေ့ခနဲထပြီး ဖိနပ်ကို ခါးကြားထဲထည့်ကာ နောက်ဖေးလမ်းကြားတစ်လျှောက် ပြေးလေတော့သည်။ ကျွန်တော် တားချိန်တောင် မရလိုက်။ ကျွန်တော့် ယောက္ခမလည်း ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်ကာ ကြည့်နေရှာ၏။ ဆရာကစစ်ကားတွေလာသေးလားဟုမေးတာ ကင်းလှည့်တဲ့ စစ်ကားတွေ ရပ်ကွက်ထဲ လာသေးသလားဟု မေးတာဖြစ်မှန်း ကျွန်တော် သိသည်။ သို့သော် ကျွန်တော် ထောင်ကလွတ်လာတာ ၅ ရက်ရှိပြီဖြစ်သော်လည်း လမ်းထဲသို့ တစ်ခါမျှ ကင်းလှည့်စစ်ကားဝင်လာတာ မတွေ့ရချေ။ ကျွန်တော့် ယောက္ခမအဘယ်ကြောင့် ထိုသို့ပြောမှန်း ကျွန်တော်မသိ။ သို့ဖြင့် မေးရတော့၏။

ကျွန်တော် ။ ။ အန်တီစိုး စစ်ကားတစ်ခါမှ လာတာမဟုတ်တဲ့ ဘာလို့လာတယ် ပြောလိုက်ရတာလဲ။

ယောက္ခမ ။ ။ လာတာပေါ့ သားရယ် ညတိုင်းလာတာ ကားအသစ်မလာတော့လို့ စစ်ကားအဟောင်းတွေတောင် ပြနေတာ။

သေရောပေါ့။ ကျွန်တော့် ယောက္ခမက ရုပ်မြင်သံကြားက ပြနေသည့် စစ်ကား (ရုပ်ရှင်ကား)ကို ပြောတာ။ ဆရာ ဦးဝင်းခက်က စစ်ကား (ကင်းလှည့်ကား) ကို မေးတာ။ နှစ်ယောက်လုံးမှန်နေသော်လည်း လမ်းကြိုလမ်းကြားမှာ မှောင်မှောင်မည်းမည်း ဒယိမ်းဒယိုင်ပြေးနေသော ဆရာ့ကို ကြည့်ရင်း ကျွန်တော်ရယ်ရအခက် ငိုရအခက်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



မထင်မှတ်သော ပြဿနာက ဆောင့်တက်လာသည်။ ဘားလမ်းရုံးခန်းရှေ့မှာ ဦးတင်စိုးက ဇာဂနာ၊ ဇင်ဝိုင်းနဲ့ ခွေးများ မဝင်ရဟု ဆိုင်းဘုတ်ထောင်ထားသတဲ့။ ကိုငွေးက ဒေါပွပြီးလာပြောသည်။ ဟုတ်မဟုတ် အရိုင်းတို့က သွားကြည့်တော့ ဟုတ်သည်။ ဖြစ်နိုင်တာကတော့ ကျွန်တော်တို့ ထောင်ထဲက အကြောင်းတွေကို အမှန်အတိုင်းပြောထားခဲ့သည်။ သူက ထောင်ထဲမှာ မစင်အိုးထဲခေါင်းစိုက်ခံရသည်၊ ခဲရည်တွေတိုက်သည် စသဖြင့် ပြောထားခဲ့တော့ ကျွန်တော်တို့ အင်တာဗျူးနှင့် တခြားစီဖြစ်နေလေတော့သည်။ ဒါကို သူပေါက်ကွဲတာဖြစ်မည်။ မတတ်နိုင် ကျွန်တော် မဟုတ်တာကို လုပ်ကြံမပြောနိုင်။ ညနေကျတော့ သီဟတင်စိုးတို့ ညီအစ်ကိုတွေ ရောက်လာပြီး သူတို့အဖေ ရေးထားသည့် စာဖြုတ်လိုက်ပြီဖြစ်ကြောင်းနှင့် တောင်းပန်စကားဆိုသည်။ ကျွန်တော်ထင်သည့်အတိုင်းပင် ရှက်သွားတာဖြစ်၏။ သင်ခန်းစာကတော့ ရလိုက်သည်။ နိုင်ငံရေးမှာ လက်ဦးတဲ့သူ၊ အရင်အော်တဲ့သူအမှန်ဖြစ်တတ်၏။ လုပ်ကြံဇာတ်ကွက် သည်လည်းဗျူဟာ ဖြစ်နေတတ်သည်။ ကျွန်တော်ကတော့ ဘယ်တော့မှ မဟုတ်တာ မပြောဖို့ကိုသာ သံဓိဋ္ဌာန်မြဲမြဲမြန်မြန် ချလိုက်ရတော့၏။

× × ×

သည်နောက်ပိုင်း ကျွန်တော်တို့ ပွဲကဖို့ကို ပြင်ဆင်ခဲ့ကြသည်။ ရုပ်ရှင်လုပ်ငန်းတွေက မကောင်းတော့ ရုပ်ရှင်သမားတွေ ပြဇာတ်ကနေကြ၏။ ကျွန်တော်နှင့် ကိုငွေး (ဇင်ဝိုင်း)တို့က မိုးဝင်းအဖွဲ့နှင့် ပေါင်းပြီး ပွဲကဖို့စီစဉ်လိုက်သည်။ တပ်ကုန်းနှင့်ပျဉ်းမနားမှာ။ ပြီးလျှင် ကျွန်တော်တို့ ပခုက္ကူဆက်တက်ပြီး ဘီအီးဒီအောင်သိုက်နှင့် တွဲကမည်။ ကြုံကြုံ



http://myanmarebooksfree.blogspot.com

ဖန်ဖန်နှေ့ခင်းကြီး အငြိမ့်ကရမှာဖြစ်သည်။ ညမထွက်ရ အမိန့်ရှိနေတော့ ဘုရားပွဲလည်း နေ့ခင်းဖြစ်သွားရှာတော့၏။ တပ်ကုန်းမှာ ကျွန်တော် တို့ကတော့ ပရိသတ်က အားအလွှန်ပေးသည်။ ကြောက်ခမန်းလိလိ ပင်။ နောက်တစ်ည ဆက်တိုးကပါဆိုသော်လည်း ကျွန်တော်တို့က မနိုင်။ သို့ဖြင့် ပျဉ်းမနားရွှေ့ရသည်။ ရုံကွဲတာ ဒီမှာမှ အစစ်ဟုဆိုရ တော့မည်။ လေးဘက်လေးတန် ဘာအကာအရံမှ မရှိတော့။ သို့သော် ရဲတွေက ဝိုင်းထားသည်။ ရဲတွေကို ဘုန်းကြီးတွေက ဝိုင်း ထားသည်။ ဘုန်းဘုန်းတွေကို စစ်တပ်က ထပ်ဝိုင်းလိုက်ပြန်သည်။ ကျွန်တော့် တစ်သက်တာ ဒီလိုမြင်ကွင်းမျိုး တစ်ခါမှ မမြင်ဖူး။ စစ်တပ်က လော်စပီကာနှင့် ပွဲကတာ ချက်ချင်းရပ်ဖို့ အော်သည်။ ပရိသတ်ကို ကျွန်တော်တို့က မေးရသည်။ ရပ်ရမလားပေါ့။ ပရိသတ် က ဆက်ကခိုင်းသည်။ သည်တော့ ကျွန်တော်တို့က ရတာပေါ့။ ဒါပေမဲ့ စစ်တပ်က သည်းညည်းမခံတော့။ ဇာတ်စင်ပေါ်အထိ သေနတ်နှင့်တက်လာသည်။ ချက်ချင်းပွဲကတာ ရပ်ရန် အရေး ပေါ်အမိန့်ကို ကြေညာသည်။ တစ်ဆက်တည်း ကျွန်တော်တို့အား လုံးကို မြို့ထဲမှ နာရီဝက်အတွင်းထွက်ရန် အမိန့်ကြေညာသည်။ ပရိသတ်နှင့် စစ်တပ်ထိပ်တိုက်တိုးတော့မည့် အခြေအနေထဲကနေ ကျွန်တော်တို့ ရှန်းထွက်ခဲ့သည်။ ပရိသတ်ကိုတောင်းပန်ပြီး ကျွန်တော် တို့ ပျဉ်းမနားမြို့မှ ထွက်ခွာခဲ့ရသည်။ ထူးတော့ထူးသား။ ကျွန်တော် တို့ လမ်းလျှောက်ရာ ဝဲယာနှစ်ဖက်မှာ စစ်သားတွေက ပခုံးချင်းတိုက် ပြီးကာထားသည်။ ကျွန်တော်တို့ လျှောက်လှမ်းရာ လမ်းအဆုံးမှာ တော့ တွဲနှစ်တွဲသာပါသော ရထားတစ်စင်းအဆင်သင့် စောင့်နေသည်။ ကျွန်တော်တို့တစ်ဖွဲ့လုံးကို မြို့မှနှင်ထုတ်ဖို့အတွက် အတော်စီစဉ်ထား

မြန်မာ စာအုပ်များ



ကြပေတာကိုးဟု မချီးမွမ်းဘဲကို မနေနိုင်ပါချေ။

သို့ဖြင့် စက်ခေါင်းတစ်တွဲ လူစီးတွဲတစ်တွဲ ဂတ်ဗိုလ်တွဲတစ်တွဲသာပါသော အထူးရထားကြီး ပျဉ်းမနားမြို့မှ ကျောက်ပန်းတောင်းမြို့သို့ ထွက်ခွာလာခဲ့ချေပြီ။ ကျွန်တော်တို့ကိုပွဲသွင်းသော ဟသာ်ာတသားကို ဖေသိန်းကတော့ ညောင်ဦးက သူအစ်မအိမ်မှာ တစ်ညနားစေပြီး နောက်တစ်နေ့မှ ပခုက္ကူသို့ ခရီးဆက်ရန်စီစဉ်လေသည်။ ရန်ကုန်မှလာသော သတင်းကမကောင်း။ ကျွန်တော်တို့ကို ဖမ်းဖို့အထိ ပြင်ဆင်နေသည်တဲ့။ ပျဉ်းမနားမှာ လူထုအုံကြွအောင်လုပ်သည်ဆိုပြီး ပျဉ်းမနားမဝတ (မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့)က ရန်ကုန်သို့ တိုင်သည်။ ကျွန်တော်တို့၏ ပြက်လုံးများက အစိုးရကို တိုက်ရိုက်ထိခိုက်စော်ကားသည်ဟုဆိုကာ ဗီဒီယိုအခွေပါပေးပို့ထားသည်ဆို၏။ ကျွန်တော်တို့က ဘာမှမဖြစ်သော်လည်း ကိုဖေသိန်းကတော့ မျက်စိမျက်နှာပျက်နေပြီ။ ပခုက္ကူမှာအစိုးရကို ထိခိုက်စေမည့်ပြက်လုံးများ မပြက်ဖို့ ခဏခဏလာပြောသည်။ ကျွန်တော်ကလည်း အင်းပါအင်းပါဟု လွယ်လွယ်ကတိပေးလိုက်တော့၏။ ပြီးမှကိုယ်ပြော ချင်တာပြောမှာ မဟုတ်လား။ သို့သော် ကျွန်တော်တို့ နှစ်ယောက်လုံးဆုတောင်းမပြည့်ခဲ့။ ပခုက္ကူမြို့ထဲသို့ ဝင်ခွင့်တောင်မရခဲ့။ သဘော်ာဆိပ်မှာ အဆင်သင့်စောင့်နေသော ဗိုလ်မှူးကြီးတစ်ဦးက မြို့ထဲသို့ ဝင်ခွင့်မပေးနိုင် ကြောင်း အရန်သင့် စီစဉ်ထားသည့် မော်တော်ပေါ်တက်ကာ လာလမ်းအတိုင်း ပြန်ဖို့ ချော့ချော့မော့မော့ သေနတ်ပြပြီး ပြန်နိုင်းလေတော့သည်။ ကျွန်တော်ကလည်း လူမရောက်ဘူးပေမယ့် ဖိနပ်တော့ ရောက်ပူးအောင် ပို့ပေးပါဟု ဈေးဆစ်လိုက်ရ၏။ ခများသနားစရာ။ ကျွန်တော့်ဖိနပ်ကို ယူပြီး ကမ်းပေါ်သွားတင်ပေးရရှာလေသည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ထိုခရီးမှအပြန် ထောက်လှမ်းရေး ၆ တပ်မှာ ကျွန်တော် တစ်ရက်နေလိုက်ရသည်။ ထုံးစံအတိုင်း စစ်ကြောရေးလုပ် တစ်ည အိပ်ခိုင်းပြီးမှ အိမ်ပြန်လွှတ်လိုက်သည်။ ပွဲကပြခွင့်ကိုတော့ ပိတ်လိုက် လေတော့၏။

သို့သော် တပ်မတော်စစ်ဆေးရုံအတွက် ရံပုံငွေပွဲကပြရန် ဗိုလ်မှူးစန်းပွင့်က ပြောသည်။ ကျွန်တော်သာကမည်ဆိုလျှင် သူစီစဉ် ပေးမည်ဟုလည်း ဆိုသည်။ အားလုံးအဆင်ပြေသွားမည်ဟု ပြောသေး သည်။ ကျွန်တော် လက်မခံခဲ့ပါ။ ကမ်းလှမ်းမှုအတွက် ကျေးဇူးတင် ပါသည်။ သို့သော် မကချင်ပါဘူးဟု ပြောပြီး ပြန်ခဲ့တော့သည်။

× × ×

ဝမ်းရေးက ရှိသေးသည်။ ကျွန်တော့်မိသားစုမှာ ပုံမှန်ဝင် ငွေမရှိ။ ယောက္ခမအိမ်ကပ်နေရတာဖြစ်သည်။ ကျွန်တော့် မိန်းမက အလှပြင်ဆိုင်ဖွင့်ချင်သည်။ အရမ်းအနီးမရှိ။ သို့ဖြင့် သူက မြန်မာ့ ရုပ်မြင်သံကြားမှာ မိတ်ကပ်အလှပြင်အတွက် အင်တာဗျူးဝင်ဖြေ၏။ သူ့မှာ အရည်အချင်းရှိသော်လည်း ဇာဂနာ၏ မိန်းမဖြစ်ခြင်းကြောင့် အလုပ်မရခဲ့။ သည်တော့ ဗီဒီယိုဇာတ်လမ်းရိုက်ဖို့ ပြင်ဆင်ရသည်။ ဗီဒီယိုဇာတ်လမ်းတွေက ခေတ်မစားသေး။ သည်တော့ တစ်ဇာတ် ကားလုံးကိုမှ မြန်မာငွေသုံးသောင်းနှင့် လက်ခံရိုက်ကူးရ၏။ အရုဏ် ဦးထုတ်လုပ်ရေးက 'ကျွန်တော်၏ လက်လွှတ်မခံနိုင်ဘူး' ဇာတ်ကား အတွက် ပုတ်ပြတ်ငွေပေးစနစ်နှင့် အလုပ်အပ်သည်။ သည်ဇာတ်ကား ဈေးကွက်ထဲမှာ စွံသွားတော့ တစ်ကားပြီးတစ်ကား ဆက်တိုက်လာအပ် ကြ၏။ 'သနားတယ်'ဟု လူသိများကျော်ကြားသွားသည့် ဇာဂနာ/၇၉



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကား အကြီးအကျယ်အောင်မြင် သွားသည်။ ဆိုင်ပေါ်ရောက်နေသည့် အခွေကို ရဲက လိုက်သိမ်းသည်အထိ နာမည်ကျော်လှ၏။ ဒီနောက်မှာတော့ 'သတိထား၊ တရားခံ၊ တစ်နှစ်ထဲဆို သည်းခံမယ်၊ သူတို့ လိမ်နေကြသည်' စသည့် ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးဖြစ်ခဲ့သည်။ သို့သော် ဆင်ဆာမှာ တစ်နေသည်ချည်းသာ။ ဆင်ဆာအတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်လတ်၏ ရုံးကို မကြာခဏ ရောက်ရသည်။ ကျွန်တော် ဇာတ်ကားကို အမြီးဖြတ် ခေါင်းဖြတ် အူဆွဲထုတ်လုပ်လွန်းသဖြင့် ကျွန်တော်နှင့် ပြဿနာထိပ်တိုက်တိုးနေတော့၏။

ကံကုသိုလ်က အလှည့်အပြောင်းဖြစ်လာတော့ ပွဲကဖို့ အခွင့်အရေးပေါ်လာပြန်သည်။ သို့သော် ကျွန်တော်တို့ နာမည်နှင့်မဟုတ်။ အခြားအဖွဲ့တစ်ခုခုနှင့် တွဲမှရမည်ဟုဆိုသည်။ တကယ်ကတော့ ချည်ထားခြင်းပင်။ ကျွန်တော်တို့က အစိုးရကို ထိထိခိုက်ခိုက်ပြောလျှင် ထိုအဖွဲ့ပါရောပြီး အရေးယူခံရပေမည်။ တစ်ခါ ထိုအဖွဲ့သည် သဘင်အစည်းအရုံးဝင် အဖွဲ့အစည်းဖြစ်ရပေဦးမည်။ ကျွန်တော်တို့ 'မြပုဏ္ဏမာ'က သဘင်အစည်းအရုံးမဝင်။ ကျွန်တော်တို့က ပွဲကချင်တော့ ကိုယ်နှင့်တွဲရမည့်အဖွဲ့ကိုရှာသည်။ ဒို့တင်ငွေအဖွဲ့နှင့် မော်ဘီမှ နေဝန်းနီအဖွဲ့တို့ကိုရ၏။ သူတို့ကလည်း လိုလိုချင်ချင်။ သူတို့ အဖွဲ့တွေကလည်း ပွဲကြဲနေသဖြင့် ကျွန်တော်တို့နှင့်တွဲလျှင် အဆင်ပြေမည်ကိုသိသည်။ သို့သော် ကျွန်တော်တို့ပါလျှင် နေရာတိုင်းမှာ ပွဲမိန့်မရ။ ရန်ကုန်တိုင်းနေရာအချို့နှင့် ပဲခူးတိုင်းနေရာအချို့မှာပဲ ပွဲမိန့်ရသည်။ သည်တော့ ရသည့်နေရာမှာ က,ရုံသာ။

သို့ဖြင့် သံလျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ သနပ်ပင်၊ ပဲခူးတို့မှာ ဆက်တိုက်က,ခွင့်ရသည်။ ပဲခူးပွဲအပြီးမှာတော့ ပွဲကပြခွင့်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကား အကြီးအကျယ်အောင်မြင် သွားသည်။ ဆိုင်ပေါ်ရောက်နေသည့် အခွေကို ရဲက လိုက်သိမ်းသည်အထိ နာမည်ကျော်လှ၏။ ဒီနောက်မှာတော့ 'သတိထား၊ တရားခံ၊ တစ်နှစ်ထဲဆို သည်းခံမယ်၊ သူတို့ လိမ်နေကြသည်' စသည့် ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးဖြစ်ခဲ့သည်။ သို့သော် ဆင်ဆာမှာ တစ်နေသည်ချည်းသာ။ ဆင်ဆာအတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်လတ်၏ ရုံးကို မကြာခဏ ရောက်ရသည်။ ကျွန်တော် ဇာတ်ကားကို အမြီးဖြတ် ခေါင်းဖြတ် အရူးဆွဲထုတ်လုပ်လွန်းသဖြင့် ကျွန်တော်နှင့် ပြဿနာထိပ်တိုက်တိုးနေတော့၏။

ကံကုသိုလ်က အလှည့်အပြောင်းဖြစ်လာတော့ ပွဲကဖို့ အခွင့်အရေးပေါ်လာပြန်သည်။ သို့သော် ကျွန်တော်တို့ နာမည်နှင့်မဟုတ်။ အခြားအဖွဲ့တစ်ခုခုနှင့် တွဲမှရမည်ဟုဆိုသည်။ တကယ်ကတော့ ချည်ထားခြင်းပင်။ ကျွန်တော်တို့က အစိုးရကို ထိထိခိုက်ခိုက်ပြောလျှင် ထိုအဖွဲ့ပါရောပြီး အရေးယူခံရပေမည်။ တစ်ခါ ထိုအဖွဲ့သည် သဘင်အစည်းအရုံးဝင် အဖွဲ့အစည်းဖြစ်ရပေဦးမည်။ ကျွန်တော်တို့ 'မြပုဏ္ဏမာ'က သဘင်အစည်းအရုံးမဝင်။ ကျွန်တော်တို့က ပွဲကချင်တော့ ကိုယ်နှင့်တွဲရမည့်အဖွဲ့ကိုရှာသည်။ ဒို့တင်ဒွေးအဖွဲ့နှင့် မော်ဘီမှ နေဝန်းနီအဖွဲ့တို့ကိုရ၏။ သူတို့ကလည်း လိုလိုချင်ချင်။ သူတို့ အဖွဲ့တွေကလည်း ပွဲကြဲနေသဖြင့် ကျွန်တော်တို့နှင့်တွဲလျှင် အဆင်ပြေမည်ကိုသိသည်။ သို့သော် ကျွန်တော်တို့ပါလျှင် နေရာတိုင်းမှာ ပွဲမိန့်မရ။ ရန်ကုန်တိုင်းနေရာအချို့နှင့် ပဲခူးတိုင်းနေရာအချို့မှာပဲ ပွဲမိန့်ရသည်။ သည်တော့ ရသည့်နေရာမှာ က,ရုံသာ။

သို့ဖြင့် သံလျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ သနပ်ပင်၊ ပဲခူးတို့မှာ ဆက်တိုက်က,ခွင့်ရသည်။ ပဲခူးပွဲအပြီးမှာတော့ ပွဲကပြခွင့်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



လုံးဝပိတ်ခံလိုက်ရတော့၏။ ဖြစ်ပုံကလည်း ကြည့်ပါလေ။ အမှန်က အငြိမ့်ခန်းလောက်သာ ကျွန်တော်တို့က,ရ မည်ဖြစ်သည်။ သို့သော် သနပ်ပင်ရောက်တော့ တစ်ခန်းရပ်ပြဇာတ်တစ်ပုဒ် က,ချင်လာသည်။ 'သူတောင်းစားညီလာခံ'။ ဒို့တင်ဌေးအဖွဲ့မှ မင်းသမီးတစ်ယောက်ကို ခေါ်ပြီး ဇာတ်တိုက်ကြည့်တော့ အဆင်ပြေ၏။ (ယခု DVB မှာ မကြာမကြာပြ သည်။) တကယ်ကတော့ သူတောင်းစားအစည်းအဝေးလုပ်ပြီး အစိုးရကို တွယ်တာဖြစ်သည်။ ပရိသတ်က ကြိုက်၏။ လက်ခုပ်သံတဖျောင်းဖျောင်း။ ရောက်လေရာမှာ တောင်းဆိုခံရသည်။ ပဲခူးရောက်တော့ ပြဿနာတွေ အကြီးအကျယ်တက်တော့၏။ ပရိသတ်က အရမ်းအားပေး။ စင်ပေါ်မှာလည်း NLD အလံတွေ၊ ခမောက်တွေ ပလူပျံ။ NLD တွေကလည်း ကျွန်တော် တို့ဇာတ်ခုံမှာ ရဲရဲနီ။ ပဲခူးရဲတွေလည်းမနိုင်။ သည်တော့ တပ်က ဝင်လာပြန်သည်။ ပွဲက, နေတာရပ်ဖို့ အမိန့်ပေးလာ၏။ သည်တော့ မြို့ခံတွေနဲ့ ပြဿနာတက်တော့၏။ ထုံးစံအတိုင်း ကျွန်တော်တို့တစ်ဖွဲ့လုံး မြို့ပြင်ထုတ်ခံရလေသည်။ အဆိုးဆုံးကား ဒို့တင်ဌေးအဖွဲ့။ ညတွင်းချင်း ဆိုင်းတွေ၊ ကားလိပ်တွေ သိမ်းနိုင်းပြီး မြို့မှထွက်ခိုင်း၏။ ပဲခူးက ဆရာတော်တွေ ဝင်ကယ်ရတော့သည်။ တစ်ညတော့ ဘုန်းကြီးကျောင်းမှာ တည်းခိုခွင့်ပြုပါဟု ဟသ်ာကုန်းက ဆရာတော်များက မေတ္တာရပ်ခံပေးလေသည်။

မည်သို့ဆိုစေ ကျွန်တော်တို့အဖွဲ့ ပွဲကပြဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ချေ။ သည်တော့ ဗီဒီယိုဇာတ်လမ်းပြန်ရိုက်ဖို့ လုပ်ရသည်။ ပိုက်ဆံထုတ်ပေးမည့်သူ မရှိ။ သည်တော့ ပိုက်ဆံချေးရ၏။ မင်းသား၊ မင်းသမီးမငှားနိုင်။ ပိုက်ဆံမပေးရသော မိုးဝင်းကို ငှားသည်။ မင်းသမီးမပါသော ဇာတ်ကိုရိုက်ရ၏။ မင်းသမီးကြေး မပေးနိုင်။ တစ်ခါ မိုးဝင်း



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ဇာတ်အဖွဲ့ရှိသော မင်းဘူးဘက်သို့ လိုက်၍ ရုပ်ရှင်ရိုက်ရတော့သည်။ ထိုသို့ ရိုက်ခြင်းကြောင့် ထမင်းစရိတ်၊ တည်းခိုစရိတ် သက်သာသည်။ မိုးဝင်းဇာတ်ရုံမှာ အိပ်၊ ဇာတ်ရုံမှာ စားရုံပင်။ နေခင်းတစ်ခင်းလုံး ကား ရိုက်၊ ညဘက် ပွဲကြည့်ရင်းနား အဆင်ကိုပြေလို့။ ငဖဲမြို့ကိုရောက် တော့မှ ပြဿနာက စ,လာ၏။ မင်းဘူးမြို့ခံများဖြစ်သော သက်ဇော် (ယခု ဇော်သက်ထွေး)၊ အောင်ကောင်းမြင့်၊ မောင်နီဦး၊ ကိုကျော်ကျော် (ကဗျာဆရာလွမ်းဏီ)တို့က ကူညီကြ၏။ သူတို့က နိုင်ငံရေးပါတီ တွေနှင့် အဆက်အသွယ်ရှိသည်။ ဒါကို ငဖဲမြို့နယ် မ. ဝ. တ ဥက္ကဋ္ဌက မကြိုက်။ ကျွန်တော်တို့ သူ့မြို့ရောက်လာတာလည်းမကြိုက်။ မိုးဝင်းကို တစ်ညပဲပေးကပြီး ပွဲမိန့်ပိတ်လိုက်တော့သည်။ ဖြစ်ချင်တော့ ငဖဲမြို့၏ တစ်ခုတည်းသော စားသောက်ဆိုင်မှာ သူနှင့်ကျွန်တော် သွားဆုံ၏။ သူက ကျွန်တော်တို့ကိုမြင်သည်နှင့် ပါဝါပြတော့၏။ ဆိုင်ပိုင်ရှင်တွေ၊ ဝန်ထမ်းတွေကို အကြောင်းမဲ့ ဟိန်းဟောက် နေတော့သည်။ ခါးကြားမှ ပစ္စတိုကိုလည်း စားပွဲပေါ်သို့ ပစ်တင်လိုက်သေးသည်။ ဆိုင်ထဲမှာ စားသောက်နေသည့် တခြား လူငယ်များကိုလည်း အခြောက်တိုက် ဟိန်းဟောက်နေပြန်၏။ ကျွန်တော်က ကောင်းကောင်းမွန်မွန်ရိုရိုသေသေ သူ့စားပွဲကို သွားပြီး "အစ်ကိုကြီး ကူညီလို့ရမယ်ဆိုရင် မိုးဝင်းကို ပွဲက ပြဖို့ ပါမစ်ပေးပါ"လို့ပြောတော့ သူက ကျွန်တော့်မျက်နှာကိုမကြည့် ဘဲ "မင်းအလုပ် မဟုတ်ပါဘူး"ဟု ခပ်ထန်ထန် ပြန်ပြောလေသည်။ ကျွန်တော်ကလည်း တောင်းတောင်းပန်ပန် ပြောနေရာက တင်းလာပြီး "ခင်ဗျားကိုယ်ခင်ဗျား တစ်သက်လုံး ဒီနေရာမှာ မြဲနေမယ်ထင် သ လား"လို့ ပြောလိုက်တော့ သကောင့်သားကြီးက ရှူးရှူးရှားရှားဖြင့် " ဟေ့ကောင် ခုချက်ချင်း ထွက်သွား"ဆိုပြီး သူ့ သေနတ်နှင့် ကျွန်တော့်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကို ထိုးချိန်လိုက်မိတော့သည်။ ဒီမှာစင် ကျွန်တော်၏ ဇာတိက ပြလာလေပြီ။ ''ကောင်းပြီ၊ ဆိုင်ထဲမှာ တခြားသူတွေကို အနှောင့် အယှက်ဖြစ်တယ်။ ခင်ဗျား ဆိုင်အပြင် ထွက်၊ ကျွန်တော် ရင်ကော့ ပေးမယ်။ ပစ်ရဲရင် ပစ်စမ်း''ဆိုပြီး ကျွန်တော် စိန်ခေါ်ကာ ဆိုင်ထဲက ထွက်ခဲ့တော့သည်။ မိုးဝင်းတို့၊ အရိုင်းတို့၊ သက်ဇော်တို့အားလုံး ကြက် သေသေလျက်။ ထိုလူလည်း ဆိုင်ထဲက ထွက်လာပြီး ကျွန်တော့်ကို စူးစူးဝါးဝါးကြည့်ကာ ချာခနဲ လှည့်ထွက်သွားလေတော့သည်။ သူ့ နောက်ပါ တပည့်များကလည်း ဆရာနောက်မှ ခပ်သုတ်သုတ်ပြေး လိုက်သွားလေ၏။

ကျွန်တော့်သူငယ်ချင်းတွေက ''မင်း ဘယ်လိုလုပ်လိုက်တာလဲ'' ဟု စိုးရိမ်တကြီးမေးတော့ ကျွန်တော် ခပ်အေးအေးပဲ ဖြေလိုက်သည်။ ''ဘယ်ဟာက သတ္တိဆိုတာ သူသိသွားအောင် သင်ပေးလိုက်တာပါ'' လို့။

× × ×

ကျွန်တော်ကအတိတ်တွေ နိမိတ်တွေကို မယုံတတ်။ ကား လမ်းမှာ မြွေတွေ့လျှင် ခရီးရှည်သည်၊ အန္တရာယ်တွေ့တတ်သည်၊ ဘာဖြစ်တတ်သည်၊ ညာဖြစ်တတ်သည် စသဖြင့် ပြောလေ့ရှိတာတွေ ကျွန်တော် မယုံတတ်။ ခုတော့ ယုံရမလိုတောင် ဖြစ်လာသည်။ ကျွန်တော်တို့အဖွဲ့ ပြည်မြို့ကိုထွက်လာတော့ လမ်းမှာမြွေနှင့် နှစ်ခါ တွေ့သည်။ ကားဆရာ ကိုတင်အုန်းက နိမိတ်မကောင်းဟုဆိုကာ ပြည်ရောက်ရောက်ချင်းဘုရားပေါ်တက် ပုတီးစိပ်သည်။ ညကျတော့ ကျွန်တော်တို့ တည်းခိုခန်းကိုတပ်က ဝိုင်းသည်။ သန်းခေါင်စာရင်း



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



စစ်တာမဟုတ်ဘဲ ပြဿနာရှာတာ ဖြစ်သည်။ တခြားညည့်သည်တွေကိုလည်း အခန်းတွေထဲက ထွက်ခိုင်းပြီး အိပ်ရာတွေမှာ လှန်ရှာသည်။ ကျွန်တော်တို့က ဒါရိုက်တာ မီးပွားနှင့် ရုပ်ရှင်လာရိုက်တာဖြစ်လို့ လူအုပ်များသည်။ ဒါကို သူတို့က မသင်္ကာ။ တိုက်ဆိုင်ချင်တော့ ပြည်မှာ ပေါင်းတည်မှာ တရားပွဲတွေက ခြိမ့်ခြိမ့်သဲ။ ကျွန်တော်တို့ကို ပြည်နှင့် ချိတ်ဆက်ပြီး တစ်ခုခုလာရောက် ကြံစည်တာလို့ ထင်ပုံရသည်။ ကျွန်တော်တို့မှာစာရွက်စာတန်းတွေ ပါလာတယ်လို့ ထင်ပုံရသည်။ ဇာတ်ညွှန်းစာအုပ်တွေကိုပါ လှန်လှောရှာကြ၏။ လိုတာထက်ပိုလာပြီဟု ကျွန်တော် ယူဆလာတော့ မနေနိုင်။ တာဝန်အကြီးဆုံးဟု ထင်ရသော ဗိုလ်မှူးတစ် ယောက်ကို ဖွင့်မေးရတော့၏။ ပထမတော့ သူက ဝေ့လည်ကြောင်ပတ်။ နောက်တော့မှ သူတို့ကို အထက်က တာဝန်ပေးလို့ပါ။ ဆူပူမှုဖြစ်အောင် လှုံ့ဆော်ဖို့ ကျွန်တော်တို့ လာတာဟု သူ့ကိုအထက်ကပြောသည်ဆို၏။ ထို့ကြောင့် သူ့အနေဖြင့် ကြေညာချက် ကြေညာစာကကက်ဆက်ခွေ စသည်တို့ကိုလာရှာရတာဟုပြောသည်။ သူနှင့်ကျွန်တော် ရန်သူမဟုတ်။ သို့သော် ကျွန်တော့်အဖွဲ့ကို ကျွန်တော် ငဲ့ရမည်။ ကာကွယ်ရမည်။ အနှောင့်အယှက်ပေးတာ သိပ်များသွားပြီ။ ထို့ကြောင့် ခင်ဗျား ကျွန်တော့်ကို ဖမ်းခေါ်ချင်ခေါ်စစ်ချင်စစ်၊ အဖွဲ့က လူတွေကို အားနာဖို့ ကောင်းသည်။ တခြားခရီးသည်တွေ တည်းခိုနေ သူတွေကိုလည်း စော်ကားရာရောက်နေပြီ။ ထိုဗိုလ်မှူးက တွေတွေကြီး စဉ်းစားနေ၏။ ပြီးတော့ လက်ကိုင်စကားပြောစက်နှင့် သတင်းပို့တော့သည်။ သည်နောက်မှာတော့ သူတို့တစ်ဖွဲ့လုံး တည်းခိုခန်းမှ ပြန်ထွက်သွားကြတော့၏။ ကျွန်တော့် စိတ်ထဲမှာ တနုံ့နုံ့။ ဒါသက်သက် လူပါးဝတာပဲဟု ခံစားမိသည်။ ရွေးကောက်ပွဲ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



တရားမျှတသည့် ရွေးကောက်ပွဲဟု တစာစာ အော်နေသော အစိုးရ၏ လုပ်ရပ်က လူတွေ၏ ကျင့်ဝတ်နှင့်သိက္ခာကို လျစ်လျူရှုလွန်းလှ၏။ စိတ်ပေါက်ပေါက်ရှိသည်နှင့် နောက်တစ်နေ့ ပေါင်းတည်မှာရော ပြည်မှာပါ တရားထွက်ဟောပစ်လိုက်သည်။ စစ်အစိုးရကို တူးတူးခါးခါးပင် ပြစ်တင်ပြောမိ၏။ ရှစ်လေးလုံး အရေးတော်ပုံကာလက ကျွန်တော် ပြောလေ့ရှိသော ''စစ်တပ်ဆိုတာ အမိန့်ပေးလို့လုပ်ရတာပဲဆိုရင် ကိုယ့်အမေကိုယ်ပြန် မုဒိမ်းကျင့်ကြဆိုရင်ကော လုပ်မှာလား''ဟူသည့် စကားကြမ်းကြမ်းတွေကိုပင် ပြောမိတော့သည်။ ကျွန်တော်၏ မိဖနှစ်ပါးက ထိုသို့သော အသုံးအနှုန်းတွေကို မကြိုက်။ အဖယုတ်တော့ အပြုအမူကြမ်း အမိယုတ်တော့ နှုတ်ကြမ်းသည် ဟူသည့် ဆိုစကားအတိုင်း မိဖကို ထိခိုက်ကြောင်း ဆုံးမလေ့ရှိသည်။ သို့သော် ကျွန်တော် စိတ်မထိန်းနိုင်ခဲ့။

ပေါင်းတည်မှာရော ပြည်မှာပါ ခက်ကြမ်းကြမ်းတွေ ပြောမိခဲ့သည်။ ရန်ကုန်ပြန်ရောက်သည်အထိ အရှိန်ကမသေသေး။ ကျွန်တော့် အမေက သူ့မဲဆွယ်တရားဟောပွဲမှာ ဟောပြောပေးဖို့ ပြောလာတော့မှ ကျွန်တော့်အရှိန်တန့်သွားသည်။ မေမေ ရွေးကောက်ပွဲဝင်တာကို ကျွန်တော် လုံးဝမကြိုက်။ မထောက်ခံ။ ဖေဖေကလည်း မကြိုက်။ ကိုယ်စားလှယ်အမည်စာရင်းတင်သွင်းကတည်းက ကျွန်တော်ကန့်ကွက်ခဲ့၏။ မေမေ့ တပည့်တပန်းတွေက စွတ်မြှောက်ကြသည်။ အဓိပ္ပာယ်မရှိ။ NLD ကို ဒီလိုအချိန်မျိုးမှာ တသီးပုဂ္ဂလနှင့် ဝင်တိုက် တာမျိုးသည် လက်ခံစရာမရှိ။ NLD က မေမေ့ကို ကမ်းလှမ်းခဲ့၏။ သည်တုန်းက လက်မခံခဲ့။ ရန်ကင်း NLD မှာ ကျွန်တော်တို့ အစ်ကို လိုခင်ရသော သွားဆရာဝန်ဒေါက်တာ စိန်မြအေးရှိ၏။ သူက မေမေ့ ကို NLD



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



၏ ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်စေချင်သည်။ သို့သော် မေမေက ငြင်း၏။ တသီးပုဂ္ဂလအမတ်လောင်းအဖြစ် ဝင်မည် ဆိုသည်။ မေမေ့ဆန္ဒကို နားလည်သော်လည်း ဒါနိုင်ငံရေးဖြစ်၏။ မိသားစုထဲမှာ အငြင်းပွားခဲ့ရသည်။ ကိုကိုကြီးနှင့်မေမေက တစ်ဘက် ဖေဖေနှင့်ကျွန်တော်က တစ်ဘက်။

ခုတော့ မေမေက သူ့အတွက် မဲဆွယ်ပေးဖို့ ပြောလာချေပြီ။ အမှန်က ကျွန်တော်မပြောချင်။ မေမေ့အတွက် ဖြစ်လို့ ပိုပြီးမပြောချင်။ သည်တော့ ''ပြောလျှင်ဖမ်းခံရမည်။ သို့သော် မေမေ ပြောစေချင်လျှင် ပြောပါမည်''ဟု ကျွန်တော် ပြတ်ပြတ်သားသား ပြောရတော့၏။ အကြောင်းရှိသည်။ န.ဝ.တ အစိုးရက ဟောပြောပွဲ ဟောခွင့်ပါမစ် လျှောက်ခိုင်းသည်။ သူတို့ သတ်မှတ်ပေးသောနေရာ သတ်မှတ်ပေးသော အချိန်မှာပဲ ဟောခွင့်ရှိသည်။ ခွင့်ပြုထားသော သူပဲ ဟောရမည်ဟု ကန့်သတ်ထား၏။ ကျွန်တော်ရော အရိုင်းရော ဟောပြောခွင့်ရမထား။ ဒါပေမဲ့ မေမေက ခေါင်းမာ၏။ တဖွတ်ထိုး။ သူလုပ်ချင်တာကို စွတ်လုပ် တတ်သည်။ ဒါလေးဟောတာ ဖမ်းချင်လည်းဖမ်း ထောင်ထဲရောက်တာ ဘာဆန်းလဲဆိုတော့ ကျွန်တော်က 'ကြိုက်ပြီ ဆွဲဆရာရေ့' လို့ ပြောရုံ မှတစ်ပါး ဘာမှမရှိတော့ချေ။

သို့ဖြင့် အရိုင်းရော ကျွန်တော်ပါ စင်ပေါ်ရောက်ရတော့သည်။ ဘယ်ဗေဒင်ဆရာမှ မလိုအောင် ကျွန်တော်၏ နိမိတ်ကြိုဖတ်ချက်က လည်း ကွက်တိ။ စင်ပေါ်က ဆင်းတာနှင့်တန်းဖမ်းတော့၏။ ကဲ မေမေ ကျွန်တော် မပြောလားဆိုတော့ မေမေက 'လိုက်သွား'တဲ့။ ကောင်း ရောပေါ့။

× × ×



http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



# ဖောက်သည်ကြီး

တနင်္ဂနွေဆိုတာ ထောင်မှာ အဝင်အထွက်မရှိ။ ထောင်ပိတ်သည်။ သို့သော်လည်း ထောင်ဘူးတံခါးဝမှာ ကားပြာကြီးလာထိုးတော့ ထောင်ဝန်ထမ်းတွေက ''ဘာလဲဟ'' ဟူသော မျက်နှာများဖြင့် စပ်စုကြသည်။ ကားပြာကြီး တံခါးဖွင့်လိုက်တော့ ပက်လက်ကုလားထိုင်နှစ်လုံးပေါ်မှာအကျထိုင်လာသော ကျွန်တော်နှင့် အရိုင်း။ ထောင်ဝန်ထမ်းတချို့ ပြုံးဖြီးစပ်ဖြဲ တချို့က မျက်မှောင်ကြုတ်ကွေး တချို့က အံ့အားသင့်မော။ အမူအရာမျိုးစုံကို တစ်ပြိုင်နက် ကြည့်လိုက်ရ၏။ ကျွန်တော်၏ မိတ်ဆွေဟောင်း ဘောတံတားကြီး (ခေါ်)မြင့်ဝင်းအောင်က နဖူးတဖျပ်ဖျပ်ရိုက်ကာ ဘာလာလုပ်တာလဲ ဒုက္ခပါပဲဟူသော အမူအရာဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေတော့သည်။

''ကဲ ကဲ ဘာရပ်ကြည့်နေတာလဲ အချုပ်ရုံးက ကောင်တွေသွားခေါ်''

ကြားဖူးသော အသံတစ်ခု ကားနားကပ်လာသည်။

''ကားပေါ်က ကောင်တွေ ဆင်း''



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ခပ်မာမာအော်သံနှင့်အတူ ကားနောက်တံခါးဝသို့ တစ်ပွင့်နှင့် ဒုထောင်မှူးရောက်လာသည်။ ရုပ်ရှင်အခေါ် အဝေါ်နှင့်ဆိုလျှင် "Vice Versa" ပေါ့။ အပြန်အလှန်မြင်လိုက်ကြတော့ အံ့အားသင့်သွားသည်။

ဇော် . . မင်း . . အောင် (ခ) ဘောတံတားလေး။

ပထမအကြိမ် ကျွန်တော် အင်းစိန်ထောင် ရောက်စဥ်က သူသည်တပ်သား။ ခုတော့ ဒုထောင်မှူး (ခေါ်) ထောင်မှူးလေး။ သူမျက်နှာချက်ချင်းပျက်သွားသည်။ သက်ပြင်းတစ်ခု သူ့ခမျာ မှုတ်ထုတ်ပြီး . . .

"ဖောက်သည်ကြီး ဆင်းဗျာ"

×××

ဒီလိုနှင့်အထူးဝင်းထဲရှိ ဆယ်ခန်းတွဲတန်းလျားသို့ ရောက်ရပြန်ချေသည်။ ထောင်ထဲနှစ်ခါရောက်တာ နှစ်ခါလုံးလုံး တစ်နေရာတည်းဆိုတော့ တယ်မတန်လှချေ။ ထူးတာတစ်ခုတော့ ရှိလာသည်။ အထူးဝင်းတစ်ဝင်းလုံးစည်ကားနေသည်။ ဆယ်ခန်းတွဲမှာ လူအပြည့်။ အခန်း(၁)မှာ ဗိုလ်ကြီးဟောင်းဦးဝင်းထိန်(NLD)၊ အခန်း(၂)မှာ အရိုင်း။ အခန်း(၃)မှာ မင်းကိုနိုင်၊ အခန်း(၄)မှာ (ဗိုလ်ကြီး) ဒေါက်တာမော်ဇင်၊ အခန်း(၅)မှာ ကျွန်တော်၊ အခန်း(၆)မှာက ဦးတင်အောင် (ဗကပ)၊ အခန်း(၇)မှာ ဦးဝင်းတင်(NLD) အခန်း(၈)မှာ ဦးကိုယု(NLD)၊ အခန်း(၉)မှာ ကိုသက်ခိုင် (ဗကပ၊ ဗိုလ်ချုပ်ကျော် ဇောသားမက်)နှင့် အခန်း(၁၀)မှာ ကိုကိုနိုင်(KNU) တို့ဖြစ်၏။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



အတွင်းက အိမ်ကလေးတွေကို ပြင်နေသည်။ လူအသစ်တွေ များလာလေမည်လား မသိချေ။ အိမ်အမှတ်(၁)မှာက ဗိုလ်ချုပ်ကြီး ဟောင်း ဦးတင်ဦး(NLD) အိမ်အမှတ်(၄)မှာ ဗိုလ်မှူးကြီး (ဟောင်း) ဦးစံသာ၊ အိမ်အမှတ်(၅)မှာ ကင်မင်ချူးတို့ ဖြစ်သည်။ တစ်ခုထူးလာသည်က အထူးဝင်းထဲမှာ တပ်မတော်ထောက်လှမ်းရေးမှ တပ်ကြပ်တစ်ယောက်နှင့် တပ်သားသုံးယောက်ကိုပါ ထောင်ဝန်ထမ်း ယူနီဖောင်း ဝတ်ခိုင်းပြီး ၂၄ နာရီ တာဝန်ချထားခြင်းပင်။ မည်သို့ပင် ဖြစ်စေကာမူ တာဝန်နှင့်ဝတ္တရားအတိုင်း ယခုမှ ထောင်ထဲရောက်လာသူပီပီ ထောင်အပြင်မှ သတင်းများကို မနားတမ်း ဖောက်သည်ချရတော့၏။ NLD အကြောင်း၊ လူ့ဘောင်သစ်အကြောင်း၊ ကျောင်းသားတပ်မတော် အကြောင်း၊ အမေရိကန်အကြောင်း၊ အင်္ဂလန်အကြောင်း၊ တရုတ်အကြောင်း၊ အိန္ဒိယအကြောင်း စသည်ဖြင့် တစ်ကြောင်းမှ မထပ်ရလေအောင် အနားမယူဘဲ အဆက်မပြတ် ပြောလိုက်ရကား ည ၉ နာရီ အိပ်ချိန်သံချောင်း ခေါက်မှပဲ ''လူမမြင် အသံကြား'' ကျွန်တော့် အစီအစဉ်လည်း နားသွားရပါတော့သည်။

× × ×

ထုံးစံအတိုင်း တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်ကြီး ခင်မောင်စိုးနှင့်အဖွဲ့က ကျွန်တော်နှင့်အရိုင်းကို စစ်ကြောရေးလာလုပ်သည်။ သူတို့က စစ်ရုံစစ်တာ တရားဥပဒေအရ အရေးယူတာ သူတို့နှင့်မဆိုင်ဟု ဆိုလာပြန်သည်။ မရယ်ရသော ပြက်လုံးပင်ဖြစ်၏။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကျွန်တော်က အရိုင်းကို ပြောမိသည်။ ကြမ်းခင်းဈေး ငါးနှစ်ဟု။ အရိုင်းက နိမိတ်မရှိ နမာမရှိဟုဆို၏။ ကျွန်တော်တို့ နှစ်ယောက်အတူ ရိုက်ခဲ့သော ဇာတ်ကားလို ''သတ္တိရှိရင် လောင်းမလား''ဟု လောင်း လိုက်သေးသည်။ လောင်းများလောင်းလိုက်လျှင် ကျွန်တော် နိုင်ပြီ။

ကျွန်တော်တို့ကို တရားရုံးဟု ခေါ်ဆိုအပ်သော လူသုံးယောက် ထိုင်သည့် နေရာသို့ လူလိုမခေါ်ဘဲ တိရစ္ဆာန်လို ခေါ်သွားလေသည်။ နှစ်ယောက်အတူ လက်ထိပ်တွဲခတ်ကာ သံမံတလင်းကြမ်းပြင်မှာ ထိုင် ခိုင်း၏။ နိုင်ငံခြားမှာ သဘော်သားတွေကို ခြေထောက်နှင့်ပြ၍ ခိုင်းစေ သည်ဟု ကြားဖူးသည်။ ရိုင်းပျသည်ဟု စွပ်စွဲတာလည်း ကြားဖူးသည်။ သူတို့လူမျိုးလေ့ဖြစ်၍ ရိုင်းသည်ဟု မခေါ်နိုင်ကြောင်း တုံ့ပြန်သံလည်း ကြားဖူးသည်။ ခုတော့ ကျွန်တော်တို့ကို ခြေထောက်နှင့် ညွှန်ပြရုံသာ မဟုတ်၊ ခြေထောက်နှင့်ပါ စကားပြောသည်။ ထိုင်ခုံပေါ်မှာ ခြေချိတ် ထိုင်နေသော တစ်ပွင့်နှင့် ရဲက အ,နေသူအလား ဘာမေးမေး ခြေ ထောက်နှင့်ဖြေသည်။ အိမ်သာသွားချင်ကြောင်း ပြောတော့ ခြေ ထောက်နှင့်လမ်းညွှန်သည်။ လက်ထိပ်ဖြုတ်မပေး၍ ကျွန်တော်နှင့် အရိုင်း အိမ်သာကို အတွဲလိုက်သွားရသည်။ ရေသောက်ချင်ကြောင်း ပြောပြန်လည်း ခြေထောက်နှင့်လမ်းညွှန်ပြန်သည်။ ထိုရဲကို (Tourist Guide) နိုင်ငံခြားခရီးသည် လမ်းညွှန်လုပ်ခိုင်းလျှင် ဈေးဦးတောင် ပေါက်မည်မထင်။ သို့မဟုတ် ''ခြေပြပုလိပ်''ဆိုပြီး လမ်းဆုံလမ်းခွမှာ ထားလျှင် လူကြည့်မည်မှာ အသေအချာ။

ပသို့ဆိုစေ လေတပ်ဗိုလ်မှူးကြီးတစ်ဦး ရေတပ်ဗိုလ်မှူးကြီး



http://myanmarebooksfree.blogspot.com

တစ်ဦး နှင့် ကြည်းတပ်ဗိုလ်မှူးတစ်ဦးရောက်လာပြီး ''နားထောင်'' ဟုဆိုကာ ''ဇာဂနာ(ခ)သူရ အဖဦးအောင်သိန်း ပုဒ်မ ၅(ည) ထောင်ဒဏ် ငါးနှစ် အရိုင်း(ခ)အောင်သန်းဦး အဖ ဦးခင်မောင်ဦး ပုဒ်မ ၅(ည) ထောင်ဒဏ် ငါးနှစ် ဘာပြောစရာရှိသလဲ''ဟု အမိန့်ချလိုက်ပါတော့သည်။ ဘာပြော ပြော ဘာမှထူးမှာ မဟုတ်သည့်နည်းတူ ဘာမှ မပြောတော့ပါဟု ဖြေ လိုက်ရာ သံပတ်ပေးထားသည့် စက်ရုပ်ကလေးများကဲ့သို့ နောက်ဘက် ခန်းရှိရာဆီသို့ တောက်တောက်တောက်တောက်နှင့် ပြန်ဝင်သွားကြ တော့၏။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးကိုလည်း အင်းစိန်ထောင် ဝင်းထဲသို့ ပြန်ခေါ်လာကြလေသည်။ တရားရုံးနှင့် ထောင်က မီတာ ငါးဆယ်လောက်သာဝေးမည်။ ဒါကို ပုံကြီးချဲ့ပြီး သေနပ်ကိုင် အစောင့် အရှောက်များနှင့် မာဇဒါဂျစ်စီးခိုင်းပြီး သယ်ပို့ လုပ်ပေးသေး၏။ ဘာပဲ ဖြစ်ဖြစ် ရာထူးတက်သွားလေပြီ။ ပထမတစ်ကြိမ်က အချုပ်။ ခုတော့ ထောင်ကျ။ မိသားစုနှင့် ထောင်ဝင်စာတွေ့ရမည်။ မေလ ၂၇ ရက် ရွေးကောက်ပွဲမှာ မဲပေးခွင့်နှင့် လွဲမည်။ အဆိုးထဲက အကောင်းများပင်။ တွေးတတ်လျှင် စိတ်ကြည်မွေ့စရာများ ဖြစ်လေသည်။

× × ×

ထောင်ကျဖြစ်သွားတော့ အဖြူရောင်ဝမ်းဆက်ဝတ်ရတော့သည်။ ဆယ်ခန်းတွဲတိုက်မှာ အဖြူရောင်ဆင်တူ မဝတ်ရတာ မင်းကိုနိုင်နှင့် ကိုကိုနိုင် နှစ်ယောက်တည်းသာ။ သူတို့ကို ထောင်မချသေး။ ဒီတော့



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



လည်း ရွေးကောက်ပွဲမှာ မဲပေးခွင့်ရသည်။ မင်းကိုနိုင်က မဲမပေးနိုင်ဟု ငြင်းသည်။ ထောင်ပိုင်ဦးအုန်းဖေက မဲပေးသင့်ကြောင်း လာဖျောင်းဖျတော့ မင်းကိုနိုင်က ခပ်အေးအေးပင်၊ ဒီရွေးကောက်ပွဲကိုအသိအမှတ်မပြု၊ ဒါကြောင့် မဲမပေးနိုင်ဟု ဖြေလိုက်သည်။ ဦးဝင်းထိန်ကတော့ ''ဗျိုး ကိုအုန်းဖေ ခင်ဗျားဘယ်ပါတီကို မဲပေးသလဲဗျ''ဟု ရိတိတိမေး၏။ သူတို့နှစ်ယောက်က စစ်တပ်ထဲမှာ အတူတူ အမှုတော်ထမ်းဖူးသည်ဆို၏။ ထောင်ပိုင်ကလည်း ထောင်သာပိုင်ပုံရပြီး ဦးဝင်းထိန်ကိုတော့ ပိုင်ပုံမပေါ်။ အိမ်မြှောင်ဥနှင့် အတို့ခံထားရသူလို ခေါင်းခါခါ ခြေခါခါနှင့် လစ်သွားတော့သည်။ ကျွန်တော်တို့ကတော့ ဘယ်ပါတီအနိုင်ရလေသလဲဆိုတာကိုသာ စောင့်မျှော်နားဆင်ရတော့သည်။ NLD နိုင်လျှင် ကျွန်တော်တို့ မြန်မြန်လွတ်မည်။ တ-စ-ည နိုင်လျှင်တော့ မရေရာ။ NLD နိုင်ပါစေကြောင်း ဆုတောင်းရုံမှတစ်ပါး အခြားမရှိပါချေ။

ဆုတောင်းကတော့ ပြည့်လေပြီ။ NLD ကား မြေပြိုသလို နိုင်လိုက်ပြီ။ အပြတ်အသတ်။ တစ်ထောင်လုံး လှုပ်လှုပ်ရွရွ။ တိုက်ဝင်းထဲမှာ ပိုဆိုးသည်။ သင်္ကြန်ပွဲလို တရုန်းရုန်း။ ဆက်ဆံရေးကျဲခဲ့သော ဝန်ထမ်းတွေလည်း ပြုံးဖြီးဖြီး။ နိုင်ငံရေးအကျဉ်းသားတွေကို မျက်နှာချိုသွေးလိုက်ကြတာ အမော။ ကဲသူတွေကလည်း ကဲသည်။ တိုက်ဝင်းထဲက တိုက်ခန်းကျဉ်းထဲမှာ NLD ရုံးခွဲဖွင့်သည်။ NLD ဝင်ချင်သူတွေကို ယာယီနံပါတ်ထုတ်ပေးပြီး အသိအမှတ်ပြုကတ်ပြားပါ တံဆိပ်နှိပ်ပေးလိုက်၏။ ရယ်စရာတော့ အကောင်းသား။ တိုက်ဝင်းထဲမှာ



http://myanmarebooksfree.blogspot.com

ဘောက်ဆင်း (ကြံ့ရာကျပန်းအလုပ် လာလုပ်သူ အကျဉ်းသား)တွေက လည်း တန်းဝင်စီသည်။ ဝန်ထမ်းတွေကလည်း တန်းဝင်စီသည်။ သူ့ အရပ်နှင့် သူ့ဇာတ်ကတော့ ဟပ်လွန်းလှပေသည်။ နေ့တိုင်း လူတန်း ကြီးက ရှည်လို့။

သို့သော်လည်း အခြေအနေက ချက်ချင်းပြောင်းသွားသည်။ ဂန္ဒီကြေညာချက်နှင့်အတူ တိုက်ဝင်းတံခါးတွေ ပြန်ပိတ်သွား၏။ ဝန်ထမ်းတွေ၏ မျက်နှာတွေပြန်မာသွားသည်။ ဘောက်ဆင်းတွေလည်း တိုက်ဝင်းထဲသို့ မဝင်ရတော့ချေ။ လူတွေကိုလည်း နေရာရွှေ့ပစ်တော့၏။ တချို့စစ်ခွေးကိုပင် ပို့ခံရသည်။ စစ်ခွေးဆိုသည့် တိုက်ကား တော်တော် ဆိုးသည့်နေရာဖြစ်၏။ ထောင်ထဲမှာ အပြစ်ဒဏ်ထိသူများကို ပို့သော နေရာ။ အမှောင်ချထားသောအခန်း။ လေဝင်လေထွက်မရှိသောအခန်း။ ရှစ်ပေခြောက်ပေကျယ်သောအခန်း။ မိလ္လာစွန့်ရန် ပလပ်စတစ်တစ်ခွက် သာရှိသောအခန်း။ ကြမ်းပေါ်အိပ်ရသောအခန်း။ အခန်းရှေ့မှာ ခွေးလာ စောင့်သည့် ထောင်ထဲက ငရဲခန်း။

ဒီလိုနေရာမျိုးမှာ လူတစ်ယောက် တစ်ရက်နေဖို့တောင်မလွယ်။ ထို့ကြောင့် ထောင်ထဲမှာ ပြစ်ဒဏ်ထပ်ခံရသူတွေကို ဆုံးမသည့် အနေဖြင့် စစ်ခွေးခန်းတွေ ဖန်တီးထားခြင်းပင်။ ခုတော့ နိုင်ငံရေး အကျဉ်းသားတွေ စစ်ခွေးပို့ခံရ လေပြီ။

ကျွန်တော်နှင့် အရိုင်းလည်း နေရာရွှေ့ခံရ၏။ အရိုင်းကို တိုက်ဝင်းထဲသို့ရွှေ့လိုက်ပြီး ကျွန်တော့်ကို အထူးဝင်းထဲက ပိန္နဲသီးတိုက် သို့ပြောင်းလိုက်သည်။ သည်အခေါ်အဝေါ်တွေကို နည်းနည်းရှင်းပြပါ ရစေ။ တိုက်ဝင်းဆိုသည်က ထောင်ကြီးထဲမှ သီးခြားဝင်းတစ်ခုဖြစ်

မြန်မာ စာအုပ်များ



သည်။ သည်ဝင်းထဲမှာ တိုက် ၆ တိုက်ရှိသည်။ နိုင်ငံရေးအကျဉ်းသားအများစု ကို သည်ဝင်းထဲမှာ ထားသည်။ ခုတော့ အရိုင်းကို ၄ တိုက်သို့ ရွှေ့လိုက်လေပြီ။ ကျွန်တော့်ကို ရွှေ့လိုက်သော ပိန္နဲသီးတိုက်က အမှန်တကယ် အကျဉ်းခန်းမဟုတ်။ ရုံးခန်းဖြစ်သည်။ အင်းစိန်ထောင် အထူးဝင်းထဲမှာ ထောက်လှမ်းရေးအရာရှိတွေအတွက် ဆောက်ပေးထားသော သုံးခန်းတွဲရုံးဖြစ်၏။ ခုတော့ ထောက်လှမ်းရေးတွေက သီးသန့်ထောင်သို့ ပြောင်းသွားသဖြင့် သည်သုံးခန်းတွဲရုံးကို အကျဉ်းခန်းအဖြစ် နေ့ချင်းညချင်း ပြောင်းလိုက်ကြလေသည်။ သည်တိုက်ခန်းတွဲ၏ရှေ့မှာ ပိန္နဲပင်တစ်ပင်ရှိနေသဖြင့် ပိန္နဲသီးတိုက်ဟု ကျွန်တော်က အမည်ပေးလိုက်ခြင်းပင်။

သုံးခန်းတွဲမှာ ကျွန်တော်တစ်ယောက်တည်း။ ကျန်နှစ်ခန်းက အလွတ်။ တစ်ခုကောင်းတာက ပြတင်းပေါက် ကျယ်ကျယ်ပါခြင်းပင်။ တစ်ခုမကောင်းတာက ပြတင်းပေါက်နှင့် ဆယ်ပေအကွာမှာ ထောင်အုတ်ရိုးကြီး ပိတ်ကာဆီးနေသဖြင့် ဘာမှမတွေ့ရ။ တစ်ခုကောင်းတာက ရှေ့မှာ အုတ်ကွက်အပေါက်လေးတွေရှိနေသဖြင့် ဖြတ်သွားဖြတ်လာတွေကို မြင်ရသည်။ တစ်ခုမကောင်းတာက အခန်းအဝဘေးနှစ်ဖက်ကို သစ်သားတံခါးများနှင့် ပိတ်ထားသဖြင့် ဘယ်သူလာလို့လာမှန်း ချောင်းနေမှန်း မသိရချေ။ မည်သို့ဆိုစေ ရေချိုးဖို့ မြေပေါ်သို့ ဆင်းရမည်မှာ သေချာသွားလေပြီ။ တိုက်နောက်ဘက်မှာ ရေဘုံဘိုင်တစ်ခုရှိ၏။ ထိုဘုံဘိုင်ကို ယာယီကျူဖျာတဲကလေးဖြင့် ကာရံထားကာ ရေချိုးခန်းလေးလုပ်ထားသည်။ ဒီနေရာမှာ ကျွန်တော်

[illegible]



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ




ရေချိုးရမည်ဖြစ်သဖြင့် ဆယ်ခန်းတွဲတိုက်ထက်သာသွားလေပြီ။ မင်းကိုနိုင်တို့က လေချွန်ပြီး အဆက်အသွယ်လုပ်သည်။ ကျွန်တော်နှင့် အရိုင်းရှိနေစဉ်က ညနေတိုင်း သီချင်းသီဆိုပြနေကြဆိုတော့ သူတို့ ပျင်းသွားကြလေပြီ။ ကျွန်တော်လည်း စကားပြောဖော်မရှိသဖြင့် ပျင်းသွားမှာ သေချာလှ၏။ ဘယ်လိုကျော်ဖြတ်ရပါ့။ ဉာဏ်နီဉာဏ်နက် ဉာဏ်ပြာဉာဏ်ဝါတွေ ထုတ်ရသည်။ အဖြေရှာမတွေ့သေးချေ။ သို့သော် ကျွန်တော့်ကို မပျင်းအောင် ကူမည့်သူများ ရောက်လာ၏။ စံရွှေလှ၊ သက်တင်နှင့် နိုင်ဝင်း။ စံရွှေလှက RIT ကျောင်းသား၊ သက်တင်က သံလျင်က GTI ကျောင်းသား။ နိုင်ဝင်းက ရန်ကုန်တက္ကသိုလ်ကကျောင်းသား။ ထုံးစံအတိုင်း ၅ ညနှင့် ဖမ်းခံလာခဲ့ရသူတွေ။ တိုက်ဝင်းထဲမှ စစ်ခွေး၊ စစ်ခွေးမှ ပိန္နဲသီးတိုက်သို့ ရောက်လာခြင်းပင်။

သည်နောက်မှာတော့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာ ကြတော့၏။ အိမ်အမှတ်(၂)ကို ဦးရွှေ(NLD)၊ အိမ်အမှတ်(၃)ကို ဦးချစ်ခိုင်(NLD)၊ အိမ်အမှတ်(၆)ကို ဦးကြည်မောင်(NLD)၊ တန်းစီဝင်လာကြလေသည်။ သတင်းများအရ NLD တွေ အကုန်ဖမ်းနိုင်ငံရေးတက်ကြွသူတွေ အကုန်ဆွဲ လက်ရဲဇက်ရဲပွဲကြမ်းလေပြီ။ ၁၉၉၀ ရွေးကောက်ပွဲ၏ရလာဒ်ကား သားတစ်ကွဲမယားတစ်ကွဲ ထောင်ထဲတောထဲ တစ်ပွဲမှ မနွဲလိုက်ရဘဲ ပတ်ကြမ်းနှင့် ဇာတ်လမ်းစလိုက်ခြင်းပင်တည်း။

× × ×



http://myanmarebooksfree.blogspot.com



# ကိုးပြန် ဂတိုးညာဏ်

စိန်ကတုံး၏ ညီတော်မင်းနန်းသီချင်းထဲကလို ဂတိုးညာဏ်နှင့် အကြံတွေထုတ်ရတော့သည်။ စံရွှေလှတို့ သုံးယောက်ပြောင်းသွားတော့ ကျွန်တော်တစ်ယာက်တည်း။ မိုးလင်းမှမိုးချုပ် တစ်ကိုယ်တည်း။ ဘာလုပ်နေရပါ့။ အခန်းထဲ ပတ်ပြေးကြည့်သည်။ မမောဘဲ မူးလာသည်။ ထိုင်ထလုပ်သည်။ ညောင်းပြီးမထနိုင်။ အိပ်ထမတ်တင် လုပ်ကြည့်ပြန်တော့ ဗိုက်ကြောတွေကိုနာလို့။ ကိုင်း တရားထိုင်မယ်ကွာ ဆိုပြန်တော့ ပိုလို့သာဆိုး။ မိန်းမမျက်နှာ သားလေးမျက်နှာ။ သားမှန်း သမီးမှန်းမသိရသေးသည့် ကျွန်တော့်မိန်းမ၏ ကိုယ်ဝန်။ ဖေဖေ မေမေ တို့၏ မျက်နှာ။ သူငယ်ချင်းတွေ တန်းစီပြီးပေါ်လာသည်။ ကန်တော်ကြီးမှာ စားနေကျထမင်းကြော် သောက်နေကျ Red Label။ ကျွန်တော် အလွန်ကြိုက်သည့် ဝက်သားတုတ်ထိုး။ အိုး ဘာပြောကောင်းမလဲ ရလိုက်တဲ့ သမာဓိ။ တရားထိုင်တာ မကိုက်သေးပါဘူးဆိုပြီး အရပ်ရှတ်ကာ လမ်းလျှောက်ကြည့်သည်။ ဂုဏ်တော်ရွတ်ကာ လမ်းလျှောက်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကြည့်သည်။ အသံထွက်ရွတ်တာဆိုတော့ လည်ပင်းတွေခြောက်။ ခဏခဏ ရေသောက်။ ဒီတော့ ဗိုက်ကယ်။ တစ်နည်းမှမစွန်။ အချိန်ကုန်အောင် ဘယ်လိုလုပ်ရပါ့။

အာရုံမှာ ဖျတ်ခနဲ ပေါ်လာသည်က သားရေပင်ကြိုး။ အစားအသောက်အထုပ်များကို ချည်သော သားရေပင်ကြိုးတွေပေါ်သည်။ သားရေပင်ကို ဆန့်နေအောင်ဆွဲပြီး လက်ညှိုးနှင့် တောက်လျှင် အသံထွက်သည်။ ဒီလိုစမ်းကြည့်လိုက်တော့ ဘာသံမှန်းတော့မသိ "တောင် တောင်" လို့ မည်သည်။ ဟုတ်ပြီ။ ဂစ်တာလို စမ်းကြည့်မည်။ ငါးခြောက်ထည့်သည့် ပလပ်စတစ်ဘူး အဝမှာ သားရေပင်ကြိုး ခြောက်ကြိုးတန်းစီချိလိုက်သည်။ လက်နှင့် ခတ်လိုက်တော့ "တောင်တောင့်တောင်းတောင်း" လို့မြည်သည်။ ဂစ်တာလို ကြိုးညှိလို့ မရနိုင်။ လက်ကွက်မှ မရှိတာကိုး။ သည်တော့ အရှေ့တိုင်း ဂီတသင်္ကေတဖြင့် "ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ တီ" ဆိုပြီး ၇ ကြိုးညှိကြည့်မည်။ ကြိမ်ဖန်များစွာညှိရင်း ၇ သံထွက် ထောင်တွင်းဖြစ် တူရိယာပစ္စည်းလေးရခဲ့လေပြီ။ ပျော်လိုက်သည့်ဖြစ်ခြင်း။ အငြိမ့်သီချင်းတွေ စမ်းတီးသည်။ ဟုတ်ဟုတ်မဟုတ်ဟုတ် အသံကတော့ မှန်နေသည်။ သို့သော် တီးပါများတော့ သားရေကြိုးတွေ ပြတ်ကုန်၏။ ပူစရာမလို သားရေပင်တွေ တစ်ပုံကြီးရှိသည်။ တစ်ချောင်းပြတ်တစ်ချောင်းလဲဖြင့် နေ့ရောညပါ ဂီတပညာရှင်လုပ်ရတော့သည်။ ကိုယ်အလွတ်ရခဲ့ဖူးသော သီချင်းမှန်သမျှ တီးကြည့်၊ ပြီးတော့ ဂီတသင်္ကေတကိုပါ မှတ်ရသည်။ ဆိုပါ



http://myanmarebooksfree.blogspot.com

တော့ ''မြနန္တာ နေညိုညို ရစ်ကာသန်းတော့'' ဆိုလျှင် ''လာ မီ လာ ဒို ထီ လာ လာ ဆို ဗီ မီ'' ဆိုသည့် Musical Notes (ဂီတ သင်္ကေတ)ကို ရွတ်ရသည်။ သီချင်းစာသားမရွတ်ရ။ ဦးနှောက်ကို အလုပ်ပေးတာဖြစ်သည်။ သီချင်းစာသားအစားဂီတ သင်္ကေတကို အလွတ်ကျက်ခြင်း။ ကျင့်ပါများတော့ အသံတွေ မှတ်မိလာစေသည်။ ထောင်အပြင်က သီချင်းတစ်ပုဒ်ကြားလျှင် ကျွန်တော့် တူရိယာကလေး နှင့် လိုက်တီးကြည့်။ ပြီးတော့ ဂီတသင်္ကေတ လိုက်ရွတ်ကြည့်။ အလွတ် ကျက်။ တော်တော် အလုပ်ဖြစ်သည်။ ကျွန်တော့် အကြံအစည်ကို ထောင်ဝန်ထမ်းတွေရော ထောက်လှမ်းရေးတွေပါ စိတ်ဝင်စားကြ သည်။ သူတို့စိတ်ထဲမှာတော့ ငြိမ်နေလျှင်ပြီးရောဆိုသည့်သဘောနှင့် သားရေကွင်းတွေ ရှာရှာယူလာပေးသည်။ တစ်ဝင်းလုံးရှိသမျှ သားရေ ကွင်းတွေ ကျွန်တော်ယူနေတော့ မင်းကိုနိုင် စိတ်ဝင်စားလာသည်။ ကျွန်တော့် တူရိယာကို သူက ငှား၏။ နမူနာယူပြီး လိုက်လုပ်သည်။ အိုကေ။

ဒီမှာ ကျွန်တော် စဉ်းစားရပြီ။ သီချင်းရေးမည်။ တူရိယာပစ္စည်း နှင့် သီချင်းရေးတာ အလုပ်ဖြစ်မည်။ သို့သော် ဘာနှင့် ရေးရမလဲ။ ကျွန်တော်တို့မှာ စက္ကူမရှိ၊ မိလ္လာသုံးရန် အိမ်မှ အဝတ်စများမှာ ပြီးသုံးရသည်။ စက္ကူမရှိ။ ဒီတော့ ကြံရပြီ။ ပလပ်စတစ်စပေါ်မှာ သံချောင်းလေးနှင့် ခြစ်ရေးကြည့်သည်။ ပလပ်စတစ်စ ပေါက်သွားသည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ဖျာကြမ်းကို ချိုး၍ ရေးကြည့်သည်။ နည်းနည်းထင်သည်။ ဖတ်မရ။ ဟုတ်ပြီ။ မှင် မှင် လိုနေသည်။ ရေချိုးဆင်းရင်း အုတ်နီခဲ ကောက်လာသည်။ အရည်ဖျော်ပြီး ဖျာကြမ်းအစနှင့် တို့ကာ တို့ကာရေးသည်။ မရ။ လက်နှင့် ဖိလိုက်တာနှင့်ပင် ပျက်တော့၏။ ကြဲစမ်း ဂတုန်းဥဏ် ကြဲစမ်း။

ဟုတ်ပြီ။ ပလပ်စတစ်စကို နံရံမှာ လျှောက်ပွတ်သည်။ နံရံသုတ်ထားသော ထုံးတွေပေကုန်သည်။ အဲဒီအပေါ်မှာ ဖျာကြမ်းစနှင့်ရေးကြည့်သည်။ ဖျာကြမ်းစ စူးနစ်သွားသောနေရာတွေမှာ ထုံးတွေဝင်ကုန်သည်။ သည်ပလပ်စတစ် အစကို နံရံမှာကပ်လိုက်တော့နောက်ခံအဖြူပေါ်မှာ ပလပ်စတစ်အကြည်စက ''အရိပ်''လို စာသားတွေ ပေါ်လာတော့ ၏။ ''အောင်ပြီ အောင်ပြီ''။ ''ယူရီကာ ယူရီကာ'' လို့သာ အော်လိုက်ချင်တော့သည်။

× × ×

သီချင်းတွေ၊ ကဗျာတွေ၊ ဝတ္ထုတွေ၊ ဇာတ်ညွှန်းတွေ စရေးလေပြီ။ ထောင်ထွက်တူရိယာလေးနှင့်တီးလိုက်၊ ထောင်ထွက် ပလပ်စတစ်ပေါ်ရေးလိုက်နှင့် ကျွန်တော်၏ ထောင်တွင်းနေ့ ထောင်တွင်းညများ တရိပ်ရိပ်ကုန်စေခဲ့သည်။ ပလပ်စတစ်အစပေါ် စာရေးနည်းကို မင်းကိုနိုင်ဆီ ပြောပြလိုက်တော့ သူ သဘောကျသွား၏။ သူ



http://myanmarebooksfree.blogspot.com

လည်း သီချင်းတွေ ကဗျာတွေ ရေးလေသည်။ သူနှင့် ကျွန်တော် ရေးပြီးသားသီချင်း ကဗျာတွေ လဲလှယ်ဖတ်ကြသည်။ သည်နေရာမှာ ကျွန်တော် ဝေါဟာရတစ်ခု မိတ်ဆက်ပေးချင်ပါသည်။ (ဘောက်ချာအောင်းခြင်း) လူမွေးတာဟုဆိုနိုင်သည်။ ကျွန်တော်တို့ကို ထမင်းပို့ပေးဖို့ ရေနွေးပို့ပေးဖို့ ထောင်ဝန်ထမ်းတွေသာ လုပ်ရသည်။ အခြားနေရာတွေမှာတော့ "ရိုးရိုးအကျဉ်းသား"တွေ လုပ်ရ၏။ ကျွန်တော်တို့ အထူးဝင်းက လုံခြုံရေးအထူးတင်းကျပ်ထားသဖြင့် အခြားအကျဉ်းသားတွေ မဝင်ရချေ။ သည်တော့ ထောင်ဝန်ထမ်းထဲက ကိုယ်စည်းရုံးလို့ရမည့် သူ့ကို ရှာရသည်။ ကျွန်တော့်ဘာသာ အရည်အချင်း သတ်မှတ်ရ၏။

(၁) အသက်ကြီးရမည်။ (အသက်ငယ်လျှင် ရမ်းလုပ်မည်။ မဆင်မခြင် လုပ်မည်။ ပြီးတော့ ထောင်ဝန်ထမ်း အသက်ငယ်ငယ်တွေက နှုတ်ဖွာလေ့ရှိသည်)

(၂) အိမ်ထောင်သည်ဖြစ်ရမည်။ (အိမ်ထောင်သည်ဆိုလျှင် စီးပွားရေးမပြေလည်ဖို့ သေချာသည်)

(၃) အနိမ့်ဆုံးတပ်ကြပ်ဖြစ်ရမည်။ (ရဲဘော်ထက်စာလျှင် တပ်ကြပ်တွေက အဖော်မပါဘဲ ကျွန်တော်တို့ဆီ လာ၍ရသည်)

သည်တော့ ထောင်ကြပ်သုံးယောက်ထဲက ဖြစ်နိုင်ချေအရှိဆုံးကို ရွေးရသည်။ အသက်ငါးဆယ်ကျော် တပ်မှာ ဒဏ်ရာရပြီး



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ထောင်သို့ ပြောင်းရွှေ့လာသည့် ကိုဝင်းတင်ကို ရွေးမိ၏။ ကျွန်တော် လူရွေးတာ မှန်သွားသည်။ သူက ပိပိရိရိနှင့် ကူညီသည်။ ကျွန်တော်က ရမ်းမခိုင်းရဲ။ ပထမအဆင့် မင်းကိုနိုင်နှင့် ကျွန်တော့်အကြား စာအသွား အလာ လုပ်ဖို့ကိုသာ ခိုင်းရသည်။ အဆင်ပြေ၏။ မင်းကိုနိုင်၏ စာသားကို ကျွန်တော်က သံစဉ်ထည့်ကာ သီချင်းတွေ ဖြစ်လာသည်။ ညနေစောင်း ထောင်ပိတ်ချိန်ဆိုလျှင် ကျွန်တော် အော်ပြီးဆိုပြတော့ မင်းကိုနိုင်က သဘောကျ၊ နောက်တစ်နေ့မှာ သူ့ဆီက မှတ်ချက်ပြန်လာ။ တော်တော် အလုပ်ဖြစ်နေသည်။ တစ်ခါ ရုပ်ရှင်ဇာတ်ညွှန်းရေးနည်း ပြောပြပါ ဆိုတော့ ကျွန်တော်က မင်းကိုနိုင်ဆီကို ပလပ်စတစ်စပို့ရသည်။ အခန်းစဉ်ခွဲနည်း၊ နေ့ညခွဲနည်း၊ သရုပ်ဆောင်ခွဲနည်း၊ အိမ်အတွင်း အိမ်အပြင်ခွဲနည်း စသဖြင့်ရှင်းပြရသည်။ သူလည်း အလုပ်ရ ကျွန်တော် လည်း အချိန်ကုန်သလို အကျိုးလည်းရှိလှသည်။ သီချင်းတွေအ များကြီးရေးဖြစ်သလို ဇာတ်ညွှန်းတွေလည်းရေးဖြစ်သည်။ မင်းကိုနိုင်က မမပြုံးပြုံးပြပါနှင့် ဓမ္မာသောက ရုပ်ရှင်ဇာတ်ညွှန်းနှစ်ပုဒ်ရေးဖြစ်သည်။ ကျွန်တော်ကတော့ မင်္ဂလာရယ်မှ မဏ္ဍိုင်၊ လက်စွဲတော်၊ အမျိုးကို ချစ်ပါနှင့် သူမသာကိုယ်မသာ ဇာတ်ညွှန်းများရေး ဖြစ်၏။ ကျွန်တော့် မင်္ဂလာရယ်မှ မဏ္ဍိုင်ဇာတ်လမ်းက အငြိမ့်လောက အခြေခံဇာတ်။ သည်တော့ မင်းကိုနိုင်၏ သဘင်ပိုးက ထလာသည်။ သူလည်းလေ သကြန်မင်းသားပေမို့ အငြိမ့်သီချင်းရေးချင်သည်ဆိုလာ၏။ တကယ်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



လည်း ရေးဖြစ်သည်။ သုံးပုဒ်။ ပဝါဖြူ၊ ဒေါင်းမလေးနှင့် မိသားစုတို့ဖြစ်သည်။

တဖြည်းဖြည်းနှင့် ကျွန်တော်တို့၏ ဖန်တီးမှုတွေအားကောင်းလာသည်။ အာရုံစူးစိုက်မှု ကောင်းလွန်း၍ထင့်။ အနုပညာထုတ်ကုန်တွေပုံလာသည်။ ဝတ္ထု၊ ကဗျာ၊ သီချင်း၊ ဇာတ်ညွှန်းတွေ တော်တော်များလာ၏။ ဒါတွေကို အပြင်သို့ထုတ်ရန် ကြိုးပမ်းရမည်။ ဒါကတော့ စွန့်စားခန်းတစ်ခု။ ထောင်ကြပ်လောက်နှင့်မဖြစ်။ ထောင်မှူးဒါမှမဟုတ် ထောက်လှမ်းရေး တစ်ယောက်လောက်ကို စည်းရုံးရမည်။ ဖြစ်နိုင်ချေအရှိဆုံးလူကို ကျွန်တော် ရွေးရတော့သည်။ ပင်ပန်းလှပါဘိ။

ထောင်မှူးနှစ်ယောက်ရှိသည်။ နှစ်ယောက်စလုံး မစွန်။ ကျွန်တော်က တိုက်ရိုက်ပြောလို့ မဖြစ်၍ သွယ်ဝိုက်ပြောကြည့်သည်။ အရိပ်အခြေမကောင်း။ သည်တော့ ထောင်ကြပ်ကိုဝင်းတင်ကိုပဲ တီးရခေါက်ရသည်။ ထောက်လှမ်းရေးလေးယောက်ထဲက ဖြစ်နိုင်ချေရှိသူပေါ့။ တပ်သားနှစ်ယောက် ဒုတပ်ကြပ်တစ်ယောက် တပ်ကြပ်တစ်ယောက်။ တပ်ကြပ်က မစွန်။ အခြောက်တိုက် ဖနောင့်သံစူးနေသူ။ ကြွစောင်းစောင်း။ သူ့ကိုယ်သူ ဗိုလ်ချုပ်ခင်ညွန့်လောက် ထင်နေသူ။ တပ်သားရဲထွဋ်က အရက်သမား။ အာချောင်သူ။ တပ်သားဝင်းဇော်နှင့် ဒုတပ်ကြပ် သန်းလှိုင်မြင့် နှစ်ယောက်သာ ကျန်သည်။ ထောင်ကြပ်ကို ဝင်းတင်၏ စကားများအရ နှစ်ယောက်လုံး အရောင်းအဝယ်သမား



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



တွေ။ ထောင်မှာက ပိုက်ဆံရှာနည်းအမျိုးမျိုးရှိ၏။ အပြင်မှ စားစရာ သောက်စရာ သယ်လာပေးတာမျိုးရှိသလို အပြင်မှစားစရာသောက်စရာကို ဝယ်လာပေးတာမျိုးလည်း ရှိသည်။ ထောင်ဝန်ထမ်းတွေက သည်လိုနည်းနှင့်ပဲ အပြင်ဝင်ငွေရှာရသည်။ သို့သော် နိုင်ငံရေးအကျဉ်းသားတွေအတွက် သယ်မပေး ဝယ်မပေးရန် တင်းကျပ်စွာ တားမြစ်ထားသည်။ အဆောင်တွေမှာသွားပြီး ဝယ်ရောင်းလုပ်နိုင်သည်။ သို့သော် အကန့်အသတ်နှင့်ဖြစ်၏။ ထောင်ဘူးဝမှာ ဝန်ထမ်းအချင်းချင်း ပစ္စည်းရှာသည်။ ကွမ်းဆိုလျှင် တစ်ထုပ် ဟင်းဆိုလျှင်လည်း တစ်ထုပ်။ ဆေးပေါ့လိပ်ဆိုလျှင် ဆယ်လိပ်ထက်မပိုရ။ စီးကရက်ဆိုလျှင် တစ်ဘူး။ ဒီထက်ပို သယ်ခွင့်မရှိချေ။ အပြင်မှာ တစ်ရာတန်ပစ္စည်းဆိုလျှင် ထောင်ထဲမှာ သုံးရာ။ ဒီတော့ ဝန်ထမ်းတွေထောပြီလို့ မမှတ်ပါနဲ့။ တံခါးမှ ဝန်ထမ်းမိန်းဂျေးမှ ဝန်ထမ်းတွေနှင့် ခွဲစားရတာဖြစ်၏။ ဒီလိုဆို ထောင်ထဲက အကျဉ်းသားတွေ ပိုက်ဆံဘယ်လိုရသလဲ မေးစရာပင်။ ထောင်မှူးတွေ ထောင်ကြပ်တွေက သွင်းပေး၏။ အိမ်မှ ထောင်ဝင်စာလာလျှင် ထိုထောင်မှူး ထောင်ကြပ်များကို မိသားစုဝင်တွေ က ပိုက်ဆံပေးခဲ့သည်။ ထိုပိုက်ဆံကို အကျဉ်းသားတွေ အပြည့် မရချေ။ သယ်ယူပို့ဆောင်ခတစ်ထောင်ကို နှစ်ရာပေးရသည်။ မိမိအိမ်မှ လူများက တစ်သောင်းပေးခဲ့လျှင် ကိုယ်က ရှစ်ထောင်သာ ရလေသည်။ ရိုးရိုးထောင်ဝန်ထမ်းတွေက ပိုက်ဆံမသယ်ရဲ။ သူတို့အိမ်



http://myanmarebooksfree.blogspot.com

ထဲမှာ ပိုက်ဆံတွေ့လျှင် တံခါးမှာသိမ်းသည်။ ထောင်မှူးတွေကိုတော့ တံခါးဝန်ထမ်းက မရှာချေ။ ထို့အတူ ထောက်လှမ်းရေးတွေကို လည်း မရှာ။ လက်ဖျားနှင့်တောင်မတို့၊ ထောက်လှမ်းရေးကို အားလုံးကြောက်ကြရွံ့ကြသည်။ သည်တော့လည်း ထောက်လှမ်းရေး ငနဲတွေက ကောင်းကောင်းလုပ်စားကြတော့၏။ ဆေးလိပ်အစည်းလိုက် စီးကရက် အတောင့်လိုက် သယ်သည်။ သူတို့က ဝေစုခွဲပေးစရာမလို။ သို့သော်လည်း အဆောင်ကို သူတို့ သွားမရောင်းရဲ။ အဲသလောက် မျက်နှာမပြောင်ရဲ။ သည်တော့ ထောင်ကြပ်ကိုဝင်းတင်နှင့် တွဲကြသည်။ ထောက်လှမ်းရေးက ပစ္စည်းသယ် ကိုဝင်းတင်က အဆောင်မှာ သွားရောင်း။ နှစ်ဦးနှစ်ဖက် အကျိုးရှိကြပေသည်။

သည်တော့ ကျွန်တော် လမ်းကြောင်းဖွင့်ရသည်။ ကျွန်တော်၏ ပလပ်စတစ်အစများကို ထောင်ပြင်သို့ ထုတ်ပေးရန်၊ ကျွန်တော်၏ အိမ်မှ ထောင်ဝင်စာလာတွေ့လျှင် ကျွန်တော့်မိန်းမလက်ထဲသို့ ထည့်ပေးလိုက်ရန် ကြေးညှိရတော့၏။ ကျွန်တော် ရေးထားသည့် သီချင်း ကဗျာစာများကို သူတို့က သိပ်မယုံ။ လျှို့ဝှက်အချက်ပြစာဖြစ်မှာ ကြောက်၏။ ကျွန်တော်က ဖတ်ကြည့်ပြီးမှ ပို့ချင်ပို့ မပို့ချင်နေဟု တင်းလိုက်ရသည်။ ဒီနေရာမှာ သင်ခန်းစာတစ်ခု ရလိုက်၏။ ညှိနှိုင်းခြင်း ဈေးဆစ်ခြင်းနှင့် သဘောညီခြင်း အနုပညာ။ ကိုယ့်ဘက်က ရိုးသားမှုကို အရင်ထုတ်ပြလိုက်တော့ သူ့ဘက်က ပျော့ပျောင်းလာခြင်းပင်။



http://myanmarebooksfree.blogspot.com

ပလပ်စတစ်အစများကို ထုတ်ယူသွားတာထက် စက္ကူပေါ်လက်ရေးသေးသေးနဲ့ရေး၊ ဖြည်းဖြည်းချင်း ထုတ်ယူသွားမည်ဟု ဆိုလာသည်။ ကျွန်တော်က နှစ်ပတ်တစ်ခါ ထောင်ဝင်စာလာတွေ့သဖြင့် တစ်နေ့တစ်ရွက် ၁၃ ရွက်ဖြစ်ပေမည်။ သည်တော့ တစ်သောင်းသုံးထောင် သူက တောင်း၏။ ကျွန်တော်က တစ်လတစ်ခါ နှစ်သောင်းနှင့်ညှိသည်။ တစ်လမှာ ၂၆ ရွက် မရေးနိုင်လည်း နှစ်သောင်းပေးမည်။ သူက ထပ်ညှိသည်။ တစ်လလျှင် အရွက် ၂၀ ပဲ သယ်နိုင်မည်။ သူ့အကြောင်းပြချက်ကလည်း ခိုင်သည်။ ထောင်ထဲမှာ သူညအိပ်ရ သည့် တာဝန်ကျနေလျှင် ထိုနေ့စာမထုတ်နိုင်။ သို့ဖြင့် တစ်လနှစ်သောင်း အရွက်နှစ်ဆယ်နှင့် သဘောတူလိုက်ကြတော့သည်။ ကျွန်တော့်ဘက်က နိုင်ငံရေးအကြောင်း လုံဝထည့်မရေးဖို့ တာဝန်ယူရသလို ခဲတံနှင့် စာရွက်လွတ်ပေးဖို့ သူ့ဘက်က သဘောတူ၏။ မင်းကိုနိုင်ကိုပြောပြတော့ ပထမ သူသဘောမကျချေ။ ''ဟ''ပေးထားတာဟုထင်သည်။ ကျွန်တော်က ''ကဗျာ၊ သီချင်း၊ ဇာတ်ညွှန်း'' မှတစ်ပါး ဘာမှပေးမှာမဟုတ်လို့ စိုးရိမ်စရာ မရှိနိုင်ဟုထင်သည်။ နိုင်ငံရေးအကြောင်း လုံးဝမရေး။ အကယ်၍ သူတို့ မိတ္တူကူးထားလျှင်လည်း ကူးပစေဟု ပိုင်းဖြတ်ထား၏။ သို့ဖြင့် ပဏာမ သဘောတူညီချက်ရယူပြီးနောက် ရေးပြီးသမျှ ဇာတ်ညွှန်းတွေ အပြင်ထုတ်ဖို့ ပလပ်စတစ်စပေါ်မှ စက္ကူပေါ်သို့ ပြောင်းကူးရပါလေတော့သည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ




ကျွန်တော်ကတော့ ကိုယ့်ဘာသာကိုယ် တော်တော်သဘော ကျနေ၏။ အချိန်တွေ တရိပ်ရိပ်ကုန်သွားသည်ကိုး။ သည်အထဲ နေမ ကောင်းဖြစ်ရပြန်သည်။ အစာစား၍မရ။ စားသမျှအန်သည်။ အချဉ် ရည်တွေ ထွက်လာလိုက် အခါးရည်တွေ ထွက်လာလိုက် ဖြစ်နေ၏။ သေချာပြီ။ အစာအိမ်တော့ နာချေပြီ။ ကျွန်တော့် အစာအိမ်သည် အကြော်အလှော် များနှင့်မတည့်။ အစာမချက်နိုင်။ ထောင်ထဲမှာဆိုတော့ ငါးခြောက်ကြော် ငါးပိကြော်မှတစ်ပါး ဘာမှမရနိုင်။ သည်တော့လည်း ထောင်ဆေးရုံကိုပဲ အကြောင်းကြားရတော့၏။ ထုံးစံအတိုင်း "ဆန်ပြုတ် တစ်ပတ်သောက်၊ ဆိုဒါမင့်ဆေးပြား လက်တစ်ဆုပ်ယူထား၊ ဆေးရုံစာ ၃ ရက်"ဟူ၍ အမိန့်တော် ချမှတ်သွားတော့သည်။ ပထမတစ်ကြိမ် ထောင်ထဲရောက်စဉ် ကလောက် ဆေးရုံစာပေါပေါများများ မရတော့ ချေ။ ထောင်ဘတ်ဂျက်ထိခိုက်နေပုံရသည်။ ထောင်ရန်ပုံငွေ ရရှိရေး အတွက် နိုင်ငံခြားညေ့်သည်များကို ထောင်လေ့လာရေးခရီးစဉ် ရေး ဆွဲပေးပါက တော်တော်ပိုက်ဆံရပေလိမ့်မည်။ ကျွန်တော်တို့ကို အကျဉ်းခန်းထဲထည့်ထား၊ သူတို့က တိရစ္ဆာန်ရုံထဲ လှည့်ကြည့်သလို အပြင်ကနေကြည့်။ ဆိုင်းဘုတ်ကလေး ထောင်ထားသင့်သေး၏။ "အကျဉ်း သားများအား အစာကျွေးခြင်း သည်းခံပါ"။ ကိုင်း ဘယ် လောက်ကောင်းတဲ့ ကတုံးရဲ့ဉာဏ်လဲဗျာ။

× × ×



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



# စာဥအော်ပရေရှင်း

ကျွန်တော် ထောင်ထဲရောက်နေချိန်မှာ တစ်ရှိန်ထိုး နာမည်ကြီးလာသော သီချင်းနှစ်ပုဒ်ရှိသည်။ ဗဒင်၏ 'တို့ကတော့ တို့ကတော့'ရယ် ဟာသ်ာတထွန်းရင်၏ 'စာဥ' ရယ်ဖြစ်သည်။ အင်းစိန်ထောင်ပတ်လည် ရပ်ကွက်တွေက မနားတမ်းဖွင့်သည်။ ဗဒင်နှင့် ဟာသ်ာတထွန်းရင် မောသွားတော့ သူတို့ကိုယ်တိုင် ဆိုကြ၏။ သူတို့မောသွားလျှင် ဟာသ်ာတထွန်းရင်နှင့် ဗဒင်အလှည့်ပြန်ရောက်တော့သည်။

ကျွန်တော်ကတော့ ထိုသီချင်းနှစ်ပုဒ်လုံး အလွတ်ရနေပြီ။ မရခံနိုင်ရိုးလား။ မနက်ငါးနာရီကနေ ညဆယ်နာရီလောက်ထိ မနားတမ်းကြားနေရတာကိုး။ စာဥနဲ့ ဗဒင် ဗဒင်နဲ့ စာဥ၊ သူတစ်ပြန် ငါတစ်ပြန် ဗိုလ်လုကြပါတော့သတည်း။ စာဥရေ ရွာအရောက်ပြန်ခဲ့ပါ . . . သိုးမည်းဟောင်းကြီးတွေ ပြေးထွက်လာပြီး...မင်းကိုကြိုဆိုမယ်...။

× × ×

မနက်စောစီးစီး နေမှမထွက်သေးခင် စာဥက အသားကုန် အော်နေပြီ။ ဘယ်အားကိုးနဲ့ ဆွေမျိုးမေ့အောင် ဟစ်နေမှန်းမသိ။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



အသံကတော့ ယခင်အခါကာလများနှင့်လားလားမှမဆိုင်။ တော့်တော် ကိုကျယ်သည်။ များသောအားဖြင့် စာဥသည် မြောက်ဘက်အရပ်မှ လာလေ့ရှိသည်။ အင်းစိန်ထောင်၏ တောင်ဘက်နှင့် အနောက်ဘက် တွေဆီက လာလေ့မရှိ။ ခုတော့ စာဥသည် တောင်ဘက်မှ ထောင် ထွက်လာသည်။ စူးရှပြပြ။

"နေညိုညို တိမ်တောက်တဲ့ခါ ... ရွာလမ်းဘေးမှာ"

တိမ်မတောက် နေမညို အရုဏ်ကျင်းစ မိုးမှမလင်းသေး စာဥ ဘာဖြစ်တာပါလိမ့်။ ပြီးတော့ စာဥက တစ်ခေါက်နှင့်မရပ်။ ကျော့ကာ ကျော့ကာ ဆိုနေသည်။ ဘယ်လိုဖြစ်သလဲ စာဥ။ မျက်နှာသစ်ချိန် ရောက်တော့ တံခါးလာမဖွင့်။ မေ့များနေရော့သလား။ ဟိုသည် ဝဲယာ ကြည့်ပြန်ပါလည်း လူအရိပ်အခြေမတွေ့။ ဝန်ထမ်းတွေ သေများသွား လေပြီလား။ မကြာမီ ဝီစီသံတွေကြားရ၏။ ဟိုက် ထောင်လှန့်တာ လား။ ထောင်မှာ Alert လုပ်တာကို 'အလန့်' ဟုခေါ်သည်။ ကြာတော့ 'ထောင်လှန့်'သည်ဟု တွင်လေ၏။ များသောအားဖြင့် တနင်္ဂနွေမှသာ ထောင်အလန့်လုပ်လေ့ရှိသည်။ ခုတော့ ကြားရက်ကြီး။

"ဘယ်ညာ ဘယ်ညာ ဘယ်ညာ ဘယ်"

"ခုလောက်ဆိုရင် စာဥတောင် အပျိုကြီးဖြစ်လို့..."

"ဘယ်ညာ ဘယ်ညာ ဘယ်ညာ ဘယ့်"

"ရွာမှာဆို ကွမ်းတောင်ကိုင်...တဲ့"

စာဥနဲ့ ဘယ်ညာတော့ တွယ်တာနေကြပါပေ့။ ကိုင်းဘာ တုန်းကွာဟုဆိုကာ ပြတင်းပေါက်မှာ လက်ထောက်ပြီး နားထောင်နေ လိုက်သည်။ လူသံတွေ ဆူညံပွက်လောထ။ အော်သံဟစ်သံကြုံးဝါးသံ။



http://myanmarebooksfree.blogspot.com

အမိန့်ပေးသံ။ 'ရိုက်ကွာ' ဆိုသော အသံကို အများဆုံးကြားရသည်။ သေချာပြီ။ ထောင်ထဲမှာ ပြဿနာတစ်ခုခုတော့ ဖြစ်ပြီ။ ထောင်ဝန်ထမ်းနှင့် အကျဉ်းသား ပြဿနာစပြီ။

ပြီးခဲ့သော တစ်ပတ်ကတည်းက ၄ ဆောင်မှာ ကွိုင်တက်ခဲ့ဖူးပြီ။ ရေချိုးချိန်မှာ အကျဉ်းသားတစ်ယောက် ရေခွက်လွတ်ကျရာမှ စသော ပြဿနာ။ အမှန်ကတော့ ရေခွက်လို့ မခေါ်သင့်ပါ။ 'ရေပန်းကန်' ဖြစ်၏။ ထမင်းစား 'ဒန်ပန်းကန်ပြား'နှင့် ရေချိုးရခြင်းပင်။ ရေကန်စောင့်ဘာယာ (ကိုလိုနီခေတ်က အသုံးအနှုန်းဖြစ်၏။ အကျဉ်းသားထဲမှ တစ်ယောက် ရွေးပြီး ရေကန်အုပ်ချုပ်သူ ခန့်အပ်ထားခြင်းပင်) က ရေကန်ထိပ်မှာ တက်ကာ မတ်တတ်ရပ်။ 'ခတ်'လို့ သူအော်မှ အကျဉ်းသားတွေက ရေပန်းကန်ပြားနှင့် တစ်ခွက်ခတ်ရသည်။ 'ချိုး'လို့ သူအော်မှ အကျဉ်းသားတွေ ရေလောင်းခွင့်ရှိသည်။ သုံးပန်းကန်လောင်းပြီးချိန်မှာတော့ ရေကန် ဘာယာက ''ချေးတွန်း''ဟု အော်လိုက်လေရာ ဆပ်ပြာရှိသူက ဆပ်ပြာနှင့် ဆပ်ပြာမရှိသူက လက်နှင့်ချေးတွန်းရတော့၏။ ချေးတွန်းပြီးချိန်မှာ ရေကန်ဘာယာက 'ခတ်' လို့ အော်လိုက်သည်နှင့် ရေပြန်ခတ်ကာ နောက်ထပ်သုံးပန်းကန်ချိုးခွင့်ရသည်။ ထိုသုံးပန်းကန်ချိုးအပြီးမှာတော့ တစ်နေ့တာ ရေချိုးခြင်းလုပ်ငန်း ပြီးဆုံးတော့၏။

ရုပ်ပေါက်သူတွေက စိမ်ပြေနပြေ ရေချိုးခွင့်ရှိသည်။ သူတို့က အိပ်တော့ ဘုရားခန်း၊ စားတော့ ရုံးခန်း၊ အိမ်သာတက်တော့ အထူးခန်း၊ ရေချိုးတော့ မရပ်တန်း။ အဆောင်၏ ခေါင်းရင်းမှာ ဘုရားပုံတော်ချိတ်ဆွဲထားသည်။ ဒါကို ဘုရားခန်းဟုခေါ်၏။ ပိုက်ဆံတတ်နိုင်သူတွေက အဆောင်တန်းစည်းမှတစ်ဆင့် တာဝန်ကျထောင်မှူး



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကို လာဘ်ထိုးကာ ဘုရားခန်းမှာ နေရာယူပြီး အိပ်ကြ၏။ ဘယ်ညာ လှည့်လို့ရသည်။ ကျန်အကျဉ်းသားတွေကတော့ ဘယ်ဆို ဘယ်ဘက် ညာဆိုညာဘက် တစ်ဘက်ထဲသာလှည့်ပြီး အိပ်ခွင့်ရှိသည်။ ပက်လက် အိပ်လို့မရ။ ဘယ်ရောညာရော နှစ်ဘက်လုံးစောင်းအိပ်လို့ မရချေ။ ရုပ်ပေါက်သူတွေက ထမင်းစားတော့လည်း ဝန်ထမ်းရုံးခန်းမှာ။ အမှန် ကတော့ ဝန်ထမ်းတွေကို စားဦးစားဖျား ဦးချရခြင်းပင်။ ပိုက်ဆံတတ် နိုင်သူတွေဆိုတော့ အပြင်ကို ဟင်းမှာသည်။ တခြားအကျဉ်းသားတွေ မြင်မှာစိုးလို့ ရုံးခန်းထဲမှာစားရ၏။ သည်တော့ 'အိမ်ထမင်း အိမ်ဟင်း ဆီပြန်လတ်ဆတ်'ကို နေ့တိုင်းပွဲတော်တည်ရသည်။ ရေနွေးကြမ်း ကော်ဖီပါ အဆင်သင့်။ သည်လိုအိပ်ဖို့ သည်လိုစားဖို့ ငွေကို လမ်းခင်း ကြရ၏။ ပိုက်ဆံနှင့် စကားပြောကြရသည်။ အိမ်သာတက်တော့ သူတို့အတွက် ခွက်ထိုးပေးရသည်။ ကျန်အကျဉ်းသားတွေက အများ သုံးဇလားမှာ အိမ်သာတက်ရသည်။ တစ်ခါတလေ အိမ်သာပြည့် အိမ် သာလျှံနေသဖြင့် နှာခေါင်းပိတ်ကာ ကြိတ်ရလေ့ရှိ၏။ ရုပ်ပေါက်သူ တွေကတော့ သူတို့အိမ်သာတက်တော့မည်ဆိုလျှင် အိမ်သာစောင့် မိလ္လာအကျဉ်းသားက အီအီးခွက် ထိုးပေးရသည်။ ထိုအီအီးခွက်ထဲ မိလ္လာအကျဉ်းသားက အီအီးခွက်ကို ဇလားထဲသွားသွန်ကြရ၏။ ရေချိုး တော့လည်း အကျဉ်းသားအားလုံး ရေချိုးပြီးချိန်ကျမှ နောက်ပိုင်းမင်း သားများက ချေးတွန်းပေးသူ အဝတ်လျှော်ပေးသူ ရံရွေတော်များနှင့် ရေချိုးဆင်းကြတော့သည်။

နိုင်ငံရေးအကျဉ်းသားတွေရောက်လာတော့ ဒီလိုအဆင့်အတန်း ခွဲခြားမှု မတရားမှုတွေကို ခေါင်းငုံ့လက်ပိုက် ကြည့်မနေနိုင်ကြတော့ချေ။



http://myanmarebooksfree.blogspot.com

''ရေချိုးချိန် တိတိကျကျသတ်မှတ်ဖို့ ရေဝဝချိုးဖို့'' အစာငတ်ခံဆန္ဒပြခဲ့ကြတော့၏။ ထောင်အာဏာပိုင်တွေဘက်က ပထမအဆင့်လိုက်လျောခဲ့သော်လည်း လူအုပ်စုတွေခွဲခဲ့သည်။ နိုင်ငံရေးအကျဉ်းသားတွေ တစ်နေရာတည်းမှာ စုထားလျှင် ပြဿနာတက်လိမ့်မည်။ ထို့ကြောင့် အဆောင်အသီးသီးသို့ ခွဲထုတ်ပစ်လိုက်တော့သည်။ သို့သော် မရ။ နိုင်ငံရေးအကျဉ်းသားတွေက စုစည်းသည်။ ညီညွတ်သည်။ အခြားအကျဉ်းသားများကို အဆင့်အတန်း မခွဲ။ တန်းတူ ဆက်ဆံသည်။ ပြဿနာပေါ်လာလျှင် ရှေ့က ရင်းပေးသည်။ ဒါကို ထောင်အာဏာပိုင်တို့၏ လက်ပါးစေ လက်ကိုင်တုတ် အကျဉ်းသားတန်းစည်း၊ ဘုတ်ကိုင်၊ ဘာယာတွေက မကြိုက်ကြ။ သည်လိုဖြစ်နေချိန်မှာ ရိုးရိုးအကျဉ်းသားတစ်ဦး ရေချိုးရင်း ရေပန်းကန်လက်မှ လွတ်ကျသည်။ ဒါကို ဘာယာက တမင်လုပ်သည်ဆိုကာ ရိုက်သည်။ သည်တော့ နိုင်ငံရေးအကျဉ်းသားတွေက ဘာယာကို ဝင်ထိုးကြ၏။

နောက်ဆုံးအပြေက အားလုံးဒေါက်ခြေကျဉ်း။ ခြေထောက်နှစ်ဖက်ကို ခြေကျင်းဝတ်နေရာမှာ သံကွင်းစွပ်၊ ခြေထောက်နှစ်ချောင်းကြားမှာ သံချောင်းကို ဒေါက်ကဲ့သို့ တားထားခြင်းကိုခေါ်သည်။ ထိုဒေါက်ခြေကျဉ်းနှင့် လမ်းလျှောက်ရခက်သလို ထိုင်ရလည်း ခက်သည်။ အိပ်သည့်အခါ ပို၍ဆိုးသည်။ သို့လေသော်လည်း မတတ်သာ။ အီအီပါးလည်း မတ်တတ်။ ထမင်းစားလည်း မတ်တတ်။ ရေချိုးလည်း မတ်တတ်။ ၃ ရက်လောက် ဒေါက်ခြေကျဉ်းဒဏ်ခံရလျှင် ခြေထောက်တွေ ယောင်ကိုင်းလာတော့၏။ ခြေကျင်းနှင့်ပင် ကျပ်နေတင်းနေ တတ်သည်။ တော်တော်ဆိုးသည့် ငရဲခန်းတွေပင်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ခုလည်း ပြဿနာတစ်ခုခုတက်နေတာ သေချာပြီ။ အော်ဟစ်သံတွေက ဆူညံပွက်လောရိုက်။ စာဥကလည်း အသံကုန်အော်။ မော်တော်ကားသံတွေ၊ ဝီစီသံတွေလည်း ပိုဆူလာသည်။ ကျွန်တော့်မှာ အသံသာကြားနေရသဖြင့် အသည်းတော်တော်ယားလှသည်။ နေ့လယ်ခင်းလောက်ကျမှ အသံတွေငြိမ်သွား၏။ ထိုအခါကျမှ စာဥလည်း တိတ်သွားသည်။ ခုမှ သဘောပေါက်တော့သည်။ ထောင်တွင်းဆူပူမှုကို အပြင်မှမကြားအောင် စာဥသီချင်းဖွင့်ထားခြင်းပေကိုး။ ဩော် စာဥ စာဥ နင်လည်းအကျဉ်းဦးစီးဘက်က ပါနေတာကိုး။

× × ×

ဇာတ်ရည်က ခုမှ လည်တော့သည်။ ညနေမစောင်းမီမှာပင် ကိုရွှေ ကိုရှိန်း အဝတ်ထုပ်ပိုက်ပြီး ကျွန်တော့်အခန်းရောက်လာသည်။ သူ့ကို ၄ တိုက်မှ ပိန္နဲသီးတိုက်ဆီသို့ ရွှေ့ပေးလိုက်တာဖြစ်၏။ သူ့အပြောအရ တိုက်ဝင်းထဲမှာ ဆူပူမှုဖြစ်သည်တဲ့။ ရွေးကောက်ပွဲအပြီးမှာ စတည်လာခဲ့သော ဇာတ်လမ်းပင်။ နဂိုက နိုင်ငံရေးအကျဉ်းသားများကို ဖိထားနှိပ်ထားသော ဝန်ထမ်းများအား အချို့နိုင်ငံရေးအကျဉ်းသားများက မှတ်ထားကြသည်။ ရွေးကောက်ပွဲမှာ NLD နိုင်တော့ ထိုဝန်ထမ်းတွေကို နိုင်ငံရေးအကျဉ်းသားတွေက သင်ခန်းစာပြန်ပေးကြ၏။ ဂန္ဒီပွဲအပြီး လူဖမ်းပွဲနောက်မှာတော့ ထိုဝန်ထမ်းများက လက်ခမောင်းခတ်လာကာ နိုင်ငံရေးအကျဉ်းသားများကို အငြိုးနှင့် တိုး၍ ဖိနှိပ်လာတော့သည်။ ရေချိုးချိန် ၁၅ မိနစ်ဆိုတာကို သိသိကြီးနှင့် လျှော့ပစ်သည်။ ရှစ်ပေ ပတ်လည် အုတ်ခန်းကျဉ်းထဲမှာ နှစ်ယောက် သုံးယောက်ပေါင်းပြီး နေ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ရတာဆိုတော့ ညောင်းညာကြသည်။ ရေချိုးဆင်းချိန်လေး ၁၅ မိနစ်မှာ ဆယ်မိနစ်လောက် လေ့ကျင့်ခန်းလုပ်ပြီး ကျန်ငါးမိနစ်အတွင်း အဝတ်လျှော်ရေချိုးလုပ်ကြရတာဖြစ်၏။ ခုလို ဝန်ထမ်းတွေက ညစ်လာတော့ နိုင်ငံရေးအကျဉ်းသားတွေ ဒေါပွလာကြသည်။ ထောင်ဝင်စာအထုပ်တွေကို သံချွန်နှင့် ထိုးဖောက်သလို ယူစားပစ်ကြသေးသည်။ အိမ်ကပို့ပေးသည့် သွားတိုက်ဆေးကို ပလပ်စတစ်အိတ်ထဲ ညှစ်ထည့်ပြီးမှပေး၏။ သွားတိုက် ဆေးဘူးမပေး။ သွားပွတ်တံကို ချိုးပြီးပေးသည်။ သွားပွတ်တံအရှည်ကို ဖင်ဖျားမှာ သွေး၍ ဓားလိုဆောင့်ထိုး၍ ရသည်ဆိုသောအကြောင်းပြချက်နှင့်ဖြစ်၏။ များလွန်းတော့ သည်းညည်းမခံနိုင်တော့။ ရေချိုးချိန်မှာ သောက်ရေခပ်ရလေ့ရှိသည်။ ကိုစိုးသိန်း (NLD) အလှည့်မှာ ရေခပ်ခွင့်မပေး အချိန်စေ့ပြီဟုဆိုသဖြင့် ကိုစိုးသိန်းက ဝန်ထမ်းကို ရေအိုးနှင့် ခေါင်းရိုက်ခွဲပစ်လိုက်သည်။ ထိုမှစ၍ နိုင်ငံရေးအကျဉ်းသားနှင့် ထောင်ဝန်ထမ်းရိုက်ပွဲစလေတော့သည်။ သည်မှာတင် သူတို့ဘက်က မီးသတ်ပိုက်တွေနဲ့ထိုး အတင်းဝင်ရိုက် ရိုက်သံနှက်သံ အော်သံတွေကို အပြင်မှမကြားရအောင် စာဥသီချင်းကို အကျယ်ကြီး ဖွင့်ထားခြင်းပင်။ အရိုင်းရှင်းပြမှ ဖာတ်ရည်လည်တော့သည်။ နိုင်ငံရေးအကျဉ်းသားတော်တော် များများအထိနာကြ၏။ ဘကြီးမိုး (ဦးမိုးသူ)၊ ဘကြီးအောင် (ဦးအောင်လွင်)တို့တောင် မလွတ်။ အချောင်အရိုက်ခံကြရသည်။

နောက်ဆက်တွဲကတော့ အားလုံးနေရာရွှေ့။ ထောင်ပြောင်းခံရသူတွေလည်း အမြောက်အမြား။ သာယာဝတီထောင်၊ သရက်ထောင်နှင့် တောင်ငူထောင်များသို့ ရွှေ့ပစ်လိုက်ကြသည်။ ထောင်ကြပ်



http://myanmarebooksfree.blogspot.com

ကိုဝင်းတင်၏ စကားအရ နိုင်ငံရေးအကျဉ်းသားများကို ဘဲမြီးပုံဆံပင် ရိတ်ပြီး အင်းစိန်ဘူတာကြီးသို့ လေးယောက်တစ်တွဲ သံခြေကျင်းခတ် သံကြိုးနှင့်ချည်ပြီး ပို့လိုက်သည်ဟု သိရ၏။ တော်တော်လူမဆန်သော လုပ်ရပ် လူကို လူလို့မမြင်ကြသည့်လုပ်ရပ် လူ၏တန်ဖိုးကို တစ်ပြားမှ မတန်အောင် နှိမ့်ချသောလုပ်ရပ်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို တောင်းဆိုခဲ့ကြသူများ၏ ဆုလာဘ်ကား ဒါပဲလား။ ပြည်သူအတွက် ပြည်သူအတွက်ဟု ပြည်သူရှေ့မှ မားမားမတ်မတ်ထွက်ရပ်ခဲ့သူများအ တွက် ရရှိခဲ့ သည့်အဖြေဟာ ဒါပဲလား။ ကျွန်တော့်ရင်မှာ ဆတ်ဆတ်ခါ နာကျင်မဆုံး။

× × ×

အရိုင်းရောက်လာပြီး သုံးရက်ကြာတော့ လူသစ်နှစ်ဦးရောက် လာပြန်သည်။ မျက်နှာတွေ အဝတ်နှင့် အုပ်ထားသဖြင့် မည်သူမည် ဝါ မသိရ။ ဝဝနှင့် ပိန်ပိန်။ နှစ်ယောက်လုံးက ဖြူသည်။ သူတို့နှင့် အတူ ပါလာသည့် ပစ္စည်းတွေက မနည်းမနော။ ထောင်ထဲရောက် လာသည်နှင့်မတူဘဲ အိမ်ပြောင်းလာသလိုပင်။ အိပ်ရာလိပ်များ တောင်ပါလာသေး၏။ မုန့်ပုံးတွေကလည်း လေးငါးပုံး၊ ခေါင်းလျှော်ရည် ဘူးတွေ၊ ဆပ်ပြာအရည်ဘူးတွေလည်း ပါလာသည်။ နိုင်ငံရေးအကျဉ်း သားတော့ မဖြစ်နိုင်။

သူတို့ကို လိုက်လံပို့ဆောင်သူများ ထွက်သွားတော့မှ ''အဟမ်း အဟမ်း ဟိုဘက်ခန်းက နောင်တော်များ''လို့ လှမ်းခေါ်ကြည့်လိုက်၏။ ဘာမှပြန်မပြော ပြန်မထူး။ တစ်ခါခေါ်လည်း မထူး နှစ်ခါခေါ်လည်း

မြန်မာ စာအုပ်များ



မထူးဆိုတော့နေဟ ဆိုပြီး ပစ်ထားလိုက်ရတော့သည်။

နောက်တစ်နာရီလောက်အကြာမှာပင် ထောင်ထောင်မောင်းမောင်း လူတစ်ယောက်ကို ခေါင်းစွပ်နှင့် ခေါ်လာပြန်သည်။ သူ့ကိုတော့ အစွန်ဆုံးအခန်းသို့ ပို့လိုက်၏။ ကျွန်တော်တို့ ပိန္နဲသီးတိုက်မှာ အခန်းနံပါတ်မရှိ။ ကျွန်တော့်ဘာသာ နံပါတ်ပေးလိုက်ရသည်။ ကျွန်တော့်အခန်းက (၁)။ စကားမပြန်သော လူဝဝနှင့် လူပိန်ပိန်တို့ အခန်းက (၂)။ ထောင်ထောင်မောင်းမောင်းလူက အခန်း(၃)မှာဟု အမှတ်သညာပြုလိုက်ရသည်။

နာရီဝက်အတွင်းမှာပင်ပဲ အခန်း(၃)နှင့် အဆက်အသွယ်ရ၏။ ကိုစိုးသိန်း(ခ) စစ်ကိုနိုင် (NLD)။ ဟိုင်းကြီး ကျွန်းသား။ လုပ်သားကောလိပ်ကျောင်းသား။ မြန်မာ့လက်ရွေးစင်ဘောလီဘောသမား။ သတင်းစာထဲမှာ ဟိုးဟိုးကျော်ခဲ့သူဖြစ်၏။ သူ့အမှုနှင့် ဆက်နွှယ်ပြီး ကိုယ်ဝန်ဖျက်ချပေးသူ ဆရာဝန်တွေ သားဖွားဆရာမတွေပါ ဖမ်းခံခဲ့ရသည်။ မဆီမဆိုင် ဦးဝင်းတင် (NLD) ပါ ထောင်ချခံခဲ့ရ၏။ အမှန်ကတော့ သက်သက်အသရေဖျက်လိုခြင်းပင်။ ကိုစိုးသိန်းကား NLD မှအားကိုးရသည့် လူငယ်တစ်ဦးဖြစ်သလို မသူဇာကလည်း NLD ဌာနချုပ်ရုံးမှာ သွက်လက်တက်ကြွသော ဝန်ထမ်းတစ်ဦးဖြစ်၏။ လူငယ်တို့ ဘာသာဘာဝ ချစ်ကျွမ်းဝင်ပြီး နိုင်ငံရေးလုပ်လိုသေးသဖြင့် ကလေးမယူဘဲ ဖျက်ချခဲ့ခြင်းပင်။ ဒါကို ဟိုးလေးတစ်ကျော်ဖြစ်အောင် လုပ်ပြီး ထောင်ထဲဆွဲထည့်လာတာဖြစ်၏။ ကိုစိုးသိန်းသည် အင်္ဂါသား ပီပီ စိတ်ဆတ်သည်၊ ထစ်ကနဲဆို လက်ပါသည်။ ခုလည်း ဝန်ထမ်းကို ရေအိုးနှင့် ရိုက်ရာမှ တစ်ထောင်လုံး ဆူပူမှုဖြစ်ပြီး သူ့ကို ကျွန်တော်တို့



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ပိန္နဲသီးတိုက်ဆီ ပို့လိုက်ခြင်းပင်။

အခန်း (၂) က ကိုရွှေတေမိ နှစ်ဦးကတော့ (နေပြည်တော်) ဦးသန်းထွန်းနှင့် ကိုဇော်ဝင်း(ခ) လီယင်းဆောင်တို့ဖြစ်သည်။ သူတို့နှင့် အမှုတွဲနှစ်ယောက်ကျန်သေး၏။ ဒေါ်စိုးစိုးထွန်းနှင့် ပေစိ(ခ) ဦးလှမြင့်တို့ပင်။ သူတို့အမှုက ကြီးသည်။ ပတ္တမြားအမှု။ န•ဝ•တ ပတ္တမြား ဟုခေါ်ကြသည်။ အမှန်ကတော့ ဦးသန်းထွန်း ပတ္တမြား။ န•ဝ•တ အစိုးရလက်ထက်မှာ မိုးကုတ်ပတ္တမြားတွင်းတွေကို ငှားသည်။ ဦးသန်းထွန်းတို့ ဇနီးမောင်နှံရယ်၊ ဦးဇော်ဝင်းရယ်၊ ဦးလှမြင့်ရယ် လေးဦးရှယ်ယာစပ်ပြီး ပတ္တမြားတွင်း နှစ်တွင်းကို လေလံဝင်ဆွဲတော့ နှစ်တွင်းလုံး အောင်ခဲ့၏။ ကံက ကောင်းချင်တော့ ''အရည်အသွေးရော အရွယ်အစားပါ အလွန်ထူးခြားကောင်းမွန်သည့်'' ပတ္တမြားကြီးကို ရလေသည်။ လမ်းကြောင်းအမှန်ကတော့ ကျောက်မျက်ဌာနကိုအပ်၊ ချိတ်ပိတ်ပြီး ရန်ကုန်ပို့၊ ရာဖြတ်ဌာနက တန်ဖိုးဖြတ်ပြီး ''အစိုးရက ဝယ်လျှင်ဝယ် မဝယ်လျှင် ပြပွဲတင်ပြီးရောင်းဖို့''ဖြစ်၏။ ဒီကို ဦးသန်းထွန်းတို့က မယုံ။ အစိုးရကို ပေးလိုက်လျှင် သေချာပေါက် ဈေးနှိမ်ခံရမည် (သို့မဟုတ်) နိုင်ငံတော်သို့ လှူရလိမ့်မည်။ ဒီပတ္တမြားကြီးကလည်း ထူးမှထူး မဟုတ်လား။ ကိုဇော်ဝင်း၏ အဆိုအရ သူတို့ကျောက်တူး ခဲ့သည့် သက်တမ်းတစ်လျှောက် သည်လိုပတ္တမြား သည့်တစ်ခါသာ တွေ့ဖူးသည်တဲ့။ သည်တော့ သူတို့ ဆုံးဖြတ်လိုက်သည်။ ကျောက်မျက်ကို မပို့တော့ဘဲ အိမ်ပြန်ယူသွားမည်။ ပြီးလျှင် ယိုးဒယားမှာ သွားရောင်းမည်။ အလုပ်သမားတွေကိုတော့ ဒေါ်စိုးစိုးထွန်းက အုပ်ချုပ်ပြီး ကျောက်တွင်းကို ဟန်မပျက် ဆက်တူးစေခဲ့သည်။ ဦးသန်းထွန်းတို့



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



သုံးဦးသား ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ကြ၏။ ဖြစ်ချင်တော့ ထိုင်းနိုင်ငံမှာလည်း ပတ္တမြားကြီးကို မည်သူမျှ တန်ဖိုးမဖြတ်နိုင်။ ဒေါ်လာသန်းသုံးဆယ် ပြောသူကပြော တစ်ရာပြောသူကပြော ဖြစ်နေ၏။ ပိုဆိုးတာက သူတို့နောက် တကောက်ကောက်လိုက်နေကြခြင်းပင်။ အကောင်းလိုက်တာမဟုတ်။ လူကိုဖြောင်ပစ်ပြီး ပတ္တမြားလုဖို့ လိုက်တာဖြစ်သည်။ သည်တော့ သူတို့ဆုံးဖြတ်လိုက်ပြီး ရန်ကုန်ကိုပြန်လာကြတော့၏။

ရန်ကုန်ရောက်တော့ သမ္မတဟိုတယ်မှာတည်းပြီး အစိုးရနှင့်ညှိနှိုင်းဖို့ ကြိုးစားနေစဉ် အဖမ်းခံရခြင်းဖြစ်သည်။ နိုင်ငံတော်ပိုင်ပစ္စည်းကို တိုင်းပြည်ပြင်ပသို့ ခိုးထုတ်မှုဖြင့် တရားစွဲဆိုထောင်ချခံခဲ့ရ၏။ သူတို့လည်း စာဥအော်ပရေးရှင်းအပြီးမှာ နေရာရွှေ့ခံရပြီး ပိန္နဲသီးတိုက်သို့ ရောက်လာတော့သည်။

သို့ဆိုစေ ၁၉၉၀ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့သည် ထောင်မှတ်တမ်းမှာ သမိုင်းဝင်သွားခဲ့လေပြီ။ စာဥသီချင်းကို တစ်သက်မမေ့နိုင်တော့။ ကိုယ်အရိုက်မခံရသော်ငြား အရိုက်ခံရသလို ဆတ်ဆတ်ခါနာသည်။ ''တချို့တွေ နေနိုင်လွန်းတယ်''ဟူသော သီချင်းသံကို ထပ်ပြန်တလဲလဲကြားမိနေ၏။ သည်ခရီးဘယ်လောက်ရှည်ကြာဦးမလဲ။ ဘယ်သူမှမသိ။ ဖိတ်တစ်ဝက် စင်တချို့ဖြစ်ကြပေဦးမည်။ ဒါသည်ပင် မြန်မာ့နိုင်ငံရေးဖြစ်၏။ ကောသလ အိပ်မက်လည်း မှန်နေပေဦးမည်။ သေချာတာတစ်ခုကတော့ ကျွန်တော့်ဘဝမှာ 'စာဥ' စွဲကျန်ခဲ့လေပြီ။

× × ×



http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



# ထောင်ဝင်စာ

သည်စကားကို ဘယ်သူက စတင်တီထွင်သွားမှန်းမသိချေ။ ထောင်ဝင်စာ။ ထောင်ကို ဝင်လာတဲ့စာလား၊ ထောင်ကို ဝင်လာတဲ့ အစာလား။ ရေရာတိကျသောအဖြေမရှိသော်ငြား သည်အခေါ်အဝေါ်က နှုတ်ကျိုးနေပြီ။ အိမ်ကမိသားစုနှင့်တွေ့တာကို 'ထောင်ဝင်စာ'ဟု ခေါ်သည်လို့သာ မှတ်သားလိုက်ရတော့၏။ န•ဝ•တ ထုံးစံအတိုင်း လိုက်ပြင်ပြန်တော့ 'ညှိတွေ့'တဲ့။ ဘယ်သူမှမခေါ်။ ထောင်ဝန်ထမ်း တွေကတောင် မသုံးမနှုန်း၊ ထောင်ဝင်စာနှင့် နှုတ်ကျိုးနေလေပြီ။

အင်းစိန်ထောင်မှာ ထောင်ဝင်စာတွေ့ပုံနှစ်မျိုးရှိသည်။ အကြမ်း အားဖြင့် ရိုးရိုးတွေ့နှင့် အထူးတွေ့တို့ဖြစ်၏။ ရိုးရိုးတွေ့ဆိုတာက သံဆန်ကာပတ်လည်ကာထားသည့် လေးထောင့်စပ်စပ်အခန်းထဲမှာ အိမ်ကလာသူတွေက တစ်ဖက်၊ အကျဉ်းသားတွေကတစ်ဖက် နောက် မှာ ထောင်ဝန်ထမ်းတွေ စောင့်နေပြီး သတ်မှတ်ချိန် ၁၅ မိနစ်ပြည့် သည်နှင့် စကားပြောတာရပ်ခိုင်းပြီး ပြန်ထွက်ကြရလေသည်။ သည်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



နေရာမှာ အခွင့်အရေးပိုရသူတွေက(ဘောက်ချာတွေ)က သူများတွေ ထွက်သွားသော်လည်း ထိုင်ကျန်နေကြကာ နောက်ထပ် အကျဉ်းသား တစ်သုတ် တက်မလာမချင်းစကားပြော ခွင့်ရကြ၏။ ပိုက်ဆံမျက်နှာ။ အမှန်ကတော့ ထောင်ဝင်စာခန်းထဲမှာ တစ်ဖက်နှင့်တစ်ဖက်အပြိုင် ပြောကြရင်း အသံတွေက ဆူလို့ ညံလို့။ တစ်ခါတလေ ဘာပြောသွား မှန်းတောင်မသိ။ အချိန်သာပြည့်သွားသည်။ သူဘာပြောမှန်း ကိုယ် ဘာပြောမှန်း မရေရာ။ သို့သော်လည်း ဒီလိုတွေ့ခွင့်ရတာကိုပဲ အထူး အခွင့်အရေးလို့ သတ်မှတ်နေရ၏။ သည်ထောင်ဝင်စာမှတစ်ဆင့်သာ သတင်းတွေ စီးဆင်းနိုင်တာကိုး။

နောက်တစ်မျိုး အထူးတွေ့ဆိုတာက သီးခြားစီစဉ်ထားသော အခန်းလေးထဲမှာ တွေ့ရခြင်းပင်။ သံတိုင်မှာ ခြင်ဆန်ကာတွေ ကာ ထားသည်။ တစ်ဖက်မှာ မိသားစုကထိုင်ပြီး အတွင်းဘက်မှာအကျဉ်း သားက ထိုင်ရ၏။ အော်စရာ ဟစ်စရာမလို။ ပြီးတော့ အချိန်ကို ငဲ့စရာမလို။ ထောက်လှမ်းရေးက ခွင့်ပေးလျှင် ပေးသလောက် နာရီဝက် တစ်နာရီ ပြောခွင့်ရှိသည်။ သို့သော်လည်း ကျွန်တော်တို့ ပြောသမျှ သူတို့လိုက်မှတ်ကြ၏။ တာဝန်ကျထောက်လှမ်းရေးနှစ်ဦးက လိုက်ရေးလေ့ရှိသည်။ ပြီးလျှင် ချက်ချင်း အစီရင် ခံစာတင်ရသည်။ အကယ်၍ ကျွန်တော်တို့က နိုင်ငံရေးနှင့်ပတ်သက်ပြီး အပြင်မှာကြား တာမျိုး မိသားစုက နိုင်ငံရေးနှင့်ပတ်သက်ပြီး သတင်းပြောသွား



http://myanmarebooksfree.blogspot.com

သတင်းပေးသွားတာမျိုးဆိုလျှင် ချက်ချင်းအရေးယူသည်။ ထောင်ဝင်စာပိတ်ပစ်သည်။ အေးအေးဆေးဆေး စကားပြောရတာ မှန်သော်လည်း မလွတ်လပ်။ ကိုယ်သိချင်သော သတင်းတွေကို မေးမရ။ အိမ်သူသက်ထားကလည်း ကြောက်တတ်၏။ မပြော။ ကျွန်တော့်အဖေနှင့်အမေလာမှသာ မေးလို့ရသည်။ သူတို့ကတော့ ဘယ်သူမှ ဂရုမစိုက်ကြချေ။

ကျွန်တော်နှင့် အရိုင်းက ထောင်ဝင်စာကို တစ်ပတ်စီခွဲထားသည်။ ပထမတစ်ပတ် စနေနေ့မှာ ကျွန်တော့် ထောင်ဝင်စာဆိုလျှင် နောက်တစ်ပတ် စနေမှာ အရိုင်း၏ ထောင်ဝင်စာ။ သည်တော့ ဟင်းအစိုကို တစ်ပတ်တစ်ရက် စားခွင့်ရသည်။ အကျဉ်းသားဘဝမှာ ဟင်းအစိုကား 'ရွှေ'။ ကြာကြာခံသည့် ငါးပိငါးခြောက်၊ ဘာလချောင်ကြော်တို့ကိုသာ ဦးစားပေးစားကြရ၏။ ကျွန်တော့်အစာအိမ်က ဆီကြော်တွေနှင့် မတည့်။ ဆီကြော်တွေစားလျှင် အစာမကြေချင်။ ပြီးတော့ ကျွန်တော်က အစပ်အပူမကြိုက်။ အရိုင်းက အစပ်အပူအလွန်ကြိုက်။ ထမင်းစားလျှင် ငရုတ်သီးပါမှ ငပိပါမှ ဆိုသည့်လူစားမျိုး။ ကျွန်တော်က ဗိုက်ထဲကိုအစာရောက်ဖို့ အဓိက၊ တာဝန်တစ်ခုလိုသတ်မှတ်ပြီး ထမင်းစားနေခြင်းသာ။ အရိုင်းကတော့ မဟုတ်၊ ထမင်းတစ်ခါစားဖို့ တော်တော်အချိန်ယူသည်။ ထောင်ဝင်းထဲက မြင်းခွာရွက်တွေ၊ ကိုက်လန်ရွက်တွေ၊ ကန်စွန်းရွက်တွေကို ဝန်ထမ်းတွေ



http://myanmarebooksfree.blogspot.com

ထောက်လှမ်းရေးတွေကု ချူးခိုင်း၏။ ပြီးတော့မှ ရေနွေးနှင့် ပြုတ်သည်။ ထောင်မှပေးသည့် ငါးပိခဲကို ရေနွေးနှင့် အရည်ဖျော်ပြီး အိမ်မှ မှာယူထားသည့် ငရုတ်သီးမှုန့်ကို ဖြူးကာ ငါးပိရည်နှင့် တို့စရာ ဖန်တီး၏။ ကျွန်တော်က စိတ်မရှည်။ ထမင်းတစ်ခါ စားရဖို့အရေး သည်လောက်စောင့်နေရတာ မကြိုက်။ သူကတော့ သူ့လက်ရာကို စားစေချင်သည်။ ကျွန်တော် မကြိုက်သော်လည်း အောင့်အီးကာ သူ့ငါးပိရည်နှင့် တို့စရာကို စားရ၏။ နားထင်နာရင်းတွေလည်းပူ၊ ချွေးတွေလည်း ဒီးဒီးကျ။ လျှာတွေလည်း ပူစပ်ပူလောင်။ ကျွန်တော့်ကို ကြည့်ပြီး သူ့မှာ သဘောကျမဆုံး။ တကယ်တော့ ထောင်ထဲမှာ ကြံဖန်ပျော်နေရခြင်းသာ။ ကျွန်တော်ကတော့ ဆုံးဖြတ်လိုက်၏။ နောက်နောင် သူ့ငါးပိရည်စားမည့်အစား ကိုယ့်လျှာကိုယ် မီးရှို့လိုက်မည်ဟု။

× × ×

ကျွန်တော့်အိမ်မှ ထည့်ပေးလိုက်သော ထောင်ဝင်စာအထုပ်ကိုကြည့်ပြီး ကျွန်တော် တော်တော်ပေါက်ကွဲမိနေသည်။ ဟင်းတွေက လည်း ရောရောနှောနှော။ ငါးနှင့် ဝက်သားဟင်းကိုတော့ ကျွန်တော့်အမေ တစ်အိုးထဲ ထည့်မချက်မှာ သေချာလွန်းလှ၏။ ပန်းငေါ်ဖီကြော်နှင့် ကြက်သားဟင်းလည်း လုံးလုံးထွေးထွေး။ အဆိုးဆုံးကား ပေါင်



http://myanmarebooksfree.blogspot.com

မုန့်တွေထဲ ဟင်းဆီတွေ ဝင်နေခြင်းပင်။ ပေါင်မုန့်တွေ၏ အလယ် တည့်တည့်မှာ ဝါနေတော့၏။

တာဝန်ကျထောက်လှမ်းရေး တပ်ကြပ်သန်းညွှန့်ကို ခေါ်ပြီး ပြရသည်။ ကျွန်တော်၏ ဟင်းထုပ်တွေကို ထောင်ဝန်ထမ်းတွေ မွှေထားတာ သေချာနေပြီ။ ကိုင်း ခင်ဗျားဘာလုပ်ပေးမလဲဟု။ သူလည်း ခေါင်းကုတ် ဖင်ကုတ်ဖြစ်သွားသည်။ ပြီးမှ မိန်းဂျေးတာဝန်ခံထောင် မှူးကို သွားခေါ်လာ၏။ (မိန်းဂျေးဆိုသည်မှာ အင်္ဂလိပ်ဝေါဟာရ Main Jail ကို တိုက်ရိုက်အသံဖလှယ်ယူထားခြင်းပင်။ ထောင်ကြီးတစ်ခုလုံး၏ အလယ်ဗဟိုမှာ ရုံးတစ်ရုံးရှိသည်။ ထိုရုံးမှပင် ထောင်တွင်းရှိ အဆောင် များ တိုက်များကို ကွပ်ကဲရသည်။ မည်သည့်အကျဉ်းသားမဆို ထိုမိန်းဂျေးရုံးရှေ့မှသာ ဖြတ်သန်းသွားလာခွင့်ရှိသည်။ တခြားနေရာမှ သွားခွင့်မရှိချေ) မိန်းဂျေးတာဝန်ခံထောင်မှူး ရောက်လာတော့ ဟင်း ထုပ်တွေကို ကြည့်ပြီး တောင်းပန်သည်။ ဟင်းအစားထိုးပေးပါမည် ပြော၏။ ဒါတော့မဖြစ်။ ကျွန်တော့်မိခင်၏ လက်ရာနှင့် မတူနိုင်ချေ။

သို့ဖြင့် ကျွန်တော်နှင့် အရိုင်းတို့နှစ်ဦးသား အိမ်ထမင်း အိမ်ဟင်း ဖြင့် ခံတွင်းမြိန်မြိန် စားလိုက်ကြသည်။ ပေါင်မုန့်တွေကိုတော့ တစ်ဖဲ့စီ ဖဲ့ဖဲ့ပြီး ကျီးကန်းတွေကို ပစ်ကျွေးလိုက်သည်။ ကျီးကန်းတွေလည်း ပွဲတော်ဖြစ်သွား၏။ ကျွန်တော်တို့ အခန်းနောက်မှာ ကျီးညီလာခံတစ်မျှ စည်ကားနေပေတော့သတည်း။

× × ×

မြန်မာ စာအုပ်များ



ခုတစ်ပတ် အရိုင်းအိမ်က လာသည့် ထောင်ဝင်စာထုပ်မှာတော့ ပုံမပျက်ပန်းမပျက်၊ အရာမယွင်း။ သို့သော် ပေါင်မုန့်တွေအလယ်မှာ ဆီတွေဝင်နေပြန်သေးသည်။ ဒါတော့ သိပ်အဓိပ္ပာယ်မရှိတော့ချေ။ ဘယ်က ဆီတွေ စိမ့်ဝင်လာသနည်း။ လက်သည်ရှာမိသည်။ မတွေ့။ အဖြေကို ရှာမရ။ သို့ဖြင့် ထောင်ကြပ်ကိုဝင်းတင်ကို ခေါ်ရတော့သည်။ သည်ပေါင်မုန့်၏အလည်မှာ ဆီ ဘယ်ကရောက်လာသနည်းဆိုတာကို အဖြေရှာခိုင်းလိုက်တော့မှ • • • လား • • • လား • • • ကိုယ့်လည်စေ့ ကိုယ် တုတ်နဲ့ရိုက်ပြီးသာ သေလိုက်ဖို့ကောင်းတော့၏။ ပူတင်းပေါင် မုန့်တဲ့။ ကျွန်တော်တို့ တစ်ခါမှ မတွေ့ဘူး စားလည်း မစားခဲ့ဘူးချေ။ နည်းနည်းပါးပါး မြည်းကြည့်လိုက်ဖို့တော့ ကောင်းသည်။ မစူးမစမ်းဘဲ သူများတွေကို အပြစ်တင် ကျီးကန်းတွေကို ကျွေးလုပ်ခဲ့မိတာ မှားလေပြီ။ တစ်ဖက်ကကြည့်လျှင် ထောင်မှာလည်း တာဝန်ရှိသည်။ သူတို့က မုန့်ထုပ်တွေထဲက စက္ကူမုန့်သမျှ ဖြုတ်၍ထုတ်၍သိမ်းသည်။ ကျွန်တော် တို့ လက်သို့ ဘာစက္ကူမှ မရောက်စေရ။ မရှိသေစကား အိမ်သာသုံး စက္ကူတောင် မပေး။ အိမ်သာသုံးဖို့ အဝတ်စကလေးတွေ အိမ်ကို မှာထားရ၏။ အိမ်က ပေးပို့လိုက်သော အဝတ်စများ ကုန်သွားလျှင် ပိန္နဲရွက်၊ ဗန်ဒါရွက်၊ မာလကာရွက်တို့ဖြင့် အစားထိုးရပါတော့သည်။

ဘာပဲဖြစ်ဖြစ် ပူတင်းပေါင်မုန့်ကတော့ သမိုင်းတွင်သွားလေ ပြီ။ ထောက်လှမ်းရေးတွေ ထောင်ဝန်ထမ်းတွေလည်း ခုမှပြုံးနိုင်ရယ်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



နိုင်ကြ၏။ ကျွန်တော်တို့၏ ပူတင်းပေါင်မုန့်ဇာတ်လမ်းကတော့ တိုက်ခန်းအသီးသီးသို့ ပျံ့နှံ့သွားလေပြီ။ ဒီလောက်တောင် တုံးရသလားဟူသော မှတ်ချက်ကလည်း ကပ်ပါလာသည်။ လူရှင်တော်မှာ အနာခံပြီး ပြက်ရသည့် ပြက်လုံးရှိသည်။ သို့မှ ပရိသတ်က ရယ်၏။ ဆိုပါတော့။

လူ(၁)။ ။ ငါ့မိန်းမ မုန့်လေပွေ ထွက်ရောင်းတာ သုံးရာတောင်ရသကွ။

လူ(၂)။ ။ ဟော… ဟုတ်လား အကြွေတွေကတော့ ကြေမွနေတာပဲနော်။

လူ(၁)။ ။ ဈေးသည်ဟာ ဈေးသည် မီးပူတိုက်ဖို့ အချိန်မရှိဘူး။

လူ(၃)။ ။ ဆံပင်တွေကလည်း ဖရိုဖရဲနဲ့။

လူ(၁)။ ။ ဘဝသမားတွေလေ အလှပြင်မနေနိုင်ပါဘူး။

လူ(၄)။ ။ သနပ်ခါးတွေကလည်း ပျက်နေသေး။

လူ(၁)။ ။ ချွေးထွက်တာကိုးဗျာ။

လူ(၂)။ ။ တင်ပါးမှာလည်း မြက်တွေ ဖုံတွေ ကပ်လို့ပါလား။

လူ(၁)။ ။ ဖာခံပြီး ပြန်လာတာကွာ ကဲ။

မန္တလေးက လူရွှင်တော်ကြီး ချန်ပီယံဦးဘလှိုင်၏ နာမည်ကျော်ပြက်လုံးဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် အနာခံပြီး လူရယ်ရအောင် ထွင်ခြင်းပင်။ သည်တော့လည်း ကျွန်တော်က ချော်လဲရောထိုင်ဖြင့် "လူပြက်တွပဲဗျာ။ အားလုံးကို ရယ်စေချင်လို့ အနာခံပြီး ပြောပြရတာ



http://myanmarebooksfree.blogspot.com

ပေါ့။ တကယ်တော့ ပူတင်းပေါင်မုန့်မသိဘဲ နေပါ့မလား''လို့ ဟန်ကိုယ့် ဖို့လုပ် လိုက်ရ၏။

တကယ်ကတော့ ကျွန်တော်ရော အရိုင်းပါ ပူတင်းပေါင်မုန့် ဆိုတာ စားဖူးဖို့ ဝေလာဝေး ကြားမျှပင် မကြားဘူးတာ အမှန်ပါခင်ဗျား။

× × ×

ထောင်ဝင်စာနှင့် ပတ်သက်ပြီး ကျွန်တော့် မေမေ ပြောပြသွားသည့် ထောင်ဝင်စာဇာတ်လမ်းကတော့ တော်တော်နာကျင်စရာကောင်းလှသည်။ အောင်ဒင်နှင့် ရွှေဘုန်းတို့ ညီအစ်ကို အင်းစိန်ထောင်မှ သရက်ထောင်သို့ ပြောင်းရွှေ့သွားကြသည်။ သူတို့ မိဘတွေနှင့် ကျွန်တော်မိဘတွေက ခင်သည်။ တစ်ပတ်တစ်ခါ သတင်းမေးဖြစ်ကြသည်။ ပြီးခဲ့သည့် အပတ်က အောင်ဒင်နှင့် ရွှေဘုန်းကို သူ့မိဘတွေက ထောင်ဝင်စာသွားတွေ့ကြ၏။ ညီအစ်ကို နှစ်ယောက်ရော မိဘနှစ်ပါးပါ မတ်တတ်ရပ် စကားပြောရသည်။ ထိုင်ခုံမရှိ။ ထိုင်စရာမပေး။ သူတို့ စကားပြောကောင်းနေစဉ်မှာပင် ''ပုံစံ''ဟု အော်သံကြားရပြီး ထောင်ဝင်စာခန်းထဲသို့ ထောင်ပိုင်ဝင်လာ၏။ ကျန်အကျဉ်းသားများ အားလုံး ကြမ်းပြင်ပေါ်ထိုင်ချကာ ခေါင်းငုံ့ထားရသည်။ ဒါ သက်သက်မဲ့ အရှက်ခွဲတာ ချိုးနှိမ်တာ ဖြစ်သည်။ မိသားစုတွေ့ရှေ့မှာ ကြမ်းပေါ်ထိုင် ခေါင်းငုံ့နေရမည်ဆိုတာ စော်ကားမှုတစ်ခုပင်။ သည်တော့ အောင်ဒင်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ရော ရွှေဘုန်းကပါ မထိုင်၊ မတ်တပ်ရပ်နေလိုက်သည်။ သည်တော့ ထောင်ပိုင်က မကျေနပ်၊ သူတို့ ညီအစ်ကိုနှစ်ယောက်ကို ပြစ်ဒဏ်ပေးသည့်အနေဖြင့် ထောင်ဝင်စာပိတ်သည်။ ပြီးတော့ ထောင်ပြောင်းပစ်လိုက်ပြီးတဲ့။


ကြားကြားချင်း ကျွန်တော် တော်တော်ဒေါ်ပွမိသည်။ သူတို့တွေသည် မြန်မာတွေ ဗုဒ္ဓဘာသာတွေ ဖြစ်သည်။ ပြီးတော့ သူတို့နှင့် ကျွန်တော်တို့ ရန်သူတွေ မဟုတ်ကြ။ တစ်ခါ အင်္ဂလိပ်ခေတ်ကတောင် မလုပ်ခဲ့ကြသည့် ''လူကို သိက္ခာချသောနည်း''တွေ အမျိုးမျိုး ကြံစည်လုပ်ဆောင်ကြသည်။ တစ်နေ့တစ်ချိန် ထိုလူများနှင့် ကျွန်တော် ပြန်ဆုံချင်ပါသေးသည်။

မှတ်ချက် ။ ။ အောင်ဒင်နှင့် ရွှေဘုန်းကို စော်ကားခဲ့သောထို ထောင်ပိုင်မှာ အသက်(၆၀)မပြည့်မီ ပင်စင်ပေးခံရပြီး လာဘ်စားမှုဖြင့် ထောင်(၂)နှစ် ချခံလိုက်ရသည်။

× × ×



http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



# ဆရာမင်းသိခ်နှင့် ထူးဆန်းသော လျှာအပိုနှစ်ချောင်း

ထောင်ထဲမှာ တိုင်းကျော် ပြည်ကျော် ဗေဒင်ဆရာကြီးနှစ်ယောက်ရှိသည်။ ဆရာမင်းသိခ်နှင့် ဆရာစံဇာနည်ဘိုတို့ပင်။ အသက်အရွယ်အရ စီနီယာနှင့် ဂျူနီယာ။ သူတို့တိုက်ဝန်းထဲမှာက လူစုံသလို အကြောင်းအရာကလည်းစုံ အဖြစ်အပျက်တွေကလည်း စုံလှ၏။ ကိုဖင်ဝိုင်းအစ်ကို ကိုလွင်က တိုက်တန်းစီး။ အဆိုတော် ကိုင်ဇာ၏အစ်ကို ဆီဇာကလည်း တောင်ယာဘုတ်ကိုင်။ သည်တော့ သူတို့ဆီကတစ်ဆင့် တိုက်ဝန်းထဲမှာ ဘာတွေဖြစ်ပျက်နေသည်ကို ကျွန်တော်ကြားရသိရသည်။ အထူးသဖြင့် ဆရာဦးသော်က ထောင်ထဲမှာ ဆုံးရှာပြီဆိုတော့ ကြေကွဲရသည်။ ဒါပဲလား။ တိုင်းပြည်အတွက် နိုင်ငံအတွက် မနေနိုင်မထိုင်နိုင် ဝင်လုပ်ခဲ့သူတို့အတွက် ဆုလာဘ်က ဒါပဲလား။ ကိုနေဝင်း၏ တချို့တွေနေနိုင်လွန်းတယ် သီချင်းကိုသာတွင်တွင်ကြီး ဆိုမိနေတော့သည်။

ကျွန်တော်ချစ်ရခင်ရသော ဦးကိုယု ဘကြီးမိုးတို့ ဘကြီးအောင်တို့အကြောင်းလည်း မပြတ်မေးနေရသည်။ သူတို့နှင့်တစ်ဆက်တည်း



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ဆရာမင်းသိခ်တို့ အန်ကယ်ဦးရဲထွန်းတို့အကြောင်းပါ မေးရလေသည်။ ဆရာမင်းသိခ်နှင့်ကျွန်တော်က ဇာတ်လမ်းတွေများစွာရှိသည်။ ကျွန်တော်ကလည်း ဗေဒင်လက္ခဏာဝါသနာပါတော့ ဆရာနှင့်အဖွဲ့ကျ၏။ အရေးတော်ပုံကာလတစ်လျှောက်ကလည်း တပူးပူးတတွဲတွဲ၊ ဟောပြောပွဲတွေမှာ အတူတူ၊ ကက်ဆက်ခွေသွင်းတော့လည်း အတူတူ။ တစ်ယောက်တစ်ခြမ်း။ ဆရာက Side A ကျွန်တော် က Side B ။ ထိုအခွေကလည်း တော်တော်ပေါက်သည်။ တစ်နိုင်ငံလုံး အနှံ့ဖွင့်ကြ၏။ မြန်မာနိုင်ငံ ကက်ဆက်ဇာတ်လမ်းပညာရှင်များ သမဂ္ဂမှ ဖြန့်ချိတာဖြစ်သည်။

ဆရာမင်းသိခ်နှင့် ဟောပြောပွဲတွေအတူသွားဖြစ်ရင်း တစ်နေ့တွံတေးတရားဟောပွဲမှာ ဆရာက ကျွန်တော့် မွေးနေ့ မွေးရက် မေးလာသည်။ လက္ခဏာကိုလည်း ကြည့်သည်။ တွဲလာတာ ကြာပြီဖြစ်သော်လည်း တစ်ခါမှ သည်လို မကြည့်ပေးဘူးခဲ့။ ကျွန်တော်ကလည်း အဟောခံချင်နေတာနှင့်အတော်ပဲ ဖြစ်သွားသည်။ ဆရာက သေသေချာချာကြည့်ပြီးမှ ဘဝမှာ အပြောင်းအလဲတွေအများကြီးတွေ့သွားမယ်။ အလုပ်တွေခဏခဏပြောင်းလုပ်ရမယ်။ လုပ်တိုင်းအောင်မြင်မယ်။ ဘာမှမပူနဲ့၊ အဖမ်းခံရစရာ အချုပ်အနှောင်ခံရစရာမရှိဘူး။ လုပ်စရာရှိတာတိုးပြီးလုပ်ဟု ဟောခဲ့သည်။ ကျွန်တော်လည်း တော်တော် သဘောကျသွား၏။ အကောင်းတွေချည်းမဟုတ်လား။ သို့သော်လည်း ဆရာဟောအပြီး တစ်လအကြာမှာ ကျွန်တော် အဖမ်းခံရလေတော့သည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



၁၉၈၉ ဧပြီလ ၂၁ ရက်နေ့မှာ ကျွန်တော် ထောင်ကလွတ်လာလာချင်း ဆရာ့ကိုမေးတော့ ဆရာရှောင်နေသည်ဟု သိရ၏။ နှစ်ရက်လောက်အကြာမှာ ဆရာ့ထံမှ လူလွှတ်လိုက်ပြီး ကျွန်တော်နှင့်တွေ့ချင်သည်ဆို၏။ သို့ဖြင့် ကျွန်တော်လိုက်သွားတော့ အနိတ္တိအိမ်နှင့် ကပ်လျက် ခြံထဲက ဂိုဒေါင်အပေါ်ထပ်မှာ ဆရာနှင့်တွေ့ရသည်။ ဆရာက ထုံးစံအတိုင်း တင်ပလ္လင်ချိတ်ကာ မိန့်မိန့်ကြီး။ သူ့လက်ထဲမှာတော့ ၁၂ လရာသီခွင် ဂြိုဟ်နက္ခတ်ဇယား။ ကျွန်တော့်ကို ထောင်ထဲက အခြေအနေတွေမေးသည်။ ထောက်လှမ်းရေးတွေရဲ့ အကြောင်းမေးသည်။ ကျွန်တော်ကလည်း စုံစုံစေ့စေ့ ဖြေလိုက်၏။ ဆရာ ကျွန်တော့်စကားအပြီးမှာ အပြင်ကို တွေတွေကြီးငေးပြီး ငါသွားပြီးအဖမ်းခံတော့မယ်ဟု လေသံလေးလေးဖြင့် ပြောလေတော့သည်။ ကျွန်တော်က သဘော မတူ။ ဘယ်သူက လိုက်ဖမ်းနေလို့ ကိုယ်က အဖမ်းခံရမှာလဲဟု မေးတော့ သူ့အိမ်ကို ထောက်လှမ်းရေးက လာလာရှာနေတာ ၅ ကြိမ်ထက် မနည်းတော့ဟု ဆိုသည်။ သူက ခတ်အေးအေးပဲပြောသည်။

(ဒီမှာကြည့် မင်းလည်းဗေဒင် နားလည်သားပဲ။ ငါအလွန်ဆုံး အချုပ်ထဲမှာနေရလှ နှစ်လပဲကွ)

ဟုအပိုင်ကြီးပြောချလိုက်သည်။ သူ့ယုံကြည်ချက်နှင့်သူဆိုတော့ ကျွန်တော်လည်း ဘာမှမပြောသာ။ သို့သော် စိုးရိမ်စိတ်ဖြင့် သေချာလို့လားဆရာရယ်ဆိုတော့ 'ဟကောင်ရ ငါဗေဒင်ဆရာပါ နှစ်လထက် ပိုမနေရဘူး ယတြာလည်း ချေမှာကွ'လို့ ဆိုလာတော့



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကျွန်တော်ကကော ဘာများတတ်နိုင်ပါအံ့နည်း။ ဆရာ့သဘောပါပဲလို့ ပြောလိုက်ရသည်။

သို့သော်လည်း ဆရာ ထောင်ဒဏ် အနှစ် ၂၀ ကျသွားလေသည်။ နှစ်တော့ နှစ်ပဲ။ နှစ်လနှင့် နှစ်နှစ်ဆယ်။ တော်တော်ကွာသွားချေပြီ။ ဗေဒင်ဆရာတစ်ယောက် ဘယ်နှခါလောက်များ မှားခွင့်ရှိလေမလဲဟု မေးလိုက်ချင်တော့ သည်။

ခုထောင်ထဲမှာ ဆရာနှင့် လာဆုံပြန်သည်။ လူချင်းမတွေ့ရသော်လည်း နေ့တိုင်းသတင်းမေးဖြစ်သည်။ စားစရာလေးတွေ ပို့ဖြစ်သည်။ ဆရာ့ဆီကလည်း လက်ဖက်ရည် ဝက်သားဟင်းတို့ ရတတ်သည်။ လူဆိုသည်မှာ ကိုယ်ပိုင် အမူအကျင့်စရိုက် သဘာဝပြောင်းလေ့မရှိချေ။ ကျားတွေကမှ အစင်းမပျောက်တာမဟုတ်။ လူက ကိုယ့်လက္ခဏာကိုယ် တော်တော်ထိန်းသည်။ ခုလည်းကြည့်၊ ဆရာမင်းသိင်္ခ ဟောလိုက်သည်တဲ့။ နိဝင်ဘာလ ၃၀ ရက် နောက်ဆုံးထားပြီး အားလုံး လွတ်မည်တဲ့။

ပျော်လိုက်ကြတာ။ ထောင်ထဲမှာ လွတ်တဲ့စကားလောက် ကြားရတာ နားဝင်ချိုစရာမရှိ။ မင်္ဂလာရှိလှပါဘိ။ ဆရာ့ဟောပြောချက်၏ နောက်ဆက်တွဲများကား တစ်ထောင်လုံး လှုပ်လှုပ်ခတ်ခတ် တစ်ယောက်နှင့်တစ်ယောက် စကားမပြောသူတွေ ပြောကုန်ကြသည်။ ခွင့်လွှတ်ပါဟု အပြန်ပြန်အလှန်လှန်တောင်းပန်ကြသည်။ သံသယဝင်သူတွေက သေချာရဲ့လားဆရာရယ်ဟုမေးတော့ (မမှန်ရင် လျှာလာဖြတ်)တဲ့။

သည်တော့လည်း အားလုံးက ယုံကြတာပေါ့။ ကိုယ့်အိမ်က



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ပေးလာသော စားစရာတွေလည်း အကုန်ချကျွေးကြ။ အကျႌတွေ အနွေးထည်တွေကိုလည်း မရှိန္ဒမ်းပါးသော တခြားရာဇဝတ်အကျဉ်းသား တွေကို ပေးပြစ်လိုက်ကြတော့သည်။ ထောင်ဝန်ထမ်းတွေကလည်း တအုန်းအုန်း။ ပစ္စည်းပေါသော ချမ်းသာသည့် အကျဉ်းသားတွေ၏ အခန်းရှေ့မှာ စီလို့တန်းလို့။

နိုဝင်ဘာ ၃၀ ရက် ညမှာတော့ တစ်ထောင်လုံး ငြိမ်ကျသွား တော့သည်။ ဘာသံမှမကြားရ။ ဘုရားရှိခိုးသံတောင် ထွက်မလာ။ အဆိုးဆုံးက ဆောင်းတွင်းည။ ခြုံစရာစောင်တွေလည်း ပေးပစ်လိုက် လို့ ကုန်ပြီ။ အနွေးထည်လည်းပေး ပစ်လိုက်ကြပြီ။ ပုဆိုးခြုံပြီးကွေး ဖို့သာရှိတော့၏။ သို့သော် မျှော်လင့်ချက်က မကုန်သေး။ ည ၁၂ နာရီ သံချောင်းခေါက် သံမကြားမချင်း အားလုံး ငုတ်တုတ်။ မျှော်နေလျက်ပင်။ အဖြေကတော့ နောက်တစ်နေ့ (ဒီဇင်ဘာလ တစ်ရက်နေ့) မနက် မှာ ဆရာမင်းသိခ် စကားမပြောသော ဝိပဿနာတရားစခန်း ဝင်သွားလေ တော့၏။

× × ×

ဆရာမင်းသိခ် ဝိပဿနာတရားစခန်းကထွက်တော့ အားလုံး က သူဘာပြောလေမလဲလို့ မျှော်ကြသည်။ ဆရာကတော့ ကြန္ဒြေကြီးလှသည်။ တစ်ခွန်းမှမပြွက်။ နောက်မှ သိရသည်။ နက္ခတ် အသွားအလာကို တစူးတစိုက်လေ့လာနေသည် ဆို၏။ သမာဓိ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကောင်းအောင် တရားမှတ်ပြီး အားလုံးလွှတ်ရေးမေတ္တာပို့ပေးနေသည်တဲ့။ သည်တော့လည်း အကျဉ်းသားအားလုံးက ဆရာ့ကို အားကိုးကြသည်။ မကြာပါချေ။ ဆရာကား ဟောလေပြီ။ ဇန်နဝါရီ ၃ ရက်နေ့ နောက်ဆုံးထားပြီး အားလုံးလွှတ်တော့မည်။ ဒီတစ်ခါ တကယ်။

ဘကြီးမိုးတို့ ဘကြီးအောင်တို့က သွားမေးတော့ ဆရာမင်းသိခ်က ဟော့လူတွေ ကျုပ်ပညာကို ကျုပ်ယုံတယ်။ မမှန်ရင် ဒီတစ်ခါ လျှာတကယ်လာဖြတ်ကြလို့ ဟောထုတ်လိုက်သည်။ ထုံးစံအတိုင်း အားလုံးမျှော်ကြပြန်လေပြီ။ လွှတ်ကြောင်တွေ ကြောင်ကြလေပြီ။ ထောင်ဝင်စာလာတွေ့သော အိမ်ကမိသားစုတွေကိုပါ ပြောလိုက်တော့ မိသားစုတွေလည်း ဝမ်းသာကြ။ ထိုသတင်းလည်း ပျံ့သွားလိုက်သည်မှာ ဘီဘီစီကတောင် ကြေညာရသည်အထိ ကျော်ကြားသွားတော့၏။ ထောင်အာဏာပိုင်များပင်လျှင် အူကြောင်ကြောင်။ ဇန်နဝါရီလ ၃ ရက်နေ့ မနက်စောစောကတည်းက မိသားစုတွေ ထောင်ရှေ့ရောက်လာကြ၏။ စည်လို့ကားလို့။ ထောင်ဝန်ထမ်းတွေလည်း အနားမရ။ လုံခြုံရေး စောင့်ရတော့သည်။ ယခင်ရက်များထက် နှစ်ဆ ပိုပြီး အင်အားတိုးကြရတော့သည်။ သို့သော်လည်း တစ်နေ့ဝင် တစ်မိုးချုပ် တုတ်တုတ်မှ မလှုပ်လေတော့ အားလုံး အရုပ်ကျိုးပြတ်။ တချို့ကတော့ နောက်တစ်နေ့ရာရောက်သည့်တိုင် မထနိုင်။

ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးအခါသမယ အင်းစိန်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ထောင်ပတ်လည်က ရပ်ကွက်ထဲမှာတော့ သီချင်းသံတွေ မြိုင်လို့။ တစ်ထောင်လုံးကား ငြိမ်လျက်။ ဘကြီးအောင်က မျက်နှာသစ်ရန် ရေအုတ်ကန်ဆင်းရင်း ဆရာမင်းသိမ်ကို သွားနှုတ်ဆက်တော့ အေးဗျာ နကွတ်ကြည့် နည်းနည်းလွဲသွားတယ်ဟု ဆိုသည်။ နောက်တတ်သော ဆရာဦးကိုယုကတော့ မင်းသိမ်မှာ လျှာအပိုတွေရှိတယ်ဟု ပြောလေသည်။ မည်သို့ဆိုစေ ထိုစကားက တော်တော်တာသွားသည်။ ဆရာမင်းသိမ်မှာ ထူးဆန်းသော လျှာအပိုများရှိနေသည်ဟု ကျော်ကြားသွားတော့၏။ ကျွန်တော်လည်း မနေနိုင်။ ဆရာရေ ဗေဒင်ဆရာတစ်ယောက် ဘယ်နှစ်ခါမှားခွင့်ရှိသလဲဟု မေးလိုက်သည်။ ပြန်ဖြေလာသည်။ ပိုက်ဆံပေးပြီး မမေးမချင်း မှားခွင့်ရှိသည်တဲ့။

သည်လိုနဲ့ပဲ ထောင်၏အမှောင်ရက်များကို ကျော်လွှားခဲ့ရသည်။ ကြံဖန်စိတ်သက်သာရာရမည့် လမ်းကိုရှာနေရ၏။ ဆရာစံဇာဏီဘိုကတော့ ဘယ်တော့မှမဟော။ ဘာမေးမေး အေးဗျာ ကျွန်တော်က ပြက္ခဒိန်မရှိလို့ ဟောမရဘူးဟု တွင်တွင်ငြင်းလေ့ရှိ၏။ သို့သော်လည်း သူတို့နှစ်ယောက်လုံး၏ တွက်ချက်တစ်ခု ကွက်တိနီးပါး ဝင်ခဲ့သည်။ တခြားမဟုတ် သင်္ကြန်ကျော်လျှင်ထူးမည့်တဲ့။

× × ×

သင်္ကြန်အတက်နေ့ကတည်းက ကျွန်တော်တို့ အထူးဝင်းထဲမှာ လှုပ်ရှနေ၏။ ထောက်လှမ်းရေးတွေ ခြေချင်းလိမ်နေသည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကျွန်တော့်အခန်းသို့လည်း တစ်ယောက်ပြီးတစ်ယောက် လာလာ နှုတ်ဆက်နေသည်။ ကျွန်တော်၏အခန်းမှ လှမ်းကြည့်လိုက်လျှင် ထောက်လှမ်းရေး ရုံးခန်းအဝင်ပေါက်ကို မြင်ရသည်။ ခေါင်းစွပ်တွေ စွပ်လျက် တစ်ယောက်ပြီးတစ်ယောက် ဝင်လာသည်ကို နေ့ရောညပါ တွေ့နေရ၏။ တစ်ခုခုတော့ ထူးလေပြီ။ ထပ်ပဲဖမ်းလာတာလား။ မဖြစ်နိုင်။ ဖမ်းစရာလူက ကုန်နေပြီ။ ဒါဆိုလျှင် ထောင်ထဲကလူ အဆောင်ကလူ တိုက်ထဲကလူ သည့်လူတွေပင် ဖြစ်ချေမည်။ မကြာပါချေ။ ရုပ်လုံးပေါ်လာသည်။ ကျွန်တော့်ကို လာခေါ်တော့၏။ ထောက်လှမ်းရေးတိုက်ကို ရောက်တော့မှ ဇာတ်ရည်လည်လာ၏။ ကွက်လပ်ဖြည့်ခိုင်းတာ ဖြစ်သည်။ စာရွက် ၃ ရွက်မှာ မေးခွန်းတွေ ရေးထားသည်။ ကွက်လပ်ထဲမှာ မှန်မှားခြစ်ပေးရုံ။ Multiple Choice Questions။ ဩော် ဒုက္ခ ဒုက္ခ ထောင်ထဲလာပြီး မကြီးမ ငယ် စာမေးပွဲလာဖြေနေရပါပေါ့။ မေးခွန်းတွေကိုလည်းကြည့်။ တပ်မတော်၏ဦးဆောင်မှုကို လက်ခံမခံ။ လက်ခံပါက အမှန်ခြစ်၊ လက်မခံပါက အမှားခြစ်။ တပ်မတော်က ဦးဆောင်ကာ ဖွဲ့စည်းအုပ်ချုပ် ပုံ အခြေခံဥပဒေရေးဆွဲရန် ညီလာခံခေါ်မည်။ လက်ခံပါက အမှန် ခြစ်၊ ကန့်ကွက်ပါက အမှားခြစ်။ ကိုင်းမပြောဘူးလား။ ဒီထက် ကြောင် တာတောင် ဒီလောက်မကြောင်နိုင်။ ဘာလုပ်ဖို့လဲဟု ကျွန်တော်ကမေးတော့ ထောက်လှမ်းရေးဗိုလ်ကြီးတစ်ယောက်က အထက်ကခိုင်းလို့ဟုသာ ဖြေသည်။ ကျွန်တော်အခါခါ စဉ်းစားသည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



နိုင်ငံရေးဆိုတာ ကလေးကစားတာမဟုတ်။ ကလေးကလားမဟုတ်။ ခုဟာဝ်ဘာဂါ ခုအီကြာကွေးလုပ်ဖို့ မသင့်။ ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲ ဝင်မကသင့်။ သည်တော့ ကျွန်တော် ကွက်လပ်တစ်ခုမှမဖြည့်ဘဲ ထိုင်နေတော့သည်။ စောစောက ဗိုလ်ကြီးရောက်လာပြန်ပြီး (ကိုဇာဂနာ ဖြည့်လိုက်ပါဗျာ ဘာမှ ပင်ပန်းတာလည်း မဟုတ်ဘဲနဲ့) ဟုဆိုလာသည်။ ကျွန်တော်က ပြုံးပြီးခေါင်းခါပြလိုက်သည်။ ပင်ပန်းတာပေါ့ဗျာ တစ်သက်လုံး သေရာပါမယ့် အမာရွတ်ကြီးဗျလို့ ဖြေလိုက်တော့ ထိုသကောင့်သား မျက်မှောင်ကြုတ်သွားတော့၏။ နောက်ဆယ်မိနစ်လောက် အကြာမှာတော့ အသားဖြူဖြူထောင်ထောင် မောင်းမောင်း လူတစ်ယောက် ဝင်လာပြန်သည်။ ထိုလူကစီးကရက်ထုတ်တိုက်ရင်း

ထိုလူ။ ။ ဒါဘာမှမဟုတ်ပါဘူး။ ကိုယ့်ညီရာ ကိုယ့်ညီတို့ရဲ့ သဘောထားကို တောင်းတာပါ။

ကျွန်တော်။ ။ ဟုတ်ပါတယ်။ ကျွန်တော့်သဘောကိုက မဖြည့်ချင်တာပါ။

ထိုလူ။ ။ ဒါဆို ဒီကွက်လပ်ဖြည့်ပြီးရင် ကိုယ့်ညီကို လွှတ်မယ် ဆိုရင်ကော။

ကျွန်တော်။ ။ ဒါဆိုလည်း မဖြည့်နိုင်ပါဘူး။ လွှတ်ချင်လွှတ် မလွှတ်ချင်နေ ကျွန်တော့်မူကိုတော့ မပြင်နိုင်ဘူး။

ထိုလူ။ ။ ကိုယ့်ညီအတွက် အခွင့်အရေးတစ်ခုဆုံးရှုံးသွား



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



မှာပေါ့။

ကျွန်တော်။ ။ ကျေးဇူးတင်ပါတယ်။

သည်လိုနှင့် စကားဝိုင်းက ပြီးသွားတော့၏။ ထိုလူပြန်ထွက် သွားပြီး မကြာခင်မှာဘဲ ကျွန်တော့်ကို ခေါင်းစွပ်လာစွပ်ကာ ပြန်ခေါ်သွားလေတော့သည်။ ရုံးခန်းထဲမှာတော့ ကွက်လပ်ဖြည့်နေသူတွေ တစ်ပုံကြီး။

× × ×

သကြံန်ပြီးလို့ နှစ်ဆန်းနှစ်ရက်နေ့မှစကာ နိုင်ငံရေး အကျဉ်းသားတွေ တစ်သုတ်ပြီးတစ်သုတ် တစ်ရက်ပြီးတစ်ရက် လွတ်လေတော့သည်။

သတင်းစာတွေ ရုပ်မြင်သံကြားတွေမှာလည်း နေ့တိုင်း သတင်းတွေ ဓာတ်ပုံတွေပါသည်ဟု ဆို၏။ ကျွန်တော့်ဇနီးသည် ထောင်ဝင်စာလာတွေ့တော့ သည်နေ့ပဲအရိုင်းလွတ်ပြီ ထောင်ရှေ့မှာ စောင့်နေသည်ဟု သိရသည်။ သူကတော့ နက်ဖြန် (သို့မဟုတ်) သန်ဘက်ခါ ကျွန်တော်လွတ်မည်ဟု ထင်နေရှာသည်။ သူစိတ်ဓာတ်ကျသွားမှာ စိုးသဖြင့် ကျွန်တော်က ဒါပေါ့ဟု လုပ်လိုက်ရသည်။ သို့သော် ကျွန်တော့်ဇာတ် ကျွန်တော်သိသည်။ ကျွန်တော်နှင့်အရိုင်းက အမှုတွဲ။ လွတ်ချင်းလွတ် တူတူလွတ်ရမည်။ ခုတော့မလွတ်။ ကျွန်တော့်ကို သင်ခန်းစာပေးနေတာဖြစ်သည်။ စိတ်ကိုထိခိုက်အောင် လုပ်နေတာဖြစ်သည်။ မှတ်သွားအောင် နာသွားအောင် ဆုမ္ပလိုက်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



တာလည်းဖြစ်သည်။ ရသည်။ ကျွန်တော်ကလည်း ဒါမျိုးကြိုက်သည်။ ရင်ဆိုင်ချင်သည်။ ကျွန်တော်၏လိပ်ပြာ ကျွန်တော်သန့်သည်။ ကိုယ့်ကိုယ်ကိုယ်ယုံသည်။ ဓားဆိုသည်မှာ မီးပြင်းနဲ့တိုက်မှ ပေပေါ်မှာ နာနာထုမှ ဓားကောင်းသည်မဟုတ်လော။

တော်တော်များများတော့ လွတ်ကုန်ကြသည်။ ကျွန်တော်တို့ အထူးဝင်းထဲမှ ဦးချစ်ခိုင်၊ ဦးရွှေတို့ လွတ်သည်။ ကျန်သူတွေကတော့ နေမြဲ။ ဘကြီးအောင် ဘကြီးမိုးတို့လည်း လွတ်သည်။ ဆရာမင်းသိခ်တို့ ကိုစံဇာဏီဘိုတို့လည်း လွတ်သည်။ တချို့ကတော့ ထပ်လွတ်ဦးမည်ဟု ထင်ကြသည်။ ကျွန်တော်ကတော့ မထင်။ အမျိုးသားညီလာခံကျင်းပဖို့ ဆွဲဆောင်သည့်အနေဖြင့် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပြတာဟု ကျွန်တော်ယုံသည်။ ဒီအစိုးရကား အပေးအယူ တော်တော်ကြိုက်သည်။ သူတို့မမြတ်လျှင် ဘာမှမလုပ်။ သူတို့ဆင်ထားသည့်အကွက်ထဲမှာ အားလုံးဝင်ကစားစေဖို့ ပြတင်းပေါက်လေး ဟစေ့ဟစေ့ လုပ်ပေးတာဖြစ်သည်။ ဒါကို ရောမ အခွင့်အလမ်းဟုထင်မှတ်ပြီး ဝင်သွားသူတွေ ကားခနဲဖြစ်မှာ မြင်ယောင်သေးတော့သည်။

လူလွှတ်ပွဲအပြီး တစ်ပတ်အကြာမှာတော့ ကျွန်တော်တို့ အားလုံး ပုံမှန်ပြန်ဖြစ်သွားလေပြီ။ အရင်ကလို သီချင်းရေး သီချင်းဆို စာကျက်စာရေးဖြင့် နေ့စဉ်ဘဝထဲသို့ ပြန်လည်ဝင်ရောက်ခဲ့တော့၏။

× × ×



http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

# အိမ်သာလို့ ညွှ်ပြလာတာလား

မစည်ကားအပ်သော အရပ်တွေထဲမှာ ထောင်လည်းပါသည်။ ခုတော့ ထောင်မှာ အကျဉ်းသားတွေကများ ညှော်သည်တွေပါ များလာတော့သည်။ အကျဉ်းသားမိသားစုတွေဆိုလျှင် ထားတော့၊ ခုလာသည့် ညှော်သည်တွေက နိုင်ငံခြားက။ မြန်မာစကားတစ်ခွန်းမှ မပြောတတ်သော အင်္ဂလိပ်တွေ၊ အမေရိကန်တွေ၊ ဂျပန်တွေဖြစ်၏။

ပထမတော့ ကျွန်တော် တော်တော်ကြောင်သွားသည်။ ပုံစံအင်္ကျီအဖြူ အသစ်ရှိသလား လာမေးပြီး မရှိဟုဆိုတော့ ရုပ်အင်္ကျီအဖြူ တစ်ထည်ယူလာပေး၏။ ထောင်ပုံစံအင်္ကျီဆိုတာက T Shirt လို ခေါင်းစွပ်ဖြစ်သည်။ ခုလာပေးတာက ရုပ်အင်္ကျီ။ ဗိုးသူတော်တောင် ကျွန်တော့်လောက် မဖြူနိုင်တော့ချေ။ အဖြူရောင်ဝမ်းဆက်နှင့် တိမ်လွှာမို့မို့လွင်ထဲက ဝင်ဦးလိုလိုပေါ့။ ခေါင်းစွပ်ဖြူဖြူကြီး စွပ်ချလိုက်တော့မှ K သုံးလုံးဂိုဏ်းသားဖြစ်သွားတော့သည်။

သို့ဖြင့် စစ်ကြောရေးရုံးသို့ ရောက်ခဲ့ရ၏။ စားပွဲတစ်လုံး ကုလားထိုင်သုံးလုံးဆိုတော့ ကျွန်တော်နှင့် နောက်နှစ်ဦးဟု ယူဆလိုက်သည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ထောက်လှမ်းရေးတွေလာပြီး တောင်မေးမြောက်မေး လုပ်ရဦးမှာပေါ့ဟု ထင်မိလိုက်တာ မှားသွား၏။ နိုင်ငံခြားသားနှစ်ဦး။ အမေရိကားမှဟု ဆိုသည်။ သူတို့၏ အစိုးရကို ပြန်လည်တင်ပြဖို့ ကျွန်တော့်ကျန်းမာရေး အခြေအနေ နေထိုင်စားသောက်ရပုံ စသည်တို့ကို မေး၏။ သူတို့ အမေရိကန်တွေသည် တစ်ကမ္ဘာလုံးကို အမေရိကားဟု ထင်နေသည် လား မသိ။ ရွှန်းရွှန်းဝေအောင် ရှင်းပြနေလေသည်။ ကျွန်တော်က မျက်မှောင်ကြုတ်ပြ မျက်စိမှိတ်ပြကာ မျက်စောင်းထိုးပြနေတာကို သတိမပြု။ သူ့ကိုများ ကျွန်တော်က စနေသည်ထင်နေသလား မသိ။ သူ့စိတ်ထဲမှာ ဇာဂနာတစ်ကောင် ပေါကြောင်ကြောင်နှင့် ဘာတွေလုပ်ပြ နေသလဲဟု တွေးနေသလား မသိ။ မတတ်သာသည့်အဆုံး မေးစေ့နှင့် ထိုးပြကာ လက်ညှိုးနှင့်ပါညွှန်တော့မှ ကိုရွှေအမေရိကန် အခြေအနေ မှန်ကို သဘောပေါက်သွားရှာတော့သည်။ စားပွဲအောက်မှာ တိပ်ပြား အမည်းနှင့် တပ်ထားသည့် 'အသံဖမ်းစက်'။

မျက်နှာဖြူကြီးလည်း မျက်နှာနီကြီးဖြစ်ကာ ရှူးရှူးရှားရှား ထထွက်သွား၏။ ချက်ချင်းပင် ထောက်လှမ်းရေးနှစ်ယောက် လိုက် ဝင်လာပြီး စားပွဲအောက်ကကက်ဆက်ကို သူတို့တပ်ဆင်ထားတာ မဟုတ်သည့်အလား မမြင်ဖူးသည့် အရာတစ်ခုကိုတွေ့ရသလို အံ့အား တသင့် ကြည့်နေကြတော့သည်။ နောက်တစ်ယောက် ထပ်ဝင်လာ ပြန်၏။ သူက ရာထူးပိုကြီးပုံရသည်။ ကျွန်တော့်ကို ပြန်ခေါ်သွားဖို့ ထိုသူကပင် ညွှန်ကြားလိုက်၏။ သို့ဖြင့် ကျွန်တော့်အခန်းသို့ ကျွန်တော် ပြန်ရောက်ခဲ့တော့သည်။ နောက်တစ်ခေါက် ထပ်လာခေါ်လေဦးမည်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



လားဟု မျှော်မိသည်။ ပေါ်မလာ။

ထောက်လှမ်းရေးတွေကို ကျွန်တော်နားမလည်။ နိုင်ငံခြား ညှိသည်တွေခေါ်လာပြီးမှ ခွင့်ပြုပြီးမှ ဒီလိုခိုးကြောင်ခိုးဝှက်အလုပ်တွေ ဘာလို့ လုပ်ကြမှန်းမသိ။ တော်တော်အရှက်ရစေသော လုပ်ရပ်ပင်။ အစကတည်းက လာခွင့်မပေးဘဲ နေသင့်သည်။ သို့သော် ကျွန်တော့်တွက် ကိန်း မှားသွားခဲ့၏။ ညှိသည်ကြီး တစ်ယောက် ရောက်လာပြန်သည်။ကုလသမဂ္ဂမှဟု ဆိုသည်။ မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားလေးယောက်။ သည်တစ်ခါတော့ ထောက်လှမ်းရေးရုံးကို မခေါ်။ တွေ့ခွင့်လည်းမပေး။ ထိုသတ္တဝါမကြီးကလည်း အချုပ်ခန်းတွေထဲမှာ ဘယ်သူတွေ ရှိနေသလဲဆိုတာလေးတောင် မေးရဲ့လားမသိ။ ထောင်ဝင်းအလယ်ခေါင်လမ်းအတိုင်း ဘောက်ဆတ်ဘောက်ဆတ် လျှောက်ပြီး ကျွန်တော့်တို့ဘက်သို့ လှည့်၍မျှပင် မကြည့်ချေ။ ထီးမိုးပြီး လိုက်လံပို့ဆောင်ကြသော ယူနီဖောင်းဝတ် ကိုယ်တော်တို့ကလည်း တော်တော် ရေပက်မဝင် ပြောလာကြ၏။ ဘာတွေ ပြောမှန်းမကြားရသဖြင့် မသိနိုင်သော်လည်း ထုံးစံအတိုင်း အကျဉ်းသားတွေကို ကောင်းကောင်းထားပါတယ်၊ မနှိပ်စက်ပါဘူး၊ အခွင့်အရေး အပြည့်အဝပေးပါတယ်ဆိုတာတွေပဲ ကျက်စာရွတ်သလို ပြောမှာ သေချာလှပါသည်။ သည့်နောက်မှာတော့ ရေချိုးကန်ကြီး နှစ်ကန်နား သွားရပ်ကြပြီး ဘာတွေပြောကြမှန်းမသိ ပြောကြပြန်၏။ တော်တော်တော့ ခက်နေပြီ။ ထိုရေချိုးကန်နှစ်ကန်က ကျွန်တော်တို့နှင့်လားလားမှ မဆိုင်။ ထောင်ဝန်ထမ်းတွေ ချိုးရေတော်သုံးသည့်



http://myanmarebooksfree.blogspot.com

ကန်ဖြစ်၏။ ရေကန်ကို ရှုစားအပြီးမှာ သခင်မကြီးက မီးဖိုထဲ ဝင်သွားပြန်သည်။ ထပ်ပြီးခက်ပြန်ပြီ။ ထိုမီးဖိုချောင်သည် ဝန်ထမ်းတွေ ချက်စားသည့် မီးဖိုချောင်၊ ကျွန်တော်တို့နှင့် ဘာမှမပတ်သက်။ သူ့စိတ်ထဲမှာတော့ ရေချိုးဖို့ သန့်သန့်ရှင်းရှင်း ထမင်းဟင်းချက်ဖို့ သတ်သတ်မှတ်မှတ် လုပ်ပေးထားသည်ဟု ထင်မှတ်သွားပေရော့မည်။ အော်လို့သာ ပြောလိုက်ချင်တော့သည်။ သို့သော် မသင့်တော်။ ကျွန်တော်ကြည့်ငေးနေစဉ်မှာပဲ ဝန်ထမ်းတစ်ဦးက ပလပ်စတစ်နှင့် ထည့်ထားသော ''စံပယ်ပန်း''များကို ထိုမိန်းမကြီးကို လာပေး၏။ မိန်းမကြီးက ဝမ်းပန်းတသာနှင့် စံပယ်ပန်းတွေရှူလိုက် ကျေးဇူးတင်ကြောင်း (ကျွန်တော်၏အထင်) ပြောလိုက်ဖြင့် ပြုံးရွှင်နေတော့သည်။ သြော် အင်းစိန်ထောင်ထဲလာပြီး စံပယ်ပန်းရှူနေသော ထိုသတ္တဝါမကြီးကို ကျွန်တော် ခဲနှင့်ပေါက်ချင်လိုက်တာ။ ထောင်ထဲမှာ ဘယ်နေရာမှာမှ စံပယ်ပန်းမစိုက်။ ဘာပန်းမှမစိုက်။ ပန်းနဲ့တူတာဆိုလို့ ခွေးသေးပန်းပဲ ရှိသည်။ ထောက်လှမ်းရေးတွေက မလိမ့်တပတ်ဖြင့် အင်းစိန်ဈေးထဲက စံပယ်ပန်းသွားဝယ်လာပြီး''ထောင်ထွက်ပန်း''လို့ ဟန်ဆောင်ပေးတာဖြစ်မည်။ ဒါကို ဟိုဟာမကြီးကလည်း ယုံပြီးလက်ခံတာဖြစ်မည်။ တော်ဟလို့ဆိုကာ ကျွန်တော် သူတို့ကို မကြည့်တော့။ အခန်းထဲမှာပဲ လမ်းပတ်လျှောက်နေလိုက်တော့သည်။ တန်းဖြုတ် သံချောင်းခေါက်သံကြားတော့မှပဲ ညသည်တွေ ပြန်သွားပြီဟု သိလိုက်ရတော့၏။

× × ×



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကျွန်တော် မျက်နှာသစ်နေစဉ်မှာပဲ မင်းကိုနိုင်တို့ဆယ်ခန်းတွဲက သစ်သားတံခါးတွေကို လိုက်ပိတ်နေတော့သည်။ သည်နေ့ တနင်္ဂနွေ။ ထောင်ဝင်စာလည်းမဟုတ်။ လူအသစ်များ ရောက်လာ လို့လား။ ဒါမှမဟုတ် စစ်ကြောရေး များလုပ်မလို့လား။ လားဇတွေထပ်ပြီး အတွေးရကျပ်နေတာကို ဖြေရှင်းပေးသူက ကိုမော်ဇင်။ ဒေါက်တာမော်ဇင်။ သူ့အိပ်ရာ သူ့စားစရာ သူ့အသုံးအဆောင်ပစ္စည်းတွေကို ထောင်ဝန်ထမ်းတွေက ပွေ့ပိုက်ယူလာကြပြီး သူကတော့ တိုင်းခန်းလှည့်လာသည့် ဝန်ကြီးလို မားမားကြီး ကျွန်တော်တို့ တိုက်ဘက်သို့ လျှောက်လာချေပြီ။ ဩော်. . . အခန်းပြောင်းတာကိုး။ ကောင်းလေစွ၊ ကောင်းလေစွ။ ကျွန်တော့်မှာ စကားပြောဖော်မဲ့နေတာ ကြာလေပြီ။ အရှိုင်းကလည်း လွတ် ကိုစိုးသိန်းလည်း လွတ်။ ဦးသန်းထွန်းတို့လည်း တိုက်ထဲပြောင်း။ ကျွန်တော်တစ်ယောက်တည်းသာ ငေါင်စင်းစင်းကျန်နေလေတော့ အဖော်ရပြီပေါ့။ သို့သော် ကိုမော်ဇင်ကို နည်းနည်းတော့ ကြောက်မိသည်။ သူက အထိမခံ။ ငြင်းတတ်ခုန်တတ်သလို တစ်ဖက်သားကို နာအောင်လည်း ပြောတတ်သည်။ သူ့မှာက ဒဏ်ရာတွေလည်း ရှိသည်။ ဖိသားစုအနာက တော်တော်ဆိုးလှ၏။ ကိုမော်ဇင်ကို ကျွန်တော်၏ နံဘေးကပ် အခန်း (၂) မှာ နေရာချပေးလေသည်။ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်နေတုန်း ထောင်လည်လမ်းကိုဖြတ်ပြီး နောက်တစ်ယောက်ထွက်လာပြန်သည်။ ဘယ်သူများပါလိမ့်။ Uncle Lucky ။ ဦးဝင်းတင်ဖြစ်သည်။ ကောင်းကွာ။



http://myanmarebooksfree.blogspot.com

စကားပြောဖော်တွေတော့ရပြီ။ အံကိုက်ပါပဲ။ Uncle Lucky ကို အခန်း (၃)မှာ နေရာချပေးလေသည်။ ကျွန်တော့်လို ပွားချင်သော ကိုပွားစိန်အတွက်တော့ အားလုံးကောင်း။ မနက်စာမစားဘဲကို စကားတွေ ပြောဖြစ်ကြသည်။ ကျွန်တော့် ထောင်ဝင်စာကရသောသတင်း အန်ကယ် Lucky အိမ်က ရသောသတင်းတွေဖလှယ်ဖြစ်ကြ၏။ ကိုမော်ဇင်ကတော့ သူ့ထောင်ဝင်စာက ဘာသတင်းမှမရ၊ သူ့အမျိုး သမီးက နောက်အိမ်ထောင်ပြုသွားလေပြီ။ ကျွန်တော်တို့လည်း စိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘာမှမတတ်နိုင်။ ထောင်မှာက ဒီလို ဇာတ်လမ်းမျိုးတွေ ကြားဖူးနေကြ ကြားလိုက်ရ၏ပဲ ဖြစ်သည်။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေက ပိုဆိုးသည်။ ဖိအားပေါင်း များစွာ ခံနေရသည့်အထဲမှာ မိသားစုဖိအားက ဗူးလေးရာ ဖရုံဆင့်လေ့ ရှိတတ်၏။

စကားတွေကောင်းနေကြတော့ မနက်စာကို နေ့လယ် တစ်နာရီထိုးမှ စားဖြစ်သည်။ ဗိုက်က မဆာ။ စားချိန် လွန်သွား၍လား မသိ။ သို့ဖြင့် ကော်ဖီဖျော်ပြီး ပေါင်မုန့်နှင့်မျှောချလိုက်ရ၏။ ဟော ဗျာ။ လာပြန်ပြီ နောက်တစ်သုတ်။ ထောင်ဝန်ထမ်းတွေ ထောင်ကျ တွေ စုစုပေါင်း လူနှစ်ဆယ်ခန့် ဝင်လာကြသည်။ ရောက်သည်နှင့် ဘာမှမပြောဘဲ ကျွန်တော်တို့ တိုက်တစ်တိုက်လုံးကိုသန့်ရှင်းရေး လုပ်ကြတော့၏။ ပင့်ကူမျှင်တွေ ပိုးအိမ်တွေလှဲ၊ သံတန်းတွေကို အ ဝတ်ရေစိုနဲ့ပွတ်။ ကြမ်းပြင်ကို တံမြက်လှဲ ရေဆေးပြီးမှ အဝတ်နဲ့ပွတ်။ သြော် ဒုက္ခ ဒုက္ခ။ အလုပ်မရှိ ကြောင်ရေချိုး ဆိုသည့်စကားကို



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



အလုပ်မရှိ ကြမ်းရေဆေးလို့သာ ပြင်ဖို့ကောင်းတော့၏။ လျှောက်လမ်းရော ကျွန်တော့အခန်းထဲရော ကြမ်းပြင်တွေ့သမျှ ရေလျှောက်ဆေးနေတော့သည်။ နာရီဝတ်လောက် အကြာမှာတော့ "ဆေးတပ်" ကြီး ပြန်လည်ထွက်ခွာသွားတော့၏။ တစ်ခုခုတော့ ထူးလေပြီ။

ထင်သည့်အတိုင်း မလွဲ။ အဆောင်ပိတ်ဖို့အော်သံတွေကြားရသည်။ ဝန်ထမ်းတွေ သတင်းပို့သံ ကြားရသည်။ ဆူလို့ညံလို့။ ပြီးတော့ ချက်ချင်းတိတ်သွားသည်။ ရွာမဘက်က ဘုန်းကြီးတရားသံ ဗဒင်သီချင်းသံတို့က တိတ်ဆိတ်မှုထဲ ထိုးဖောက်ဝင်လာ၏။ 'ပုံစံ' ဟူသော အော်သံကြောင့် ကျွန်တော်အသက်ပြန်ဝင်လာသည်။ ကျွန်တော့်အခန်းမှ လှမ်းကြည့်လျှင် အထူးဝင်းတံခါးကို မြင်ရသည်။ ထောင်ထောင်မောင်းမောင်း မျက်နှာဖြူကြီးတစ်ယောက် ခတ်ပျပ်ပျပ် မျက်နှာဖြူတစ်ယောက် ဂါဝန်ဝတ်နီဂရိုးမတစ်ယောက် ဘောင်းဘီရှည်ဝတ် ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ယောက် ကျန်တာတွေကတော့ ထောင်ညွှန်ချုပ် ညွှန်မှူး ထောက်လှမ်းရေးတွေနှင့် ထောင်ဝန်ထမ်းတွေဖြစ်၏။ သူတို့အုပ်စုလိုက်ကြီး အတွင်းဘက်ရှိ အိမ်ကလေးများဆီသို့ ဝင်သွားကြသည်။ ၁၅ မိနစ်လောက်အကြာမှာတော့ ကျွန်တော်တို့ ပိန္နဲသီးတိုက်ထဲသို့ ကြွချီလာတော့၏။ Uncle Lucky အခန်းရှေ့မှာ စကားပြောကိုမော်ဖင်နှင့်စကား ပြောပြီးတော့မှ ကျွန်တော့်အခန်းရှေ့ ရောက်လာသည်။ ထောင်ထောင်မောင်းမောင်းကြီးက အမေရိကန်လွှတ်တော်အမတ်မင်း ဘီလ်ရစ်ချတ်ဆင်ဟူသူ့ကိုယ်သူ မိတ်ဆက်ပြီး သူ့အဖွဲ့တွေနဲ့ မိတ်ဆက်ပေးလေ၏။ သူတို့၏ လိပ်စာ



http://myanmarebooksfree.blogspot.com

ကဒ်ပြားများကိုလည်း ကျွန်တော့်ကိုပေးသည်။ ကျွန်တော့်အကြောင်း သူသေသေချာချာ လေ့လာဖတ်ရှုခဲ့ပြီးပြီဟုလည်း ပြော၏။ ပြီးတော့ ကျွန်တော် ဘာတွေပြောလို့ဖမ်းခံရတယ်ထင်သလဲဟု မေးရာ ကျွန်တော်က မှန်တာပြောလို့ ဖမ်းခံရတာပါ။ ကျွန်တော်ပြောတာ ငါးမိနစ်ပဲကြာတယ်။ ဒါပေမဲ့ ထောင်ကျတော့ ငါးနှစ် ငါးမိနစ်ညီမျှခြင်း ငါးနှစ်ပေါ့ဆိုတော့၊ ထောင်ထောင်မောင်းမောင်းကြီး သိမ့်သိမ့်ခါနေအောင် ရယ်သည်။ ပြီးတော့ အမှတ်တရဆိုပြီး ဓာတ်ပုံရိုက်တော့ ထောက်လှမ်းရေးတွေက ဝင်တား၏။ ထောင်ထောင်မောင်းမောင်းကြီးက မျက်နှာတည်တည်ဖြင့် ''ငါ့မှာရိုက်ခွင့်ရှိတယ် မင်းတို့မကျေနပ်ရင် နောက်မှ ကင်မရာသိမ်း''ဟု ပြောပြီး ကိုမော်ဇင်ကိုရော ဦးဝင်းတင်ကိုပါ ဓာတ်ပုံရိုက်လိုက်တော့၏။ ထောင်ညွှန်ချုပ်တွေ ဝန်ထမ်းတွေ ထောက်လှမ်းရေးတွေ မျက်နှာပျက်ပျက်ဖြင့် ဒီအတိုင်းလက်ပိုက်သာ ကြည့်နေရရှာတော့သည်။ တော်တော်တော့ သဘောကျဖို့ကောင်း၏။ ကျွန်တော်တို့အပေါ် ဗိုလ်ကျခဲ့သမျှ ခုတော့ သူတို့အလှည့်။ ထောင်ထောင်မောင်းမောင်းကြီး အားရအောင် ဓာတ်ပုံရိုက်ပြီးသည့်နောက် Uncle Lucky ကိုရော ကိုမော်ဇင်ကိုရော ကျွန်တော့်ကိုပါ နေကောင်းကျန်းမာအောင်နေဖို့ ရွှန်းရွှန်းဝေဝေ နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားကြတော့၏။ ကျွန်တော်ကတော့ ထိုလူကြီးကို တော်တော်သဘောကျမိသည်။ သူပေးခဲ့သော လိပ်စာကတ်ပြားလေးကို ကြည့်မိတော့ သူက ဝါရှင်တန် ဒီစီမှာနေတာ ဖုန်းနံပါတ်က . . . အယ် . . .ဆတ်ခနဲ ကျွန်တော့်လက်ထဲက ကဒ်ပြားကို ဆွဲယူခံလိုက်ရ၏။ မိန်းဂျေးထောင်မှူးကြီး။ ကျွန်တော်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



တော်တော် ဒေါပွသွားသည်။ သူက မျက်နှာတင်းတင်းဖြင့်

ထောင်မှူးကြီး ။ ။ မင်းတို့ ဒီကဒ်ပြားတွေ သိမ်းခွင့် မရှိဘူး။

ကျွန်တော် ။ ။ ကျုပ်တို့ယူတာမဟုတ်ဘူး။ သူတို့ပေးသွားတာ။

ထောင်မှူးကြီး ။ ။ ဘယ်သူပေးပေး မင်းဘို့ ကိုင်လို့ မရဘူး။ ကျန်တဲ့ကဒ်ပြားတွေရော။

ကျွန်တော် ။ ။ ရော့

ကျန်သည့်ကဒ်ပြားနှစ်ခုကို အိတ်ထဲကနှိုက်ပြီး အခန်းအပြင်ကို ကျွန်တော်လွှင့်ပစ်လိုက်သည်။ သူတော်တော် စိတ်ဆိုးသွား၏။ ကျွန်တော့်ကို စူးစူးဝါးဝါးကြည့်ပြီး "တောက်" တစ်ချက်ခေါက်သည်။ ကျွန်တော်ကတော့ လေကလေးချွန်ပြီး လက်ပိုက်ချပ်နေလိုက်၏။ သူ့ရှေ့ကြမ်းပြင်ပေါ်ကျနေသည့် ကဒ်ပြားနှစ်ခုကို သူကုန်းကောက်လိုက်ချိန်မှာတော့ ကျွန်တော်က 'ဖင်ကလေးတခါခါ' လုပ်ပြီး သီချင်းဆိုကာ ကလိုက်မိသည်။

"သွားတော့ရှင်းရှင်း မင်းကိုပြောမယ် သွားတော့"


ထောင်မှူးကြီး၏ မျက်နှာကား "သွားကိုက်နေသည့် ဘီလူး" လိုဖြစ်သွားပြီး ဖောင့်ဖောင့်ဖောင့်ဖောင့်နှင့် ဖနောင့် သံစူးနေသော ဝက်ဝံကြီးလို ကျွန်တော့်အခန်းရှေ့မှ ထွက်သွားရှာပါလေတော့ သတည်း။

× × ×



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



# ကျွန်တော်နှင့် စာရွက်များ

သည်လိုနှင့်ထောင်ထဲမှာ သုံးနှစ်ကျော်ခဲ့ပြီ။ သာမန်အကျဉ်းသားဆိုလျှင် ထောင်ကပေးသောလျှော့ရက် သုံးပုံတစ်ပုံခံစားခွင့်ရှိ၏။ ဆိုပါတော့။ ထောင်ငါးနှစ်ကျသည်ဆိုလျှင် စုစုပေါင်း လပေါင်းခြောက်ဆယ်။ သုံးပုံတစ်ပုံလျှော့တော့ လပေါင်းနှစ်ဆယ် လျှော့ရက်ရသည်။ သည်တော့ ထောင်ထဲမှာ လပေါင်းလေးဆယ် (၃ နှစ် နှင့် ၄ လ) နေပြီးလျှင် လွတ်ပြီ။ ကျွန်တော်တို့ကျတော့မဟုတ်။ လျှော့ရက်မရ။ ညွန့်ချုပ်လျှော့ရက် ထောင်ပိုင်လျှော့ရက်ဆိုတာတွေလည်းမရ။ အခါကြီးရက်ကြီးများဖြစ်သည့် လွတ်လပ်ရေးနေ့ ပြည်ထောင်စုနေ့စသည့် အထိမ်းအမှတ်လျှော့ရက်တွေလည်း မရချေ။ လွတ်ချင်သည့်အချိန်မှာ လွတ်မည်။ လွတ်ချင်မှလည်း လွတ်မည်။ ကြည့်လေ။ ပုဒ်မ ၁၀(က) နှင့် အရေးယူခံထားရသူတွေကို ခြောက်လပြည့်တော့ ထောင်မှ လွတ်ပေးလိုက်သည်။ ထောင်ဘူးတံခါးဝမှာပင် နောက်ထပ်ထောက်လှမ်း



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ရေးတစ်ဖွဲ့က ပြန်ဖမ်းပြီး ပုဒ်မ၁၀(က)ဖြင့်ပင် ထောင်ထဲပြန်ထည့်လိုက်ပြန်၏။ ဒီလိုနှင့် ထောင်သံသရာလည်နေသူတွေ အများကြီး။ လွတ်တာတစ်ဖွဲ့ ဖမ်းတာတစ်ဖွဲ့ ဖြစ်လေသည်။

ကျွန်တော်ကတော့ သက်သာရာရနိုင်သည့် နည်းလမ်းမျိုးစုံစဉ်းစားပြီး ဉာဏ်နီဉာဏ်နက် ဉာဏ်ပြာဉာဏ်ဝါတွေ ထုတ်ရသည်။ ခုချိန်မှာ ဘာအလုပ်ချင်ဆုံးလဲဟု မေးလျှင် 'စာအဖတ်ချင်ဆုံး'ဟု သာဖြေမည်။ ခက်တာက စက္ကူဆိုလို့ ဆေးလိပ်ဖင်စီခံကစက္ကူပဲ ဖတ်စရာရှိသည်။ ကျွန်တော့်မှာ ဆေးလိပ်မသောက်တတ်ဘဲ အိမ်ကို ဆေးလိပ်မှာရ၏။ ပြီးမှ ဖင်စီခံက စက္ကူလေးတွေခွာပြီး ဖတ်ရသည်။ ဒါကိုမြင်တော့ ထောင်ဝန်ထမ်း(တချို့)နှင့် ထောက်လှမ်းရေး(တချို့)တို့က မေး၏။ ''စာတော်တော်ဖတ်ချင်လား''ပေါ့။ ကျွန်တော်ကလည်း ရှင်းသည်။ ဖတ်ချင်တယ်။ အစာ မစားရလျှင်ဖြစ်သည်။ စာမဖတ်ရလျှင် မဖြစ်ဟုပင် ပြောမိ၏။ သူတို့လည်း လူသား၊ ကိုယ်ချင်းစာကြ၏။ သို့တစေ အမိန့် နှင့် တာဝန်က ရှိနေသည်၊ ပိုဆိုးသည်က လောလောလတ်လတ်ပင် ထောင်ဝန်ထမ်းတွေ လာဘ်ပေးလာဘ်ယူမှုဖြင့် အဖမ်းခံနေရပြီ။ ထောင်မှူးတွေ ထောင်ပိုင်တွေသာမက အကျဉ်းဦးစီးညွှန်မှူးတောင် ထောင်နှစ်နှစ်ကျသွားပြီ။ သည်တော့ ထောင်ဝန်ထမ်းတွေ တော်တော်ကြောက်နေချိန်ဖြစ်လို့ ကျွန်တော့်ဒုက္ခကို သူတို့ မကူနိုင်။ သည်တော့



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ထောက်လှမ်းရေးရဲဘော်ကို အားကိုးရ၏။ ဘာမဂ္ဂဇင်းပဲဖြစ်ဖြစ် စာရွက်ဖြုံယူလာခဲ့ အဲဒီစာရွက်ကိုကန်တော့လုပ်ပြီး ဆားဖြစ်ဖြစ် ဆနွင်းဖြစ်ဖြစ် ငရုတ်သီးမှုန့်ဖြစ်ဖြစ် ထည့်ယူလာခဲ့ဖို့ စည်းရုံးရသည်။ အရေးကြီးတာက ဖျောက်ဖျက်ပစ်ဖို့။ ကျွန်တော့်အခန်းမှာ ရေလောင်းအိမ်သာ မရှိ။ ရေလောင်းအိမ်သာရှိလျှင် ဖြဲပြီး အိမ်သာထဲ ပစ်ချ ရေနှင့်လောင်းချ၊ အေးရော၊ ခုတော့မလွယ်။

လူကြံတော့ ဆန်တောင် ထမင်းဖြစ်သည်ပဲ။ စာကိုဖတ်၊ ဖတ်ပြီးတာနဲ့ မီးရှို့။ ဂန်ဖလားထဲထည့်လိုက်လျှင် အကယ်၍ မနက်လင်းအားကြီး ရှာဖွေရေးဝင်ခဲ့လျှင် မတွေ့နိုင်။ သည်လိုနှင့် အကြိမ်ကြိမ်အထပ်ထပ် ညှိနှိုင်းပြီးသကာလ 'တစ်ည တစ်ရွက်' နှုန်းဖြင့် သဘောတူခဲ့ကြတော့သည်။ ကျွန်တော် ပထမဆုံး ဖတ်ရသောဝတ္ထုကို မမေ့။ 'ခက်မာ' ရေးသော ဝတ္ထုတို။ ဘဝမှာ တော်တော်ပြည့်စုံပြီဟုတောင် ထင်မိသည်။ နှစ်မျက်နှာတည်းသာရှိသော စာရွက်ကို အခါခါ အထပ်ထပ်ဖတ်ပြီး မီးရှို့ရချိန်မှာတော့ ကြိုးဆွဲချ အသတ်ခံလိုက်ရသလို ကျွန်တော် တော်တော် ခံစားရတော့၏။

× × ×

သည်လိုနှင့် တဖြည်းဖြည်း ဝတ္ထုလေးတွေ ကဗျာလေးတွေ



http://myanmarebooksfree.blogspot.com

ဖတ်လာရသည်။ တစ်ပတ်ဆယ်ရက်လောက်ကြာတော့ စာရွက်တွေ မီးမရှို့တော့ဘဲ ကျစ်နေအောင်လိပ်ပြီး မင်းကိုနိုင်ဆီသို့ ပို့ပေးလိုက်၏။ မနက်ဆန်ပြုတ်ဝေချိန်တိုင်း မင်းကိုနိုင်ဆီကို ကျွန်တော် စာပို့လေ့ရှိသည်။ တကယ်က ကျွန်တော် ဆန်ပြုတ်မသောက်။ ကြိုက်လည်း မကြိုက်။ စာပို့ချင်ရုံသက်သက်ဖြင့် ဆန်ပြုတ်ယူနေခြင်းပင်။ ထောင်ဝန်ထမ်းတွေက ထောင်အပြင်မှ စာရွက်ကိုသာ ထောင်ထဲသို့ သယ်လာဖို့ ကြောက်တာဖြစ်၏။ ထောင်ဝင်းထဲမှာတော့ သယ်ပို့ဖို့ သူတို့ ကူညီသည်။ တစ်ရက်မှာ ကျွန်တော်စမ်းသပ်မှုတစ်ခု လုပ်လိုက်သည်။ ဗိုလ်မှူးကြီးစံသာဆီသို့ ဝတ္ထုစာရွက်တစ်ရွက် ပို့ပေးလိုက်၏။ ဒါက အကြောင်းရှိသည်။ အိမ်လေးတွေထဲမှာ နေနေကြသည့် လူကြီးများ ထဲတွင် ဦးစံသာက ငေါ်လီ။ ခါးကိုင်းနေသော်လည်း အမြဲတမ်းပျော် ပျော်နေသည်။ ခဏခဏ သစ်ပင်ပေါ်တက်လို့ ထောင်ဝန်ထမ်းတွေ ကတောင် တောင်းပန်ထားရသူ။ ထောင်ဝင်စာ ဝင်ဝင်ထွက်ထွက် အမြဲ တမ်း ကျွန်တော့်အခန်းရှေ့မှာ ရပ်ပြီး နှုတ်ဆက်၏။ စကားခဏ ပြော၏။ ပြီးတော့ စားစရာတွေ ဟင်းတွေ မုန့်တွေ ပို့၏။ သူလည်း အပြင်နှင့် အဆက်အသွယ်ရထားကြောင်း ကျွန်တော်က တစ်စွန်းတစ်စ သိထားသည်။ ဟုတ်မဟုတ် မသေချာ။ ယခု ပို့လိုက်သော မဂ္ဂဇင်း စာရွက်လေးက အဖြေပေးလိမ့်မည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



နောက်တစ်နေ့မနက်မှာ ကျွန်တော့်ဆီသို့ ကော်ဖီထုပ် ၂ ထုပ် ရောက်လာသည်။ ဦးစံသာက ပေးခိုင်းလိုက်တာတဲ့။ ကျွန်တော် သဘောပေါက်သွားပြီ။ ဖောက်ကြည့်လိုက်တော့ News week လေးရွက်။ ပျော်လိုက်တာ။ ဖြစ်ချင်တော့ ကလင်တန်နှင့် အင်တာဗျူး။ ကျွန်တော်တို့ ထောင်ထဲရောက်နေတုန်း ဘီလ်ကလင်တန် သမ္မတဖြစ်လာတာဆိုတော့ သူ့ကို ကျွန်တော်မသိ။ ခု သူ့အပြောအဆိုကို လေ့လာပြီး သူ့ကို ခန့်မှန်းခွင့်ရပြီ။ လူလာလျှင် ပြဿနာတက်မှာစိုးလို့ အိမ်သာခုံပေါ် သွားထိုင်ဖတ်ရသည်။ စာဖတ်ရတာ ကျီးလန့်စာစား။ ချွတ်ခနဲ အသံကြားတာနှင့် ဂန်ဖလားနောက် ပစ်ပြီး ဖွက်နေရသည်။ ဘာပဲဖြစ်ဖြစ် ထောင်ထဲမှာ အင်္ဂလိပ်စာဖတ်ရတာ မဟာအခွင့်အရေးပင်။

အရေးထဲမှာမှ အရာက လာပေါ်ပြန်သည်။ ကျွန်တော့်ထံမှ မှတ်ဆိတ်ရိတ်ဓားကို ကိုသက်ခိုင်က တောင်း၏။ ကျွန်တော့် ဓားက အသွားနှစ်ထပ်ဓား။ သူ့ကို အသစ်တစ်ချောင်းပေးလိုက်သည်။ သူက ထိုဓားကိုခွဲပြီး ဓားသွားနှစ်ခုကို ထုတ်ယူလိုက်၏။ ပြီးမှထောင်ပိုင်တန်းစီချိန်မှာ သူ့လက်ကောက်ဝတ်ကို ဓားနှင့်လှီးပြီး တံခါးဝမှာ လှဲနေလေသည်။ ထောင်ပိုင် သူ့အခန်းရှေ့ရောက်တော့ ကိုသက်ခိုင်က တုံးလုံးပက်လက်။ ဝန်ထမ်းတွေ တံခါးဆွဲဖွင့်တော့ လက်မှာပေါင်မှာ ဓား



http://myanmarebooksfree.blogspot.com

ပြုတ်ရှထားလို့ သွေးတွေရဲရဲနီ။ သို့ဖြင့် ဆေးရုံအမြန်ပို့။ သူ့အခန်းထဲဝင်ရှာတော့ မှတ်ဆိတ်ရိတ်ဓားကို နှစ်ခြမ်းခွဲထားတာ သွားတွေ့သည်။ ကိုသက်နိုင်က ထောင်ဝင်စာတွေ့သူမရှိ။ သူ့မိသားစုက တရုတ်ပြည်မှာ။ ဒီဓားက ဘယ်ကရသလဲ။ ဝန်ထမ်းတွေကို တန်းစီမေးတော့ အားလုံးဘူးခံကြသည်။ ဘယ်သူကမှ မပြော။ ကိုသက်နိုင်ကို သွားမေးတော့လည်း သူက မသိဘူး။ ကြမ်းပေါ်ကျနေတာ တွေ့လို့ ကောက်ပြီးလုပ်လိုက်တာဟုဖြေသည်။ သည်မှာတင် ထောင်ပိုင်က အထူးဝင်းထဲက မှတ်ဆိတ်ရိတ်ဓားတွေ အကုန်သိမ်းခိုင်းတော့၏။

ကျွန်တော်က Newsweek နှင့် ငြိမ့်နေတော့အပြင်မှာဘာဖြစ်နေမှန်းမသိ။ ဖိနပ်သံတဂွပ်ဂွပ်နှင့် ကျွန်တော့် အခန်းဘက်လာသံကြားတော့မှ စာရွက်ကိုပစ်ချလိုက်ရသည်။ ချောင်းကြည့်တော့ဝန်ထမ်းဆယ်ယောက်လောက် ကျွန်တော့်အခန်းဆီ လာနေလေသည်။ ဟိုက်သွားပြီ။ ကွိုင်တော့တက်ပြီ။ မတတ်သာသည့်အဆုံး Newsweek စာရွက်တွေကို ဝါးစားပြီး မျိုချပစ်ရသည်။ ရုတ်တရက်သူတို့ဝင်လာလျှင် မသိသာအောင် တံခါးကိုကျောပေး ပြတင်းပေါက်ကနေ အပြင်ငေးသလိုလုပ်ပြီး စာရွက်ကို ဝါးပြီးမျိုချရခြင်းပင်။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ စာရွက်မစားဘူးခဲ့။ ပြီးတော့ မျိုရတော်တော်ခက်သည်။ ကျွန်တော့်မှာ မအီမလည်ဖြစ်နေတုန်း ထောင်မှူးက



http://myanmarebooksfree.blogspot.com

အခန်းဝလာရပ်ပြီး ''ကိုဇာဂနာ ခင်ဗျားမှာ မုတ်ဆိတ်ရိတ်ဓားရှိသလား'' ဆိုတော့ ကျွန်တော် ခေါင်းညိတ်ပြပြီး ''လက်နှစ်ချောင်းထောင်'' ကာ မုတ်ဆိတ် ရိတ်ဓားနှစ်ခုရှိသည်ဟု အမူအရာဖြင့် ဖြေလိုက်ရ၏။ အသံက မထွက် စာရွက်က လည်ချောင်းဝမှာ တစ်နေသည်။ သည် တော့ ပါးစပ်တလှုပ်လှုပ်။ ဒါကို ကိုယ်တော်ချောက ''အဲဒီဓားနှစ် ချောင်း ကျွန်တော့်ကိုပေး။ ခင်ဗျားကလည်း စကားတောင် ပြန်မပြော နိုင်ဘူးလား''တဲ့။

ကျွန်တော်လည်း ရှည်ရှည်ဝေးဝေးမေးမနေတော့ဘဲ ဓားနှစ် ချောင်း မြန်မြန်ထုတ်ပေးပြီး ဗလုံးဗထွေးနှင့်

''ဂုဏ်・・・တော်・・・အ・・・ဓိ・・・ဌာန်・・・ရွတ်နေလို့ အို့・・・အို့・・・ဗျ''

ဟု ဖြေလိုက်ရတော့သည်။ သူတို့ ထွက်သွားမှ စာရွက်ကို ရေနှင့် မျှောချရသည်။ ကျွန်တော်၏ အစာအိမ်ခမျာ အစာထူး အစာ ဆန်းဝင်လာပြီဟု မှတ်ထင်သွားပုံရသည်ထင့်။ အကျိတ်အနယ်အလုပ် လုပ်လေတော့ရာ ကျွန်တော့်မှာ တစ်ညလုံး ဗိုက်အောင့်နေပါတော့သည်။ မနက်ဝမ်းသွားတော့ သံယောဇဉ်က မပြတ်။ မိလ္လာထဲမှာ စက္ကူလေး တွေ ပါလိုပါငြား ရှာကြည့်မိသေး၏။ မတွေ့။

× × ×



http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



# ကျူရှင်ဆရာ

ကျွန်တော့်မှာ နာမည်မျိုးစုံရှိသည်။ လူခေါ်အများဆုံးက ဇာတ်ဆရာ။ ပထမတစ်ကြိမ် ထောင်ထဲရောက်တုန်းက သပ်ကြီး။ ခုတော့ ကျူရှင်ဆရာ ဖြစ်ရလေပြီ။ ထောက်လှမ်းရေးက သန်းလှိုင်မြင့်နှင့် ဝင်းဇော်တို့ သည်နှစ်ဆယ်တန်းဖြေကြ မည်။ သူတို့တပ်ထဲမှာ ဆယ်တန်းအောင်လျှင် ရာထူးတက်ကိန်းရှိ၏။ သည်တော့ သူတို့ ဆယ်တန်းအောင်ချင်ကြသည်။ ခက်တာက သူတို့ အင်္ဂလိပ်စာမတတ်၊ အခြေခံကလည်း မကောင်း။ ပိုဆိုးတာက စာနဲ့အဆက်ပြတ်ခြင်း။

သည်တော့ အင်္ဂလိပ်စာသင်ပေးမလားဟု မေးလာသည်။ ကျွန်တော် ဖိုးကျိုင်းတုတ်ဖြစ်သွား၏။ ဆရာလုပ်ရတာ ဝါသနာပါသော ကျွန်တော့်အဖို့ ဒါမျိုးက 'ခွေး ဘုရားပွဲ'တွေ့ခြင်းပင်။ ကျွန်တော် ဆယ်တန်းအောင်တုန်းက မူလတန်း ကျောင်းတစ်ကျောင်းမှာ လုပ်အားပေးဆရာ ဝင်လုပ်သည်။ ကျောင်းအုပ်ကြီးနှင့် လေးတန်း အတန်းပိုင်ဆရာမက လခထုတ် ရက်တစ်ရက်ပဲ ကျောင်းကိုလာသည်။ သည်တော့ ကျွန်တော်က လေးတန်းကလေးတွေကို ဘာသာစုံသင်ရ၏။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



တစ်ခါ သုံးတန်း ဆရာမက ကိုယ်ဝန်ရှိပြန်တော့ သုံးတန်းကိုပါ ကျွန်တော် သင်ရပြန်သည်။ နဂိုက နှစ်လသာ လုပ်အားပေး ဆရာလုပ်ရမည့် ကျွန်တော့်မှာ တစ်နှစ်လုံးလုံး ကျောင်းဆရာဖြစ်သွားရတော့၏။

တက္ကသိုလ်ရောက်ပြန်တော့လည်း အ,သုံးလုံးဆရာ လုပ်လိုက်သေးသည်။ ညီတွေ၊ ညီမတွေ သူတို့၏ သူငယ်ချင်းတွေကိုလည်း ဓာတု၊ ဇီဝ၊ အင်္ဂလိပ်စာ ဆရာလုပ်ခဲ့ရသေးသည်။ အိမ်ထောင်ကျပြန်တော့ ကျွန်တော့်မိန်းမနှင့် သူ့သူငယ်ချင်းတွေကိုပါ အင်္ဂလိပ်စာသင်ပေးခဲ့ရသည်။ ခုတော့ ထောင်ထဲမှာ သင်ပေးရဦးမည်။ ခက်နေတာက သူတို့တွေမှာ အခြေခံက မကောင်း။ verb to be တောင် မသိ။ Simple present tense မသိ။ ကျွန်တော် ဆယ်တန်းကျောင်းသားဘဝတုန်းက ဂုဏ်ထူး ဦးအောင်ခိုင်ဆီမှာ တပည့်ခံခဲ့ဖူး၏။ သည်တုန်းက လေ့ကျင့်ခန်းတွေ ပြန်သင်ပေးရ၏။ ဓာတုဗေဒမှာ ဗေလင်စီကိုတောင် သူတို့မသိကြ။ သည်တော့ ကဗျာလေးတွေနှင့် သင်ပေးရသည်။ ဆိုပါတော့၊ ဗေလင်စီ ONE ဆိုလျှင် –

“တစ်မှာ ဟိုက်ဒြို၊ ကလိုရင်းနှင့်
ဗရိုမင်းတို့ အိုင်လဲပါ
ပို၊ ဆို၊ မှတ်ကာ ငွေဆေးလ်ဗားနဲ့
မာကျူးကော့ပါး တစ်စားထဲပါ”လို့ ကျက်ခိုင်းရ၏။ ဗေလင်စီ

TWO ဆိုလျှင် –

“မောင်၊ မင်း၊ ဖင်၊ ဦး



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကို၊ နီ၊ ဖြူ၊

ဆာ၊ ကွယ်၊ လက်၊ ဖယ်ယူ''ဟု မှတ်ခိုင်းရသည်။ မောင်ဆိုတာ Mg(မဂ္ဂနီစီယမ်)၊ မင်းဆိုတာ Mn(မဂ္ဂနီး) စသဖြင့် အတိုကောက်လေးတွေ ရှင်းပြတော့ သူတို့ မှတ်မိလွယ်သည်။ အမှန်ကတော့ ကျွန်တော့်ဆရာ ဦးထွန်းခိုင်ဝင့်၏ကျေးဇူးတွေ ဖြစ်၏။ သူဒီလိုသင်ပေးခဲ့လို့ ကျွန်တော်ခုလို ဆရာလုပ်နိုင်တာ ဖြစ်၏။

× × ×

ကျွန်တော့်အခန်းရှေ့မှာ ညတိုင်း ကျူရှင်ရှိ၏။ ထောင်မှာ လူစာရင်း စစ်ရသည်။ အဆောင်တိုင်း တိုက်တိုင်းမှာ လူရေတွက်ရ၏။ စာရင်းကိုက်ပြီဆိုမှ ထောင်ပိတ်သံချောင်းခေါက်ရသည်။ ထိုအချိန်ကျမှ ဝန်ထမ်းတွေ ဂျူတီပြောင်းကြ၏။ အထဲကလူ အပြင်ထွက်၊ အပြင်က လူ အထဲဝင်။ ထိုအချိန်မျိုးမှာ ကျွန်တော့်ကျောင်းသားတွေ ရောက်လာကြသည်။ ကျွန်တော် ပေးလိုက်သော သင်ခန်းစာတွေ မှန်မမှန်လာပြကြ၏။ ကျွန်တော်က လေ့ကျင့်ခန်းအသစ်သင်မည်ဆိုလျှင် သူတို့ဆီက ဗလာစာအုပ်နှင့် ဘောပင်ကြိုတောင်းထားရသည်။ ကျွန်တော်စာသင်နေပုံကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ထားဖို့ကောင်းလှ၏။ ဝါကျင့်ကျင့်မီးလုံးအောက်မှာ သံတိုင်ထဲက အကျဉ်းသားတစ်ယောက်၊ ဝန်ထမ်းနှစ်ယောက်က သံတိုင်၏ အပြင်ဘက်မှာ ငုတ်တုတ်ထိုင်လျက်။ လူသွား စင်္ကြံပေါ် စာအုပ်ချပြီး စာသင်နေပုံဖြစ်သည်။ သူတို့နှစ်ယောက်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ထဲမှာ သန်းလှိုင်မြင့်က ပိုကြိုးစား၏။ သူက ဉာဏ် သိပ်မကောင်း၊ ဝီရိယကတော့ တော်တော်ကောင်း၏။ သူ့ဝီရိယအကောင်းလွန်ခြင်းကြောင့် ကျွန်တော့် ကျူရှင်ဆရာဘဝကနေ အလုပ်ပြုတ်ခဲ့ရတော့သည်။

သူ့ စာကျက်ပုံကိုလည်း ကြည့်ပါ။ 'နေက···နေက···အမြဲတမ်း ···ရှေ့ဘက်···ရှေ့ဘက်က···ထွက်တယ့် ဒါ···ထာဝရ···ထာဝရ···မှန်တယ်···အဲဒါကို···အဲဒါ ···ကို···ယူနီ···ယူနီ(ဖောင်း)''

ဖောင်းဆိုတာက သူ့ သူငယ်ချင်းရဲထွဋ်က ဝင်ဖြည့်တာဖြစ်သည်။

''ဟာ့ ယူနီဖောင်း ···မဟုတ်ပါဘူး။ ယူနီ ···ယူနီ ···ဟာ ···သွားပြီ''

''အစ်ကိုကြီး···အစ်ကိုကြီး···ယူနီ···ယူနီ···ဘာလဲ''

''ယူနီဖာဆယ်''

''အဲ ···ဟုတ်ပြီ၊ ယူနီဖာဆယ်ထရုသ်''

သို့ဖြင့် ယူနီဖာဆယ်ထရုသ်ကို တတွတ်တွတ်ရွတ်ပြီးထွက်သွားပြန်လေတော့၏။ သူစာကျက်တာက ထောင်လည်လမ်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီးကျက်တာဖြစ်သည်။ တစ်ခါတစ်ရံ အထူးဝင်းအဝင်တံခါးအဝ မီးတိုင်အောက်မှာ ကျက်လေ့ရှိ၏။ ဝင်းဖော်ကတော့ သူတို့ အိပ်ခန်းထဲမှာပဲ စာကျက်သည်။ ထောင်ယူနီဖောင်းဝတ်ထားသော်လည်း ထောင်ဝန်ထမ်းမဟုတ်သဖြင့် သူတို့တွေက



http://myanmarebooksfree.blogspot.com

ကင်းစောင့်စရာမလိုချေ။ ညဘက်ထောင်ပိတ်ပြီးပြီဆိုလျှင် သူတို့ အားလပ်ချိန်။ သွားချင်ရာသွား၊ သောက်ချင်ရာသောက်။ ဝင်းဖော်နှင့် သန်းလှိုင်မြင့်က ကျွန်တော့်ဆီမှာ စာလာသင်နေချိန်၊ ရဲထွဋ်ကတော့ ထောင်ရှေ့မှာ အရက်သွားသောက်၏။ သန်းညွန့်ကတော့ သီးသန့် ထောင်က သူတို့ဆရာတွေ၏ရုံးခန်းကိုသွားပြီး အစီရင်ခံလေ့ရှိသည်။

ပုံမှန်ကတော့ ညနေခြောက်နာရီကျော်လျှင် သူတို့နှစ်ယောက် ကျွန်တော့်အခန်းရှေ့သို့ ရောက်လာတတ်၏။ တစ်ရက်မှာတော့ သန်းလှိုင်မြင့်တစ်ယောက်ထဲသာ ရောက်လာလေသည်။ ဝင်းဖော်က ခွင့်။ ရဲထွဋ်က တပ်ရင်းပြန်။ သန်းညွန့်က အစီရင်ခံ။ ဒီတောင် သန်းလှိုင်မြင့်က ထောင်ဝန်ထမ်းတွေ ပိတ်ထားသည့် တံခါးတွေ၊ သော့ခလောက်တွေလိုက်စစ်ဆေးပြီး ကျွန်တော့်အခန်းရှေ့သို့ရောက် လာတော့၏။ ထုံးစံအတိုင်းဆိုလျှင် ကျွန်တော်တို့ အထူးဝင်းဝင်ပေါက် တံခါးကို ဖွင့်ထားမြဲ၊ တစ်နေကုန်ပိတ်ထားသော်လည်းညနေခြောက်နာရီမှ မနက်ထောင်ဖွင့်ချိန်ထိ ဖွင့်ထားလေ့ရှိသည်။ သည်နေ့ ညမှာ တာဝန် ကျထောင်ဝန်ထမ်းနှစ်ဦးရှိ၏။ သူတို့က အလှည့်ကျအဆောင်သွားပြီး ဈေးရောင်းလေ့ရှိသည်။ ဖြစ်ချင်တော့ ဝန်ထမ်းတစ်ဦးအဆောင်မှာ ဈေးသွားရောင်းနေတုန်း ဦးစံသာမိုက်အောင့်သည်။ သည်တော့ ကျန်ခဲ့သည့်ဝန်ထမ်းက မိန်းဂျေးရုံးခန်းသို့ သတင်းသွားပို့ရ၏။ သည်အချိန်မှာ သန်းလှိုင်မြင့်က စာကျက်ကောင်းတုန်း။ ကျွန်တော့် အခန်းရှေ့မှာ သူကျက်ထားသည့် မြန်မာစာ စာစီစာကုံးကိုအလွတ်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ရွတ်ပြနေတုန်း။ မိန်းဂျေး သတင်းသွားပို့သည့်ဝန်ထမ်းကို ဆေးရုံသို့ သတင်းဆက်ပို့ခိုင်းပြန်၏။ သည်တော့ ထိုဝန်ထမ်းက ဆေးရုံဆက်သွား ရသည်။ ဒါသည်ပင် ထောင်အုပ်ချုပ်ရေးယန္တရား၏ ညံ့ဖျင်းနှံချာမှုပင်။ အကယ်၍သာ မိုက်အောင့်သည့်လူနာသည် ရိုးရိုးမိုက်အောင့်တာမဟုတ် အူအတတ်ပေါက်တာမျိုးဆိုလျှင် သေဖို့သာရှိတော့ ၏။ သည်လိုနည်းနှင့် သေကုန်သည့်လူနာတွေလည်း မနည်း။ အကျဉ်းသားတွေကို တိရစ္ဆာန် လောက်တောင် တန်ဖိုးထား လေ့မရှိကြ။ တော်တော်ကြီး ရောဂါအခြေ အနေဆိုးတော့မှ ဆေးရုံသို့ပို့လေ့ရှိသည်။ ဦးညို့ဝင်း၊ ဆရာဦးသော်က ထိုတုန်းက ထောင်ဆေးရုံ၏ မျက်နှာလွှဲခဲပစ်မှုကြောင့်ဟု ကျွန်တော် တပ်အပ်ပြောရဲသည်။ မိန်းဂျေးတာဝန်ခံထောင်မှူးက အိမ်ပြန်သွားလို့ ဆေးရုံတာဝန်ကျဆရာဝန်ကြီး သတင်းပို့၊ တာဝန်ကျဆရာဝန်က ဆေးရုံအုပ်ကြီးဆီ သတင်းပို့၊ ဆေးရုံအုပ်နှင့် ထောင်ပိုင်က အရက်ဆိုင် ရောက်နေတော့ ခွင့်ပြုချက်မရ။ သည်တော့ အကျဉ်းသားသော့ကို ထုတ်ပေးရဲသူမရှိ။ ထိုသကောင့်သားကြီးများ မူးရူးပြန်လာမှ တံခါး သော့ဖွင့်ခွင့်ရချိန်မှာ ကျွန်တော်တို့ အကျဉ်းသားများ၏ ကျန်းမာရေးက တော်တော်ဆိုးရွားနေချေပြီ။

ခုလည်း ဦးစံသာ မိုက်အောင့်တာကို ဆေးရုံတာဝန်ကျ ဝန်ထမ်းဆီ သတင်းဆက်ပို့နေရလေ၏။ သန်းလှိုင်မြင့်က တော့မသိ စာရွတ်လို့ကောင်းနေတုန်း။ သည်အချိန်မှာ ဈေးသွားရောင်းနေသည့် ဝန်ထမ်းက ပြန်လာသည်။ တိုက်ဝင်းတံခါးကို ချက်ထိုးထားတော့



http://myanmarebooksfree.blogspot.com

ဘာများဖြစ်လို့ပါလဲဟု သူတွေးပြီး မိန်းဂျေးရုံးကို သွားမေး၏။ မိန်းဂျေး ရုံးက ဝန်ထမ်းကလည်း ပေါ့ပေါ့ဆဆပဲ 'မသိ'လို့ ဖြေလိုက်သည်။ ထိုအချိန်မှာ ညဘက်ကင်းစစ်သော တာဝန်ကျထောင်မှူးနှင့်အဖွဲ့က 'ချက်ဖွင့်'ပြီး တိုက်ဝင်းထဲဝင်လာသည်။ ဝန်ထမ်းနှစ်ယောက်ရှိရမည့် အစား တစ်ယောက်မှမရှိ။ တစ်ဝင်းလုံး ပတ်စစ်သည်။ ဝန်ထမ်းတွေ မတွေ့။ တစ်ခုခုတော့ ဖြစ်ချေပြီ။ ထိုထောင်မှူး ဘာမှမစဉ်းစားတော့ အချက်ပေးဝီစီကို ကောက်မှုတ်တော့လေသည်။ တစ်ထောင်လုံး ဝုန်းဒိုင်းကြဲ။ သန်းလှိုင်မြင့်လည်း ထိုအခါကျမှ ထပြေးလေတော့၏။

ဖာတ်ပေါင်းသော် တာဝန်ကျဝန်ထမ်းနှစ်ယောက်စလုံး မျှော် စင်ပေါ်တင်ပြီး တစ်လပိတ်ခံရ၏။ တစ်လတိတိ မျှော်စင်ပေါ်မှ အောက် မဆင်းရ။ ထမင်းကို ချိုင့်နှင့်လာပို့ပြီး ကြိုးဖြင့် ဆွဲတင်ရသည်။ သန်းလှိုင်မြင့်ခမျာ တပ်ရင်းပြန်ပို့ခံရ၏။ ဝင်းဇော်လည်း ကျွန်တော့်ဆီမှာ စာလာမသင်ရဲတော့ချေ။ ကျွန်တော်လည်း လခမရသော ကျူရှင်ဆရာ ဘဝမှ ကွင်းလုံးကျွတ် လွတ်သွားလေတော့သည်။

× × ×



http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

# အိမ်ပြန်ချိန်

ထောင်ထဲရောက်သူတိုင်း အိမ်သတိရရောဂါ ဖြစ်ကြသည်ချည်းသာ။ တချို့က အိပ်ရာထချိန်မှာ လွမ်း၊ တချို့က ညနေစောင်းမှာလွမ်း၊ တချို့က အိပ်ခါနီးလွမ်း၊ တချို့ကတော့ တစ်နေကုန် လွမ်း။ လွမ်းနည်းတွေက စုံသည်။ တစ်ယောက်တည်း ချောင်ထဲမှာ လွမ်းတတ်သလို၊ သီချင်းတွေ တစာစာရွတ်ပြီး လွမ်းတတ်ကြ၏။ တိုက်ဝင်းထဲမှာ လူစုံတော့ အလွမ်းစုံသည်။ ကဗျာလွမ်း၊ စာလွမ်း၊ သီချင်းလွမ်း၊ သတင်းလွမ်း အလွမ်းအဖုံဖုံ အဆန်းစုံလှပေ၏။

သည်ထဲကမှ ကျွန်တော်သဘောကျမိသော အလွမ်းတချို့ကို မှတ်တမ်းတင်လိုပါသည်။ တိုက်ဝင်းထဲမှာ တိုက် ၆ တိုက်ရှိသည်။ (၁) တိုက်က တန်းလျား။ (၂)တိုက်က ရင်ခွဲတိုက်။ တစ်ခန်းနှင့်တစ်ခန်း မျက်စောင်းထိုး၊ ဓားလွယ်ခုတ်။ သည်တော့ တစ်ယောက်ကဗျာရေးလျှင် နောက်တစ်ယောက် အလွယ်တကူသိနိုင်သည်။ ရွတ်ပြလိုက်ရုံသာ။

မြန်မာ စာအုပ်များ



တစ်ဆင့်ပြီးတစ်ဆင့် ရွက်ပြကြရင်း (၂)တိုက်မှ (၃)တိုက်၊ (၃)တိုက်မှ (၄)တိုက်အတို (၄)တိုက်အရှည် စသဖြင့် ပျံ့နှံ့သွားတော့၏။ သည်လိုနည်းဖြင့် တိုက်ဝင်းထဲမှာ ကဗျာတွေ၊ သီချင်းတွေ စီးဆင်းလေ့ရှိသည်။ ကျွန်တော်တို့ အထူးဝင်းထဲကိုတော့ သူတို့ဆီက သီချင်းတွေ၊ ကဗျာတွေရောက်လေ့မရှိကြ။ ညဘက် သူတို့ဆို သံသဲ့သဲ့မျှသာ ကြားရ၏။ သို့သော် စစ်ကြောရေးအတွက် တိုက်ဝင်းထဲက တစ်ယောက်တစ်ယောက် ကျွန်တော်တို့ အထူးဝင်းထဲရောက်လာခဲ့လျှင်တော့ သူတို့၏ သီချင်းတွေ၊ ကဗျာတွေ ပါပါလာတတ်သည်။ ထိုအထဲကမှ ကိုခွန်ဆိုင်း၏ ရွှေကျောင်းထက်က ခေါင်းလောင်းသံသီချင်းလေးကို ကျွန်တော် တမ်းတမ်းတတ အမြဲသတိရနေလေ့ရှိသည်။ တစ်နေ့တစ်ခါက် အနည်းဆုံးရွတ်မိသည်။ ထောင်တွင်းဖြစ် ကျွန်တော့် တူရိယာနှင့်တီးပြီး ဂီတ သင်္ကေတပင် ရေးသားလိုက်သေး၏။

### ရွှေကျောင်းထက်က ခေါင်းလောင်းသံ

A ရွှေကျောင်းထက်က ခေါင်းလောင်းသံလေး

ကြေကွဲစရာပေ။

ကျည်ခွံတွေ ပရဝဏ်အနှံ့မှာလေ

ကံ့ကော်၊ စွယ်တော်လေးတွေ ကြွေလွင့်ခဲ့တာ မြင်ရဲ့လားလေ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



မျက်ရည် မျက်ရည် ပြောပြလိုက်ဦး သစ်ပုပ်ပင်ကြီးရေ။
ရွှေကျောင်းထက်က ခေါင်းလောင်းသံလေး
ကြေကွဲစရာပေ။
ကျည်ခွံတွေ ပရဝဏ်အနှံ့မှာလေ
အဖိုးတန် ကြယ်ပွင့်လေးတွေ ကြွေလွင့်ခဲ့တာ မြင်ရဲ့လားလေ
သွေးတွေ သွေးတွေ ဒို့မြို့တော်ကြီးသိတဲ့ မှတ်တမ်းပေ။ ॥

B ရောင်နီကို ကြိုဆို/ရှာဖွေရမယ်လေ
တို့ဝေးသွားခဲ့ မင့်အားပေးအပြုံး မြင်မိတယ်လေ
တိတ်တဆိတ်အလွမ်းတွေ
ဒို့အိပ်မက်ထဲ မင်းရဲ့ပုံရိပ်တွေ
သမိုင်းတစ်ခေတ်ရဲ့ မှန်တိုင်းပန်းတစ်ပွင့်
မောင့်နှင်းဆီရေ
(တိုင်းပြည်/ဒို့ပြည်)သာယာရေးအတွက်
ပျော်တဲ့အရပ်မှာ မနေနိုင်ဘူးလေ
[(အိုးဝေ)၂ အကျဉ်းကျနေတဲ့ မင်းရဲ့သူငယ်ချင်းတွေ/
တွေးကြည့်ဦးလေ
အဝေးရောက်နေတဲ့ ဒို့ရဲ့သူငယ်ချင်းတွေ]
ကျည်ခွံကို အရည်ကြိုပြောင်းမယ်လေ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



တို့သွန်းလောင်းမဲ့ အနာဂတ်ခေါင်းလောင်း

ချိုမြသံဝေ

ချိုးဖြူလေးတွေ မင်းရောက်လာမှ ဒို့နှစ်ယောက်အတူတကွ

ပျော်ကြမယ်လေ။ ။

တစ်နေ့ အနုပညာတွေ လွတ်လွတ်လပ်လပ် ဖန်တီးခွင့်ရပြီဆိုလျှင် သည်သီချင်းကို ပြည်သူတွေဆီ အရောက်ပို့ပေးမည်ဟု ကျွန်တော် ပိုင်းဖြတ်ထားလိုက်သည်။ သည်နေရာမှာ ''မင်းကိုနိုင်၏ စည်ပျောသံဝေ''ကိုလည်း မှတ်တမ်းတင်ချင်ပါသည်။ ငြိမ်းချမ်းမှုနှင့် စိမ်းလန်းမှုကို လိုလားသော ကဗျာဆရာကျောင်းသားခေါင်းဆောင်တစ်ဦး၏ ရင်ခုန်သံသည် အနာဂတ်အတွက် ပြတင်းတံခါးတစ်ချပ် ဖြစ်နေလေသည်။

## စည်ပျောသံဝေ

စည်ပျောသံဝေ

ကိန်းခမ်းနဲ့ ငြိမ်းချမ်းတဲ့ စိမ်းလန်းတဲ့ တို့မြန်မာပြည်။

ဝေဖြိုးသာစေ

စိမ်းလဲ့လဲ့ တိမ်းငဲ့ငဲ့ ယိမ်းနွဲ့နွဲ့ စပါးပင်ပျိုတွေ။

မြေအောက် ရေအောက် သယံဇာတတွေ



http://myanmarebooksfree.blogspot.com

တိုင်းပြည် ဂုဏ်ဝင့်တိုးမြှင့်ကျက်သရေ
တက်နေရောင်လင်း ဖျက်ရွှေအမှောင်ခွင်း
ခိုင်မာခြင်း ညီညာခြင်း မြန်မာဆိုတဲ့ မှုရင်းအဓိပ္ပာယ်
အမြဲပေါ်လွင်စေ။
မဲမှောင်မိုးရိပ်တွေ လွင့်စင်စေ
အာဃာတတရား အငြိုးများပျောက်ကွယ်စေ
ချိုးဖြူငှက်ရဲ့သီချင်းများ သာယာစေ
ခိုင်မာခြင်း ညီညာခြင်း မြန်မာဆိုတဲ့ မှုရင်းအဓိပ္ပာယ်
အမြဲပေါ်လွင်စေ။

သည်လို သီချင်းတွေ ထောင်အုတ်ရိုးတွေထဲမှာ ဟိုသည် လူးလာ ပြေးနေတော့၏။ ညဦးပိုင်းမှာ သံပြိုင်ဆိုသံတွေ ညံနေသည်။ ထောင်အကျဉ်းခန်းနံရံမှာ အောင်ဒင်က ကဗျာတစ်ပုဒ်ရေးခဲ့သည်။ သို့သော် ထောင်ဝန်ထမ်းတွေ မကြာခဏ ထုံးလာလာသုတ်သဖြင့် ကဗျာစာသားတွေက မသဲကွဲတော့။ နောက်ဆုံးတစ်ပိုဒ်သာ မြင်မြင်ထင်ထင်ရှိ၏။

''ပါဝင်ခွင့် မရတဲ့လောကကို
သတိရယုံမျှသာ
ဒုတ္တ''ဟု ရေးထိုးထားခဲ့သည်။ သည်စာတမ်းကလေးကို



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ခဏခဏဖတ်ရင်း ကျွန်တော် သီချင်းတစ်ပုဒ်ရေးမိသည်။ သည်သီချင်းကို ဦးဝင်းထိန်ကရော uncle lucky ကပါ နိမိတ်ကောင်းသည်ဟုဆိုကာ သဘောကျကြ၏။ သီချင်း၏အမည်က 'အိမ်ပြန်ချိန်'။

(အိမ်ပြန်ချိန်)၂ ခွန်းဆင့်ခေါ်
ငှက်ကလေးတွေ အိပ်တန်းဝင်။
ခဲသားဖျော့ဖျော့ မိုးကောင်းကင်
တောင်စွယ်နေကွယ် ငှံ့လျှိုးပြီး
(အိမ်ပြန်ချိန်)၂ ခွန်းဆင့်ခေါ်
ငှက်ကလေးတွေ အိပ်တန်းဝင်။
လူသံ သူသံ ဆူညံ ပူညံ
အော်သံတွေ ကြားရပြန်
ခွဲခွာသံလား နှုတ်ဆက်သံလား
ခွဲခြားမရသေးချိန်
အရှိန်ပြင်းပြင်းနဲ့ လေယာဉ်ကြီးတစ်စင်းဟာ
မီးခိုးတန်းနဲ့ အရုပ်ရေးနေ
(အိမ်ပြန်ချိန်)၂ ခွန်းဆင့်ခေါ်
ငှက်ကလေးတွေ အိပ်တန်းဝင်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



အခိုးအငွေ့တို့အလည်မှာ မျောလွင့်လို့နေကာ

ဝေးခဲ့တဲ့တစ်နေရာ တွေးတောရင်းအဖြေရှာ

ပါဝင်ခွင့်မရတဲ့လောကကို သတိရယုံမျှသာ

(အိမ်ပြန်ချိန်)၂ ခွန်းဆင့်ခေါ်

ငှက်ကလေးတွေ အိပ်တန်းဝင်။ ။

တိုက်ဆိုင်တာလားတော့ မပြောတတ်ချေ။ 'အိမ်ပြန်ချိန်' သီချင်းနှင့် မရေးမနှောင်းမှာပင် 'အိမ်ပြန်ရတော့မလို' အခြေအနေတစ်ခု ဖြစ်ပေါ်လာခဲ့တော့၏။

× × ×



http://myanmarebooksfree.blogspot.com



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



## မိန်ရာသီ

သူနဲ့သာတူညီဖူးလိုက်ချင်ငဲ့ ဦးခိုက်ချင်ပါရဲ့လို့ သဲပုံစေတီ''

ကိုအံ့ကြီး ညဆိုတော့ သည်ညတစ်ညလုံး ကိုအံ့ကြီး၏ သီချင်းတွေပဲ ဆိုရသည်။ အမှန်ကတော့ ဦးကိုယု စသွားခဲ့သောဓလေ့ ဖြစ်၏။ ဒီနေ့ည ကိုစောညိန်းတွေပဲဆိုမည်ဟု သတ်မှတ်လိုက်လျှင် ကိုစောညိန်း၏ ချစ်ပြုံးနှင်းဆီ နွေနှောင်းဝသန် စသဖြင့် ရသလောက် တစ်လှည့်စီဆိုရသည်။ အရိုင်းရှိတုန်းက တော်သေး၏။ သူကလည်း သီချင်းတော်တော်များများရလေတော့ ဝင်ဝင်ဟဲသည်။ ခုတော့ ကျွန်တော်နှင့် မင်းကိုနိုင် တစ်ယောက်တစ်လှည့် တာဝန်ယူရ၏။ ယနေ့ည ကိုအံ့ကြီး စပါယ်ရှယ်ဆိုပြန်တော့ ကျွန်တော့်မှာ တူရိယာ လုလင်က စလို့ ကျေးရွာဝါဒထိ ဟစ်ရတော့သည်။ သည်ကြားထဲ ဦးဝင်းထိန်က မိန်ရာသီဆိုပါဆိုလို့ ဆိုပြရပြန်သည်။ ဟုတ်တော့ ဟုတ် သား။ အချိန်ကိုက တပေါင်းလ။ မိန်ရာသီနှင့် အံကျ။ လွမ်းချင်သူတွေ အတွက် ကွက်တိ။

ချဲစကားနှင့်ဆိုလျှင် သည်လသည် Calendar အကျမှန်ရမည်။



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ဆိုလိုသည်က အပြောင်းအလဲအခါအယမ်း များသည်။ တွက်နည်း အမှန်အတိုင်း ဆင်းလျှင် ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားများထဲမှ လွတ်ကြပေဦးမည်။ တပ်မတော်နေ့နီးတိုင်း ဒီလိုအဖြစ်မျိုးက ကြုံနေကြ။ သည်တော့ မိန်ရာသီကို မျှော်လေ့ရှိသည်မှာမဆန်း။

× × ×

ဖော်မြူလာကတော့ ဝင်လေပြီ။ ခွင်က အမှန်ကျလာ၏။ မတ်လ ၂၃ ရက်နေ့မှာ ကျွန်တော်ရယ် မင်းကိုနိုင် ရယ် ကိုကိုနိုင်ရယ် ထောင်ပိုင်ရုံးက လာခေါ်သည်။ တကယ်တော့ ထောင်ပိုင်က ခေါ်တာ မဟုတ်။ ထောက်လှမ်းရေးက ဗိုလ်မှူးကြီးတစ်ယောက်က ခေါ်ခိုင်းတာ ဖြစ်သည်။ သူ့နာမည်ကို သူမပြော။ ကျွန်တော် မှတ်မိနေသည်က သူ့မေးစေ့ဖြစ်၏။ မေးစေ့ကို ပွတ်ပွတ်ပြီး စကားပြောလေ့ရှိသဖြင့် သူ့မေးစေ့ကို သတိပြုမိတာဖြစ်၏။ သူ့မေးစေ့မှာ မှဲ့တစ်ခုရှိသည်။

တပ်မတော်အကြောင်း န•ဝ•တ အစိုးရ၏ ရည်ရွယ်ချက် စသည်ဖြင့် စသည်ဖြင့်တွေ ထုံးစံအတိုင်း 'လွှတ်' နေပါတော့၏။ ကျွန်တော်တို့လည်း သောက်ရခဲသော လက်ဖက်ရည်ကို ငုံရင်း အပျင်းပြေ နားထောင်နေရသည်။ သူပြောချင်တာ ပြောပြီးသွားတော့ ဓာတ်ပုံ ရိုက်ပြီး ပြန်သွားလေ၏။

ထိုနေ့ညနေပိုင်းမှာ ကျွန်တော့်ကို အမှုအစမှမဆုံးပြန်ပြီး မေးမြန်းစစ်ဆေးပြန်သည်။ ဒီသဘာဝ ဒီအထာကို ပထမတစ်ကြိမ်ထဲက ကျွန်တော် သဘောပေါက်ပြီးသားပင်။ သည်တော့လည်း အေးအေး



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ဆေးဆေးပဲ ကိုယ့်အမှုအကြောင်း ကိုယ်ရေးမည်ဟု ခွင့်တောင်းကာ စစ်ကြောရေးရုံးခန်းထဲမှာ ထိုင်ရေးနေတော့သည်။ အမှန်ကတော့ ရေးချင်လို့ ရေးနေတာမဟုတ်။ TV ကြည့်ချင်လို့ ဖြစ်သည်။ ကျွန်တော် TV မတွေ့ဘူးတာ လေးနှစ်ကျော်ပြီ။ အခု ဒီအခန်းအဝမှာ TV ကို တွေ့နေရ၏။ စာရေးလိုက် TV ကြည့်လိုက် TV ထဲက ကြော်ငြာကြည့်လိုက်ဖြင့် အကြိုက်တွေ့နေတော့သည်။

ကျွန်တော့်ကို စစ်ကြောရန် တာဝန်ကျသော ထောက်လှမ်းရေး အရာရှိလည်း အိပ်မောကျနေပြီ။ TV လည်း အစီအစဉ်ပြီးပြီဆိုတော့မှ ကျွန်တော် ရေးတာတွေကို အဆုံးသတ်လိုက်ရသည်။ တာဝန်ကျရဲဘော်ကို အကြောင်းကြားလိုက်တော့ သူ့အရာရှိကို သူ နှိုးပြီး သတင်းပို့၏။ ထိုအရာရှိက ကျွန်တော်ရေးထားတာတွေကို ဖတ်ပြီး ကျေးဇူးတင်ကြောင်းနှင့် ကျွန်တော့်ကို ပြန်ပို့ပေးရန် သူ့ဝန်ထမ်းကို မှာလေသည်။

တစ်ထောင်လုံး မှောင်မှောင်မည်းမည်း။ လမ်းမီးကလည်း မှုန်မွှားမွှား။ ဆယ်ခန်းတွဲကို ကြည့်လိုက်တော့ လှဲသူလှဲ ထိုင်သူထိုင်။ တစ်ယောက်မှ အိပ်ကြသေးပုံမပေါ်။ ရာသီကလည်း ပူသည်မဟုတ်လော။ အတွင်းဘက် အိမ်ကလေးတွေလည်း မှိန်ဖျော့ဖျော့။ သည်မြင်ကွင်းကို ကျွန်တော် မမေ့။ ပန်းချီဆွဲတတ်လျှင် ချဆွဲထားချင်သည်။ သို့သော် စိတ်ထဲမှာတော့ ဓာတ်ပုံရိုက်ထားလိုက်ပြီ။ တစ်နေ့တစ်ချိန် အခွင့်အရေးရခဲ့လျှင် ဒီလိုမြင်ကွင်းမျိုး ဆက်တင်ဆောက်ပြီး ရုပ်ရှင်ရိုက်ချင်ပါသေးသည်။

× × ×



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



မတ်လ ၂၅ ရက်နေ့မနက်မှာတော့ ကျွန်တော့်အခန်းဆီကို ဗိုလ်ကြီးစိုးအုံ့ဆိုသူ ရောက်လာပြီး အရပ်ဝတ်လဲဖို့ လာပြောသည်။ သူက စကားနည်းသည်။ နားလည်းလေးပုံရသည်။ မေးခွန်းတစ်ခုကို လေးခါလောက်မေးရ၏။ သူ ဖြေချင်ပုံမရတော့ ကျွန်တော် ဆက်မမေး။ ကျွန်တော် စောင်တွေ စားစရာထည့်သည့် ဘူးတွေ ယူခဲ့ရမလား ဆိုတော့ထားခဲ့ပါတဲ့။ ဘာလဲဟ။ ဒါဆို ဘာလုပ်ဖို့ ဘယ်သွားဖို့ ခေါ်တာလဲဆိုတော့ သူမကြား။ ဒီတော့လည်း ပုဆိုးဂွင်းလုံပုံ အဝတ်ိုင်းထားခဲ့ပြီး သူ့နောက်လိုက်သွားရသည်။

အထူးဝင်းတံခါးဝမှာ မာဇဒါဂျစ်ကားတစ်စင်း ရပ်ထားသည်။ ရှေ့ခန်းမှာ ထိုင်ဖို့ သူကပြောတော့ ကျွန်တော် တက်ထိုင်လိုက်၏။ သည်လိုနှင့် ထောင်ဘူးဝက ကားထွက်လာသည်အထိ သူဘာမှမပြော။ ကျွန်တော်က ဘယ်သွားမှာလဲဟု ဆက်တိုက်မေးတော့မှ ထောက်လှမ်းရေး (၆) ဟု ပြောသည်။ ကျွန်တော်လည်း ဆက်မမေးချင်တော့။

ထောက်လှမ်းရေး (၆) တပ်ဝင်းထဲဝင်ပြီးပြီးချင်း ညာဘက်ချိုးလိုက်တော့ အရာရှိရိပ်သာ။ ဗိုလ်မှူး စန်းပွင့် ထွက်လာပြီး "ကိုရင့်ကို အုံ့အားသင့်အောင်လုပ်လိုက်တာ၊ ကိုရင့်အိမ်က သိတောင်မသိသေးဘူး" ဟု ဆိုတော့မှ လွှတ်တာဟု သိလိုက်ရသည်။ စောစောက နားမကြားသည့် ဗိုလ်ကြီးကတော့ လစ်လေပြီ။

ဗိုလ်မှူးစန်းပွင့်က သူ့အိမ်ရှေ့ညှော်ခန်းမှာ လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။ သူ့အိမ်ရှေ့မှာ ပိတောက်ပင်မှာ ပိတောက်ပွင့်တွေ ဝါလို့ ထိန်လို့၊ ညက မိုးရွာလို့ ပိတောက်တွေ ပွင့်တာဟု ဆိုသည်။ ကျွန်တော့်



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



ကို အိမ်ပြန်ပို့ပေးဖို့ ကားရောက်လာတော့ သူက ရဲဘော်တစ်ယောက်ကို ပိတောက်တွေ ခူးခိုင်းသည်။ ပြီးတော့ ပိတောက်ပန်းတပွေ့တပိုက်နှင့် ကျွန်တော့်ကို ဓာတ်ပုံရိုက်ကြ၏။

ဓာတ်ပုံထဲတွင် ကတုံးနှင့် ပိတောက် ဘယ်ပုံပေါက်နေသလဲဟု ကျွန်တော် တအားသိချင်နေလေသည်။

× × ×

ကျွန်တော်တို့ အိမ်ပြန်ရောက်ချိန်မှာ ဇနီးမယားသမီးသားတို့ မရှိကြ။ ကျွန်တော့်အိမ်သူက မိုလ်ချုပ်ဈေးမှာ အလုပ်လုပ်နေသည်။ ကျွန်တော် အိမ်ပြန်ရောက်လာမှာကို သူကြိုမသိခဲ့။ ကျွန်တော့်သားကြီးက ကျောင်းသွားတက်နေပြီ။ သူက ပထမတန်း။ သမီးလေးကိုတော့ မူကြိုကျောင်းမှာ ထားသည်ဆို၏။ သူ့အမေ ဈေးကအပြန် ကလေးကို ဝင်ခေါ်လာပေမည်။ ကျွန်တော့် မိဘနှစ်ပါးဆီသို့လည်း သွားရမည်။ ထောက်လှမ်းရေးတွေက ကျွန်တော့်ကို ယောက်ခမအိမ်မှာ ချခဲ့တာဖြစ်၏။ သည်တော့ အငှားကားတစ်စင်းနှင့် ဖေဖေမေမေတို့ရှိရာ ရန်ကင်းကိုရောက်ခဲ့ရသည်။ ကျွန်နော့်ဖေဖေက နှာတရှုတ်ရှုတ်။ မေမေကတော့ ကျွန်တော့်အတွက် ထမင်းဟင်း ထချက်သည်။ ကျွန်တော့်အမ ကျွန်တော့်တူမတို့ပါ ရောက်လာကြတော့ စကားဝိုင်းက စိုပြေလာ၏။ အိမ်နီးချင်းတွေကလည်း အုံလာသည်။ တစ်ချို့ကတော့ ခပ်လှမ်းလှမ်းမှသာ အကဲခတ်နေကြ၏။ မကြာပါ။ ကျွန်တော့် မိန်းမ ကျွန်တော့်သမီးနှင့် အရိုင်းတို့ရောက်လာသည်။ အရိုင်းက ကျွန်တော်



http://myanmarebooksfree.blogspot.com

လွတ်လာကြောင်း ကျွန်တော့်မိန်းမကို သွားပြောပြီးခေါ်လာတာဖြစ်၏။ သမီးလေးကိုပါ ကြိုလာကြသည်။ သမီးကို တွေ့လိုက်ရတော့ ကျွန်တော့် ရင်ထဲလှပ်ကနဲ။ ကျွန်တော့်မေမေ ကျွန်တော့်ကိုမြင်သလိုမျိုး ခံစားလိုက်ရဟန်တူသည်။ သမီးကတော့ ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်နေ၏။

အဲဒါ မီးမီးရဲ့ ဖေဖေကြီးလေး သွား အဘွားပေးလိုက်

ကျွန်တော့်မိန်းမက သမီးလေးကို ကျွန်တော့်ဆီ တွန်းပို့ပေးသည်။ ကလေးက ရှေ့မတိုးလာ။ သမီးလေးမျက်နှာမှာ ကတုံးပြောင်ပြောင်နှင့် လူစိမ်းတစ်ယောက်လို့ ထင်ပေမည်။ ကျွန်တော် ထောင်ထဲရောက်ချိန်တုန်းက သမီးလေးသည် သူ့အမေရဲ့ဗိုက်ထဲမှာ။ ကျွန်တော် ထောင်ကျသက်လေးလအကြာမှာ သမီးကိုမွေးသည်။ သားကို မွေးတုန်းက မြတ်ကောင်းလို့ ဗမာဆန်ဆန် နာမည်ပေးခဲ့၏။ သမီးလေးကိုလည်း ဗမာဆန်ဆန် နာမည်မှည့်ချင်သည်။ ထောင်ထဲကနေ အမှတ်တရပေးသော နာမည်လည်း ဖြစ်ချင်သည်။ သူ့အဖိုးပေးသော နာမည်ကို ကျွန်တော်လက်မခံခဲ့။ ကျွန်တော် ထောင်ထဲက ပေးသော နာမည်ကိုပဲပေးရမည်ဟု ငြင်းဆန်ခဲ့သည်။ သူ့အဖိုးက ဇာတာတွက်ပြီး ကလေးက တနင်္လာသမီး၊ သောကြာဥစ်၊ ကြသပတေးကသစ်၊ သည်တော့ အဖွားနှစ်ယောက်လုံးနာမည်ပါအောင် ကြည်မြတ်သွယ်ဟုပေး၏။ လိုက်ဖက်ပါသည်။ ခု သမီးလေးကိုတွေ့တော့ သမီးက သေးသွယ်သွယ်။ ထောင်ဝင်စာကို သမီးလေးခေါ်မလာတော့ ကျွန်တော့်မှာ သမီးကို တွေ့ခွင့်မရခဲ့။ ခုမှ တွေ့ရခြင်းပင်။ ကျွန်တော်တို့ အမျိုးထဲမှာ



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



သမီးမိန်းကလေး မရှိ။ ကျွန်တော့်မိဖနှစ်ပါး၏ မျိုးဆက်ထဲမှာ တစ်ဦးတည်းသော သမီးလေး။ ညီမမရှိလို့ ညီမချစ်တတ်သော ကျွန်တော်၊ သမီးလေးတစ်ယောက် လိုချင်ခဲ့မိသောကျွန်တော်၊ ခု ကျွန်တော့်မျက်လုံးကို အမွေရထားသော သမီးလေး။ ကျွန်တော့်သမီးလေးကို တွေ့နေရပါပြီ။ သို့သော် ခေါ်မရ။

သွားလေ မီးမီး ဖေကြီးဆီကို

သူ့အဖွားက သမီးလေးကို ကျွန်တော့်ဆီ တွန်းပို့သည်။ ကျွန်တော် လက်နှစ်ဖက်ဖြန့်ပြီး ကမ်းလင့်လိုက်သည်။ သမီးလေးက ဆတ်ကနဲ နောက်ပြန်ဆုတ်ပြီး အရိုင်းဆီပြေးဖက်သည်။ ပြီးတော့ အရိုင်းမျက်နှာမော့ကြည့်ပြီး ကျွန်တော့်သမီးလေးက ခေါ်လိုက်သည်။

ဖေကြီး..... တဲ့။

ကမ်းလင့်ထားသော ကျွန်တော့်လက်တွေ ပြေလျော့လျော့။ စကားဝိုင်းတစ်ခုလုံး ငြိမ်သွားသည်။ အားလုံးက ကျွန်တော့်မျက်နှာကို ဝိုင်းကြည့်နေ၏။ ကျွန်တော်ပြုံးလိုက်ပြီးမှ

ခုတော့ မင်း ခဏ အဖေ လုပ်လိုက်ပါဦးကွာ

ဟု ပြောလိုက်ရသည်။ စိတ်ထဲမှာတော့သမီးလေး ကျွန်တော့်ကို ဖေဖေလို့ ခေါ်နိုင်ဦးမလားလို့ မယုံမရဲဖြစ်နေဆဲ။

× × ×



http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ



http://myanmarebooksfree.blogspot.com

# ကျေးဇူးစကား

ကျွန်တော် ထောင်ထဲမှာ ရှိနေစဉ်က ကျွန်တော်တို့ ရေးသမျှ စာ၊ ကဗျာ၊ ဝတ္ထု၊ သီချင်း၊ ဇာတ်ညွှန်းများကို အိမ်တိုင်ရာရောက်ပို့ပေး ခဲ့ကြသော မိတ်ဆွေကြီးနှစ်ယောက်ကို အထူးကျေးဇူးတင်ပါသည်။

မင်းကိုနိုင် ရေးခဲ့သော မမပြုံး ပြုံးစမ်းပါဝတ္ထုကို ကျွန်တော် ရေးသည့်ဇာတ်ညွှန်းအား ဒါရိုက်တာမောင်ပြည့်ဝ(ပန်းဝေသီ) ရိုက်ကူး ပြီး ဒွေး၊ ထွန်းအိန္ဒြာဗိုတို့ သရုပ်ဆောင်ခဲ့ကြပါသည်။ မင်းကိုနိုင်၏ ဇာတ်လမ်းကို ကျွန်တော် ဇာတ်ညွှန်းရေးပြီး မောင်တင်ဦး ဖန်တီးသည့် ဓမ္မာသောက ဇာတ်ကားမှာ ကိုကိုလင်းမောင်၊ ရွှေယမင်းဦးတို့ ပါဝင် သရုပ်ဆောင်ခဲ့ကြပါသည်။ ကျွန်တော်၏ဇာတ်လမ်း ဇာတ်ညွှန်းများဖြစ် သည့် သူမသာ ကိုယ်မသာ၊ အမျိုးကို ချစ်ပါ၊ လက်စွဲတော်၊ မင်္ဂလာ ရယ်မှ မဏ္ဍိုင် စသည့်ဇာတ်ကားများလည်း အောင်မြင်စွာရိုက်ကူးနိုင် ခဲ့ပါသည်။

ထိုသို့ ရိုက်ကူးနိုင်ရန်အတွက် အထက်ကမိတ်ဆွေကြီးနှစ်ဦး၏ အကူအညီမပါလျှင် မအောင်မြင်နိုင်ပါ။ မည်သို့ဆိုစေ 'အမှောင်တွေ ကြားထဲမှ အလင်း'တစ်ပွင့် 'ဖိအားတွေအောက်က အလှတရား' ဆိုသည်မှာ အလကားရလာသည် မဟုတ်။ ဘဝနှင့်ရင်းပြီးမှ ရခဲ့ခြင်း ဖြစ်သည်။

အရင်းများလျှင် အမြတ်လည်း များသင့်ပါသည်။


ဇာဂနာ



ဒုတိယ • တာဂနာ

http://myanmarebooksfree.blogspot.com

မြန်မာ စာအုပ်များ




http://myanmarebooksfree.blogspot.com